ဇေယသင်္ခယာ-အမတ်

စီရင်ရေးသားအပ်သော

ရွှေဘုံနိဒါန်း

ငွဲစာပေတိုက်ဖြန့်

ဆရာဘုံ နိဒါန်း

ဇွဲ-စာပေရိပ်မြုံ
၁၉၅, ၃၃ လမ်း၊ရန်ကုန်မြို့။

ခေတ်လူ ပုံနှိပ်လုပ်ငန်းတိုက်
၄၅ မြောင်းကြီးလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

အထူးနိဒါန်း

ဤရွှေဘုံနိဒါန်း၏အမည်ရင်းကို ပါဠိဘာသာအားဖြင့် "သုဝဏ္ဏဝိမာနနိဒါန" ဟုကျမ်းပြုဆရာက မှည့်ခေါ်ခဲ့ရင်းဖြစ်ကြောင်းကို ဤကျမ်းနိဂုံးပါစကားအရ ကောင်းစွာသိရပေ၏၊ တဖန်အဆိုပါ ပါဠိအမည်ကိုပင် မြန်မာဘာသာပြန်ကာ၊ "ရွှေဘုံနိဒါန်း" ဟုကျမ်းပြုဆရာ ကိုယ်တိုင် ကျမ်းဦးနိဒါန်း၌ သုံးနှုန်းထားပြန်သည်ကိုတွေ့ရပေသည်။ ထို့ကြောင့်နောက်လူတို့ကလည်း "သုဝဏ္ဏဝိမာနနိဒါန" ဟုခေါ်ဝေါ်လေ့ မရှိကြတော့ဘဲ၊ လွယ်ရာသို့ လိုက်၍ "ရွှေဘုံနိဒါန်း" ဟုသာ အခေါ်များခဲ့ကြလေတော့သည်။ (သုဝဏ္ဏ–ရွှေ+ဝိမာန–ဗိမာန–ဗိမာန်–ဘုံ+နိဒါန–နိဒါန်း)

ယခုအခါထိုကျမ်းကို မြဝတီမင်းကြီး ဦးစ ရေးသည်ဟုအနှံ့အပြားရေးမှား ပြောမှားပြုလျက်ရှိသည်ကို တွေ့ရကြားရပေသည်။ စင်စစ်ကားထိုကျမ်းသည်မြဝတီဝန်ကြီး ဦးစ ရေးသားခဲ့သည့်ကျမ်း မဟုတ်ချေ။

ကုန်းဘောင်မင်း–၁၁ဆက်တို့တွင် ခြောက်ဆက်မြောက်ဖြစ်သော (ဘိုးတော်ဘုရား ဟုထင်ရှားသည့်) ဗဒုံမင်းတရားကြီး (၁၁၄၃–၁၁၈၁)၏ လက်ထက်တော်၌ အိမ်ရှေ့မင်း၏ အတွင်းဝန်ဖြစ်သောပညာရှိကြီးသည် ထိုရွှေဘုံနိဒါန်းကျမ်းကို ရေးသားခဲ့ခြင်းဖြစ်ကြောင်း ဝေါဟာရလိနတ္ထနှင့် ကဝိလက္ခဏာဒီပနီကျမ်းများအရ အသေအချာသိရပေသည်။

အထူးနိဒါန်း

ဘိုးတော်ဘုရားလက်ထက်၌ အိမ်ရှေ့မင်းနှစ်ဆက်ရှိလေသည်။ (ပထမ အိမ်ရှေ့မင်းမှာ) ဗဒုံမင်းတရားကြီး၏ သားတော်ကြီး ရွှေတောင်မင်းဖြစ်လေသည်။ ထိုမင်းသားသည် ၁၁၄၅-ခုနှစ်တွင်အိမ်ရှေ့ရာထူးကိုစတင်ရရှိတော်မူခဲ့လေသည်။

"သိရိမဟာဓမ္မာဘိဓေယျသီဟသူရ" တံဆိပ်နာမံတော်ရှိသောထိုရွှေတောင်မင်းသည် ၁၁၇၀ ပြည့်တွင် ကံတော်ကုန်လေလျှင်၊ ထိုရွှေတောင်မင်း၏သားတော်စစ်ကိုင်းမင်းသားကိုယ် ၁၁၇၀ပြည့်တွင်ပင် ဗဒုံမင်းတရားကြီးက အိမ်ရှေ့မင်း ရာထူးပေးသနားတော်မူလေသည်။ ထို့ကြောင့် ဤနေရာ၌ ရွှေဘုံနိဒါန်းကိုရေးသည့် အိမ်ရှေ့မင်း၏အတွင်းဝန်ဟုဆိုရာတွင် အဘယ်အိမ်ရှေ့မင်း၏ အတွင်းဝန်ဖြစ်မည်ကိုစူးစမ်းရန်လိုပြန်ပေသည်။

ရွှေဘုံနိဒါန်းကို ကောဇာ ၁၁၄၅-ခု တပေါင်းလဆန်း ၂-ရက်နေ့တွင် ရေးသားပြီးစီးသည်ဟု ထိုကျမ်း နိဂုံး၌ အသေအချာပြမှာချက်အရ၊ ဒုတိယမြောက်အိမ်ရှေ့မင်း၏ (ဝါ-စစ်ကိုင်းမင်းသား၏) အတွင်းဝန် ရေးသားခြင်း မဟုတ်ကြောင်းကို ပိုင်ပိုင်ကြီး သိရလေတော့သည်။ အဘယ့်ကြောင့်ဆိုသော် ၁၁၄၅-ခုတွင် စစ်ကိုင်းမင်းသားသည် အိမ်ရှေ့မင်း မဖြစ်သေးသောကြောင့်ပေတည်း။

ဗဒုံမင်းလက်ထက် ပထမအိမ်ရှေ့မင်း၏ အတွင်းဝန်ဆိုသူမှာ ဝေါဟာရလိနတ္ထဒီပနီ, ကဝိလက္ခဏာဒီပနီနှင့် ရွှေဘုံနိဒါန်းပါဠိစကားအချို့ကို ထောက်ထား၍ ၁၁၀၅-ခုဖွား

အထူး နိဒါန်း

ဖြစ်ကြောင်း၊ ရတနာပူရ အင်းဝ)မြို့တောင်ဘက် တံတား ဦးရှိ ဇာတိဖြစ်ကြောင်း၊ ဇေယျသင်္ခယာ ဘွဲ့မည်ခံ ဖြစ်ကြောင်း စသည်တို့ကို သာသိရပေမည်။ ရာဇဝင်တော်ကြီးများ၌ ရွှေတောင်မင်းအိမ်ရှေ့ရာထူးကိုစ တင်ရရှိသည့် ၁၁၄၅-ခုနှစ်ပင် နေမျိုးကျော်ထင်နှင့်ရွှေတောင် နော်ရထာတို့အား အိမ်ရှေ့အတွင်းဝန်ခန့်ကြောင်းပါလေသည်။

၁၁၄၆ ခု၊ ခေညဝတ်သို့အိမ်ရှေ့(ရွှေတောင်မင်း)ချီတက်ရာတွင် အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယျသူကို စစ်ကဲခန့်တော်မူ၏ ဟုပါလေသည်။

၁၁၅၄ ခုထားဝယ်သို့အိမ်ရှေ့မင်းချီရာတွင်လည်းအိမ်ရှေ့အတွင်းဝန် နေမျိုးဇေယျစည်သူနှင့် သံဆင့်တို့မှာ အတွင်းမြို့ကိုယ်ရံ ၄၀-၅၀ တို့ကို နှိုးဆော်စီရင်ကာ လိုက်ရသည် ဟုပြဆိုလေသည်။

၎င်းပြဆိုချက်တို့တွင် ဇေယျသင်္ခယာ ဘွဲ့မည်မပါခဲ့ချေ။ ထို့ကြောင့် လူတဦးတည်းဘွင် ဘွဲ့အဆင့်ဆင့်ပြောင်းလေသလော၊သို့မဟုတ်ဘွဲ့မပြောင်းဘဲ၊ လူအဆင့်ဆင့်ပြောင်းလေသလော၊ ဟုစဉ်းစားဘွယ် ဖြစ်ရပြန်လေသည်။

အချုပ်အားဖြင့် ရွှေဘုံနိဒါန်းကို ဗဒုံမင်းတြား လက်ထက် အိမ်ရှေ့အတွင်းဝန်မင်း ရေးသားခြင်း ဖြစ်ကြောင်းကို သံတော်ဆင့်မင်းဦးချိန်၏ ဝေါဟာရ လီနတ္ထ ဒီပနီနှင့် နိုင်ငံခြား ဝန်ထောက်တော်မင်း ဦးဖြိုး၏ ကဝိလက္ခဏာ ဒီပနီကျမ်းများအရ အလွန်ပင်ခိုင်ခိုင်လုံလုံ သိမှတ်သင့်ပေသည်။ ။{ကောက်နုတ်ချက်များကို အောက်တွင် ဖေါ်ပြ

လိုက်ပါသည်။}

......အမရပူရမြို့တည် ဘိုးတော်မင်းတြားကြီး လက်ထက် အိမ်ရှေ့အတွင်းဝန် ဓေယျသင်္ခယာဘွဲ့ခံ အမိုးစီရင်သည့် ရွှေဘုံနိဒါန်းစာစောင်မှာ......

[ဝေါဟာရ လိနတ္ထဒီပနီ-စာချက်နှာ ၂၃၀ မှ]

......အမရပူရပထမမြို့တည် နန်းတည်မင်းတြားကြီးလက်ထက်၊ အိမ်ရှေ့အတွင်းဝန် ရတနာပူရမြို့တောင် တံတားဦးရွာဇာတိ ၁၁၀၅-ခုဖွားဓေယျသင်္ခယာခံအမိုးစီရင်သည့်ရွှေဘုံနိဒါန်းစာစောင်မှာ

[ကဝိလက္ခဏာဒီပနီ သုဓမ္မဝတီပုံနှိပ်တိုက် စာမျက်နှာ ၁၃၀ မှ]

မှတ်ချက်။ ။အထက်ပါနှစ်ကျမ်းလုံးတို့၌ အမိုးဟုသုံးနှုန်းထားကြရာ၊ အမိုးအယွယ်ဖြစ်၍ **သုံးနှုန်း** ကြလေသလော၊ အမည့်ရင်းဖြစ်လေသလော၊ ကျမ်းဆရာနှစ်ဦးလုံး၏အမိုးပင်တော်စပ်လေသလော၊ဟုမကွဲပြားပေ။နှစ်ကျမ်းလုံးကအမိုးဟုသုံးသည်ကို ထောက်ပါက၊ အမိုးတော်စပ်ကြဟန်မရှိဟုထင်မှတ်ရပေသည်။ (မှတ်သားထားသူတို့ရှိကြလျှင် ဖေါ်ပြတော်မူကြပါ။)

\+ + + +

ထိုရွှေဘုံနိဒါန်း၌ အကိုးအကားများကို ပြဆိုရာ၌ မည်သည့်ကျမ်း (မည်သည့်ပုဂ္ဂိုလ်,မည်သည့်လင်္ကာ) စသည့်ဖြင့် ထုတ်ဖေါ်ပြသလေ့ရှိသည်ကို မတွေ့ရချေ။ ရင်းမှာ (၁) နှုတ်တိုက်ရပြီး စာများကို အမြန် ကိုးကား ရေးသားလိုက်ခြင်း ဖြစ်သောကြောင့်၊ အကိုးကျမ်း အမည်

မှား၍ မသွားမိစေရန် မဖော်ပြခြင်းဖြစ်မည် တူလေသည်၊ (၂) တနည်းအားဖြင့် အခြားသူများသည် စာပိုဒ်ကို ဖော်ပြလျှင်၊ မည်သည့် ကျမ်းကလာသည်ဟူ၍ မိမိကဲ့သို့ များစွာ သိလိမ့်မည် မဟုတ်ကြောင်းကို သတိမပြုမိသောကြောင့် ဖြစ်မည် တူလေသည်။

ရွှေဘုံနိဒါန်း၌ ဝေါဟာရများ, အကြောင်းအရာများနှင့် ပတ်သက်၍ ကျမ်းဆရာ၏ကြံလုံးဖန်လုံး (ဝါ-ကိုယ်ပိုင်ကြံစည်ယူဆချက်) များစွာပါသည်ကို တွေ့ရလေသည်။

ရင်းပြင် ရာဇပလ္လင်တွင် ဆင်ရုပ် အပြည့်ခံခြင်း အကြောင်းကိုပြရာ၌—

(၁) ဟောင်းသာဟောင်း၍မကောင်းသည့်အရာ လည်းရှိသည်။

(၂) ဟောင်းလည်း ဟောင်း၍ ကောင်းလည်း ကောင်းသည့် အရာလည်းရှိသည်။

(၃) သစ်ကားသစ်၏။ မဖြစ်ရသည့်အရာလည်းရှိ၏။

(၄) သစ်လည်းသစ်၍ ဖြစ်လည်းဖြစ်ရသောအရာ လည်းရှိသည်။

စသည်ဖြင့်ရေးသားဖော်ပြပုံများကို ကြည့်ရခြင်းအား ဖြင့် ထိုပုဂ္ဂိုလ်ကြီးသဘာဝတ္ထုဉာဏ်ကို မချီးကျူးဘဲ မနေ နိုင်အောင် ဖြစ်ရပေသည်။

ဝဏ္ဏကျော်ထင်-ဆရာမာယ
အယ်ဒီတာချုပ်။ သာသနာ့ရောင်ခြည်စာစောင်
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကမ္ဘာ့ ၁၉-ရန်ကုန်။

★ နိဒါန်း ★

တိုင်းကြီးပြည်ကြီး၊ ဘိုးဆောင်းနန်းနေ၊ ပဒေသရာဇ်၊ ဧကရာဇ်မင်းတို့၏ ဦးညွှတ်ရာ ရွှေပြည်ရွှေနန်း၌ အသုံးအဆောင် အခေါ်အဝေါ်များသည် ရှည်ကြာ၍ တိမ်မြုပ်သည့် အရာများလည်းရှိသည်။ ရှည်လျား၍ စကားရွေ့သည့် အရာလည်းရှိသည်။ ရှည်လည်းရှည်လျား၍ မကြံမစည်မထင်မရှားသည့် အရာလည်းရှိသည်။ မရှည်မလျားသော်သည်းတိမ်မြုပ်၍၊ မကြံမစည် မရေးမသား၊ မထားသည့် အရာလည်း ရှိသည်များကို ဇမ္ဗူနဒရွှေ၊ သိင်္ဂီရွှေ၊ စာမီကရရွှေ၊ ဟိရညကရွှေ၊ အညမုတ္တရွှေ၊ နာလာရီရွှေ၊ နာလိမုတ္တရွှေ၊ အစရှိသောရွှေတို့ကိုရွှေကိုရွှေချင်း ရောနှောစပ်လျှင် အခြားမထင်သကဲ့သို့၊ ကျမ်းဂန်ဗေဒင်,ဝတ္ထုပုံပြင်, ရာဇဝင်,စကားဟောင်း, အကြောင်းသင့်ရာ စပ်လျဉ်း၍၊ ရာဇဌာနီ မင်းနေပြည်ကြီး၌ အတွင်းမှ ပြင်မှ ရွှေထီးရွှေနန်း အစဉ်သုံးဆောင်ရာသုံးဆောင်ကြောင်းဖြစ်သော အခြင်းအရာများသည် အတိုင်းတိုင်း, အနိုင်နိုင်ငံ, အပြည်ပြည်, အနန်းနန်း, အမင်းမင်းတို့၏ အရှင်ဖြစ်တော်မူ၍၊ အမရပုရ ရွှေပြည်ရွှေနန်း တည်ထောင်သိမ်းမြန်း စံပယ်တော်မူသော အာဒိစ္စဝံသ နေမင်း၏ အနွယ် ဖြစ်တော်မူသော အသျှင် ဘဝရှင်မင်းတရားကြီးဘုရား လက်ထက်တော်၌ ပြည့်စုံထင်ရှားကြောင်းကို သက်သေ သာဓက မူလနိမိတ်ညွှန်ပြလျက် မှတ်သားသိလွယ် စိမ့်သောငှါ၊ ရတနာသုံးပါးကို ထိပ်ထားလက်တင် ပန်ဆင်ပြီး၍၊ အနန္တမုတ္တာ, ရတနာပုလဲကို စီကုံးသကဲ့သို့ လဗိမာန်စက်ဝန်း၌ ယှဉ်ရုပ်အရေးသည် ကမ္ဘာပတ်လုံးတည်သည်နှင့်အညီ၊ ရွှေဘုံနိဒါန်းအခ

မည့်ရှိသောစကားစုကို ရေးသားထားပေအံ့။

မြင်းမိုရ်ရတနာ။ တောင်မျက်နှာဝယ်။ နီလာ မြညွန့်။
ဇမ္ဗူကျွန်းထက်။ ဘုန်းကွန့်ဖြာပြေး။ မဏ္ဍလေးဟု။ မျှမွေး
နှုတ်ရိပ်။ ရွှေတောင်ထိပ်ဦး။ တံဆိပ်ပုံလှ။ ခတ်ကာပြသို့။
အမရပုရာ။ သိင်္ဂါနန်းတည်။ ထွတ်ဘုန်းစည်ဟု။ လူ့ပြည်
နတ်ရပ်။ ဝေ ချာသံစပ်မျှ။ ယိုးယပ်ကြာဝတ်။ အထွတ်ပတ္တ
မြား။ဆဲ့တပါးတွင်။ရွှေသားချွံ့ဝင်း။ မင်းခမ်း ဘျင်းလျှက်။
မင်းမင့်း သခင်။ သိုက်ဝင်စဉ်ဆက်။ ရွှေလက်ထက်ဝယ်
ရွှေစက်တော်ပေါ်။ခစားအနိုး။ဆောင်ရွက်ကြီးက။ မြှောက်
ချီးနေရာ။လိမ္မာမင်းမှု။ ရွေးချယ်ရှု၍။ ဝန်စုဝင်နမ်း။သိမ်းမြန်း
သနား။ စဉ်လျှားအရှည်။ သုံးရမည်ဟု။ ဘုန်းစည်ခေါင်
ချုပ်။ ကျွန်ုပ်သခင်။ ရွှေဥာဏ်ဆင်လျှက်။ ဥကင်ရိပ်ဝှဲ။ ဘိ
သိက်ပွဲ [illegible]င်။ ရဲရဲညီမျှ။ ဇေယာသဉ်ယာ။ ဝင်းဝါရောင်လျှပ်။
ရွှေဘွဲ့တပ်သား။ပညာပ်ဘွင်မည်။ ကျွန်ုပ်သည်လျှင်။ ရွှေပြည်
ဘျယ်ဝင်း။ အဆင်းပြင်မှု။ နှစ်စုတို့ဘွင်။ မထင်မပေါ်။ခေါ်
ဝေါ်ရှည်လျှား။စကားမဘျန်။ ထုံးစံမမှီး။ မယူသီး၍။ ပြည်
ကြီး ဘိုင်းခွင်။ နှစ်များဖြင်အောင်။ သို့စင်တာရှည်။ ရှိလေ
သည့်ဘုံ။ အပြည်ပြည်ထောင်။မင်းကုန်အောင်၏။ အခေါင်
သင်း ဘုစ်။မှန်ကူဖြစ်သား။ ငကြေရာဇ ပ်ပေါ်။ လက်ထက်
တော်၌။မြင်မြော်စုပေါင်း။ပြည့်စုံကြောင်းနှင့်။ ဓေးဟောင်း
အမည်။သမုတ်သည့်ကို။နားလည်သိသာ။ ဝေါဟာခေါ်သုံး
ရွှေနန်းထုံးဘို။ စီကုံးရေးသား။ မှတ်ဘွယ်ထားအံ့။ မပြား
ပုံညွှန်း။ကြည်းချေပန်းတိ။ ထူးဆန်းလှိုင်ကြူ။ မဏ်ဂူဝယ်။
မဉ္ဇူရတနာ။ ပဒေသာသို့။ အရာလုံးခြုံ။ မင်းသုံးစုံသည်။ရွှေ
ဘုံနိဒါန်း စာစောင်တည်း။

ရွှေဘုံနိဒါန်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

(၁) ဘုံငါးဆင့်ရှိသောပြာသာဒ်။ ဘုံခုနစ်ဆင့်ရှိသောပြာသာဒ်။ ဘုံကိုးဆင့်ရှိသောပြာသာဒ်ကို၊ ရမ္မ၊ သုဘ၊ သုရမ္မဟူ၍။ ပြာသာဒ်သုံးဆောင်ရှိသော အကြောင်းမှာ ကျမ်းဂန် ထင်ရှား လာသောကြောင့် သိသာရသည်။ ပါသာဒ သဒ္ဒါသည် ရှုဖွယ် ကြည်ညိုဖွယ်ကိုဆိုသည်။ မဇ္ဈိမဒေသ ရာဇဂြှာနှ် မင်းနေပြည်၌ ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်ဘွင်တတိယဘုံ၌အပေါက်ဘောက်သည်။ ထိုအပေါက်ကို သိကြားပေါက် ခေါ်ဝေါ်သည်။ မင်းဘုန်းပေါက်လည်းခေါ်ဝေါ်သည်။ သိကြားပေါက် မင်းဘုန်းပေါက် ခေါ်ဝေါ်ကြောင်းမှာ ရသော့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ပရမေသုရာ၊ မဟာဗိန္နဲ၊ လူမင်း၊ သူမြတ်ခုနစ်ပါးတို့ စောင်မ၍၊ သရေခေတ္တရာပြည် တည်သည့်ကာလ၊ သိကြား ပန်းလည်တိုင်ပြုသည်။ နဂါးကို စက်ကြိုးအမှတ်လှည့်သည်။ ဂဠုန်အာနုဘော်ကြောင့် နဂါးသုံးရစ်တွန့်သည်။ မြှုလည်းသုံးချက်တွန့်ရှိသည်။ သိကြား ပန်းလည်တိုင်ပြု၍ စက်လည်သည့် အရော[illegible]င် ဘုရားတည်သည်။ ထိုဘုရားကိုစက်ရာဘုရားဟူ၍ ယခုတိုင်ရှိသည်။ ။သည်ကိုရည်၍၊ မေရုဗဟိုရ်၊ မြင်းမိုရ်ဦးကိုင်၊ ပန်းလည်တိုင်ကို

ကြံ့ခိုင်စွာနိုး၊ ပွတ်ကောင်းကြိုးဟု၊ ရေမျိုးဇာတိ၊ မဟိန္ဒ ဖြင့်၊ တရိဝကော်၊ သုံးရစ်ပေါ်မှ၊ ဟူ၍ရင်း၊ ဘိုးဦး ဩဝဒ္ဒ၊ တံဆိပ်ပြည့်လွန်၊ ငါလွန်မြင့်ကြာ၊ ဌာရာနှစ်စေ့၊ ဘုန်းဟော့ခု နှစ်ပါး၊ တည့်ထားရသေ့၊ ဟူ၍ရင်း၊ မြင်ဟန်မျက်စိ၊ တထောင်ရှိသား၊ မြင့်ဘိဦးခေါင်း၊ ထောင်လည်းကောင်း တည့်၊ ခေါ်သောင်းမည်ပင်၊ ထောင်နေစင်တိ၊ ကိုယ်ပင် လက်ခြေ၊ နှစ်ထောင်နေနှင့်၊ ပရမေသုရာ၊ ဘန်ဆင်းလာ၍ သိဂ်ါဘုံမြင့်၊ ဥကင်ဘွင့်သား၊ ဆိုသည်အကြောင်း၊ စန္ဒပရ မိသွာ၊ မဟာဗိန္ဒု၊ ကျော်သဲဝန်းလည်၊ ညီညာတည်သည်၊ ရွှေပြည့်ခေတ္တ၊ ယူ၍စပ်ဆိုလေသည်။ ပြာသာဒ်ဆောင် တွင် ရှစ်မျက်နှာထောက်ခံသည်ကိုလည်း ကတံခေါ်ဝေါ် သည်။ ပညာရှိတို့စပ်ဆိုသည်လည်း။ ။လက်ပင့်မြှောက် ၍၊ အထောက်ကတံ၊ ရှစ်ချက်ရံသည်၊ ဘုံစံသာထွေ၊ ရိပ် ရဝေက၊ ဟူ၍စပ်ဆိုလေသည်။ ပြာသာဒ်ဘုံခုနစ်ဆင့်အ နက် တတိယဘုံ တွင် မြှောက်မျက်နှာကအနောက်သို့ယွန်း ၍ အပေါက်ဘော်သည်မှာ သိကြားနေရာမြင်းမိုရ်တောင် သည် ဇမ္ဗူဒီပါကျွန်းမြှောက်ဖြစ်၍။ သိကြားစောင်မမည့် လာသည်ကာလ၊ ဘုန်းငွေလွှတ်ရာအပေါက်ကို သိကြား အပေါက်ဘောက်သည်ဆိုသည်။ သိကြားနေရာဘောက် သည်ကိုအကြောင်းပြု၍။ ထိုအပေါက်ကို သိကြားပေါက် ခေါ်ဝေါ်သည်။ မင်း၏ဘုန်းငွေလွှတ်ရာ အပေါက်ဖြစ်၍ လည်းမင်းဘုန်းပေါက်ခေါ်ဝေါ်သည်။ အကြောင်းနှစ်ချက် ကိုထောက်လျှင်။ မြနန်းပြာသာဒ်တော်သည် မင်္ဂလာကြီး

ပွဲသဘင်ကြီး ,မင်းတို့ထွက်စံရာ အရပ်ဖြစ်၍၊ အရှေ့နှာယောင်ခန်းတွင် မာရဘင်ကန့်သည်။ တကြောင်းလည်း ပြာသာဒ်ဆောင်အလယ်မာရဘင်ကန့်၍၊ ပြာသာဒ်ထိပ်းနှင့် တည့်တည့် မှန်တုပ်ချိန်ပြီးလျှင်၊ ရာဇပလ္လင် ဥကင်တည်ထားသည်လည်း ဆိုသည်။ သို့ဖြစ်၍ မာရဘင်ဥကင် အတွင်းနေအောင် မင်းဘုန်းပေါက်သည် အနောက်သို့ယွန်း၍ထားသည်ဆိုသည်။

(၂) သီဟာ။ ဘမရာ။ ဟံသာ။ အစရှိသော ရာဇပလ္လင်ရှစ်မျိုး လုပ်ငိုးရှိသည်တွင် တပါးသော ရန်မာန်တို့သည် မအောင်နိုင်သောကြောင့်၊ ဘုရားသခင်နေတော်မူသည့်ပလ္လင်ကို အပရာဇိတပလ္လင်ဆိုသည်။ နတ်တို့နေရာပလ္လင်ဖြစ်၍ ဒိဗ္ဗပလ္လင်ဆိုသည်။ မင်းတို့နေရာပလ္လင်ဖြစ်၍ ရာဇပလ္လင်ဆိုသည်။ ပလ္လင်ခံခြင်း အနက်ကိုဟောသည်။ ဥက္ကံ သသဒ္ဒါသည် မြတ်သောအနက်ကို သမ္ဗန်သည်ဖြစ်၍ ဥကင်ဆိုသည်။

(၃) ရာဇပလ္လှင် ဥကင်မှတ်တွတ်အထက် ရင်တုဗိမာန်တွင် သိကြားချပ်နှင့် မှန်တိုင်ထားသည်မှာ။ သာသနာတော်ကိုစောင့်ထိန်း၍၊မကောင်းသသူကိုမကောင်းလျောက်။ ကောင်းသသူကိုကောင်းလျောက်။ ချီးမြှောက်နှိမ့်ချခြင်း၌ မှန်ကန်တော်တည့်ဖြောင့်မတ်စွာအကျွန်ုပ်ကဲ့သို့ ပြုတော်မူ။ အမှတ်ပေးခြင်းငှါ။မဟာရာဇ၊ မြတ်သော မင်းကြီး။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ နဂရံ ပြည်ကို။ သမ္ပာလယ၊ ကောင်းစွာစောင့်ရှောက်နိဗ္ဗ မ

ဘော်မှုလော့၊ မယှံ၊ အကျွန်ုပ်၏။ နလာဋ်၊ နဖူးပြင်၌၊
သုဝဏ္ဏဥဇုဒဏ္ဍံ။ ရွှေမှန်တိုင်ကို။ ပဿထ။ ရှုတော်မူလော့
ဟူ၍ ဆုံးမပေးခြင်း နိမိတ်ပြုသောကြောင့်။ တုရင်ဗိမာန်
တွင်သိကြွားချပ်၏ နဖူးနှင့်အမျှ ရွှေကမှန်တိုင်စိုက်ထား
လေသည်။ ကုသိနာရုံ၌သဗ္ဗညုဘုရားသခင်အား သာ
သနာတော်ကိုသိကြွားနတ်စောင့်ထိန်းလို၍လျှောက်ချက်
အတိုင်းအပ်တော်မူသည်ဖြစ်၍။ ရေးစာဟောင်းများတွင်
ရှင်တော်ပွဲဝယ်။ လွန်ကဲကြီးစည်။ လျှောက်ဘူးသည်နှင့်။
ကျင့်ရည်တခြား။ မိုးသိကြွားသည်။ စကားမညီမရှိသော
ဟူ၍ရင်း။ ကောင်းချီးပေးတင့်။ နတ်ဘုန်းမြင့်လည်း။
ငါနှင့်တူရည်။ ဖြစ်ပြီးသည်ကို လူ့ပြည်ချပ်မှာ။ သာသနာ
လျှင်။ ရောင်ဝါရွှန်းရွှန်း၊ လနှယ်ဆန်းလိမ့် ဟူ၍ရင်း။
ထင်ရှားသာသနာ, ယခုခါဝယ်, သမ္မာနတ်မွန်, စောင့်သည်
မှန်မှု ဟူ၍ရင်း။ ဘုန်းလျှံကုသိန်, စံပယ်ချိန်ဝယ်, မုနိန်ဗျာ
ဒိတ်, မိန့်နိမိတ်ကြောင့်, ဒေဝိဿရာ, တေဇာပထင်, မြင်း
မိုရ်ရှင်သျှင်, လူ့ခွင်မျှော်ကြည့်, စောင့်ဆောင်ပြည့်ဟု
ဟူ၍ရင်းစပ်ဆိုလေသည်။ သာသနာတော်ကို သိကြွား
စောင့်မသည်ကို ရည်၍။ နေ့ ရက် လ နှစ် စွဲမှတ်သည့်
အရာများတွင် သက္ကရာဇ ဟူ၍ ရေးသားလေသည်။ သက္က
ရာဇာပင်ဖြစ်သည်။

(၄) တုရင်ဝမ်းတွင် နဝရတ်ကိုးပါး နှံ့ထားသည်
မှာ ပုလဲ, သန္တာ, နီလာ, စိန်, ကြောင်, ဂေါမိတ်, ဥဿဖ
ယား, ပတ္တမြား, မြ, ဘျောံကိုးပါးသည် ဘေးအန္တရာယ်

ကိုပယ်စေတတ်သည်။ နဝရတ်ကိုးပါးကို ချီးမွမ်းလိုသည်ဖြစ်၍ ပေဒင်ကျမ်းဟိတကာရီလင်္ကာဘွင်။ပတ္တမြား စိန်ခဲ။ပုလဲသန္တာ။ ဂေါ်မိတ်ဖြာသား။ နီလာကြောင်ဟုတ်။ ဥဿဖယား။ မြကိုးပါးဘွင်။ ပတ္တမြားလယ်ချက်ဟူ၍ရင်း။ တနည်းလည်း။ သန္တာဒိတျ။ စန္ဒကားစိန်,မူးချိန်ပြည့်ခဲ။ ပုလဲဘောမ်။ဗုဒ္ဓကြောင်မှာ။ သောရာဂေါ်မိတ်, လျှံဘိတ် တောက်ပ, ဂုရုမြနှင့်, ဥဿဖယား, ရာဟုထားမှ,ထူးခြားရောင်ဝါ, နီလာသောကြ, ထွန်းပချက်ဗွေလျှံဝေပတ္တမြား,ထွတ်ဖျားကေတု,မှန်ကင်းပြု၍ဟူ၍ရင်း နဝရတ်ကျောက် အကျိုးကိုလည်း ကြီးထွေရောဂါ,ဖျားနာကင်းဝေး, ရန်ဘေးမလာ, တရာသက်လွန်, နေရမှန်သည်။ ကျမ်းဂန် ၌သို့ လာသတည်း ဟူ၍ စပ်ဆိုလေသည်။ မဏိ ဇောတိရသ်ကျော်မြတ်ရတနာသည် လိုရာဆန္ဒကို ပြည့်စုံစေနိုင်သည်။ ဣစ္ဆိတံ ပတ္ထိတံ တုယှံ။ ခိပ္ပမေဝ။သမိဇ္ဈတု။သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ မဏိဇောတိရသောယထာ။ ယံယံဝရံပတ္ထေတွာန။ ပုညံပရိပူရေန္တု။ ကျမ်းဂန်ရှိသည်ကိုထောက်၍သိရာသည်။

(၅) ရာဇပလ္လင်အောက်ခုံဘွင် ကေသရာခြင်္သေ့ရုပ်ထားသည်မှာ ပဏ္ဍု ၊ကာဠ၊တိဏ ခြင်္သေ့သုံးမျိုးထက်တန်ခိုးအာနုဘော်ကြီး၍။ အရပ် ကိုးမျက်နှာကိုမြူးတူးခုန်လွှား ကြုံးဝါးလျက်။ ရန်ကို နှိမ်နင်းနိုင်သည့် နိမိတ်ကိုထောက်၍။ ထုလုပ်ထားလေသည် ကေသရာခြင်္သေ့မင်း ကြုံးဝါးခြင်းသန့်မြန်ခြင်းကိုလည်း။ ရှေးပညာရှိတို့

စပ်ဆိုသည့်မှာ ရတနာဂူ နန်းမဥ္ဇူက ထွက်ပြူ ကွန့်ထူး သံဂှင်ဘျူး၍ ငှင်မြူးထွေးသာ ပျော်ရာရာ၌ ဘယ်ညာ ကြွားကြွား ကြိုးသံလွှားသော် နွားလားတ႒နှ် လျှင် သန့်မြန်၏ ဟူ၍ရင်း၊ တိုင်းမှန်သန်တောင် ထောင်လည်း မကာ ကောင်းကင်ဝသို့ ခုန်ထမြောက်စွာ ဟူ၍ရင်း၊ မြေ ညီမှာမူ လေးရာတာထောက် စွန်းစွန်းရောက်လျက် ဟူ ၍ရင်း၊ ကုန်းမြင့်ထက်မှ ဆင်းသက်စုတ်စုတ် ပြေးအား ထုတ်သော်။ ဂါဝုတ်တိုင်အောင်။ ဆောင်သားဒဝန်။ စွမ်းထာမမြင့်။ ဟူ၍ရင်း။ ။ပေါက်ပြသုံးခါ။ ဟောက် ကြွားရာသို့။ လိုက်နာမှိုလျှင်း။ ခြသော့မင်းလျှင်။ ရန်ခွင်း တောလုံး။ စိုးသောထုံးသို့။ ဟူ၍ရင်း စပ်ဆိုလေသည်။ တကြောင်းလည်း။ ။တောင်မြင်းသိလာ။ နေရာဂူထဲ။ ကျိန်းပြီးရဲမှ။ ထွက်မြဘာသာ။ အခါလေးပါး။ ကြိုလာ ပြားမှု။ရွှေဝဂူ၌။ သုံးယူဇနာ။ ရပ်ရာကြွားလောက်။ မြည် သံဟောက်၍။ ဟူ၍ရင်း။ မြိမ်းချောက် လန့်ကြား တောဝယ်သားကို။ ဘမ်းစားမြည်ရုတ်။ သွေးသံတုတ်၍ တပြုတ်မည်။ ဝဲတင်သံမြင့်။ ခုန်ပျံနားဝဲ။ နေရာမြဲသို့။မစဲမိ ခင်။ရောက်လာလျင်လျက်။ စွမ်းအင်ထကြွ၊ ထတ်အား လှသည်၊သီဟရာဇာ၊ ကေသရာဟု၊ ဟူ၍ရင်းစပ်ဆိုသည့် များကို ထောက်သဖြင့်၊ ကေသရာခြသော့မင်းဂုဏ်ကိုသိ ရသည်။

(၄) ရာဇပလ္လင်ဥကင်မုတ်ထွတ်လတ်ဝဲလကျာတံခါး တိုင် တည်ထားသည့်မှာ၊ ဥကင်မုတ်တံခါးဦးရှိသည့်တ

ကြောင်း၊ တရာ့ခုနစ်ကွက်စက်လက္ခဏာတော်၌ လည်းတံခါးတိုင် ပါသည့်တကြောင်းကြောင့် ထားသည်။ တောရဏ ၊ တံခါးတိုင်ဟူ၍ပါရှိသည်။ ပါဒနက်သနံ့လက်ာ ဘွင်လည်း၊ ရောင်မောင်းပြာသာဒ်၊ အထွတ်မြင့်ရိုင်၊ တံခါးတိုင်နှင့်၊ ဟူ၍ရင်းစပ်ဆိုလေသည်။

(၇) ရာဇပလ္လင် ဥကင် လက်ဝဲ လကျာ။ လောကနတ်။ ဆင်ပျံ ခြသေ့်ထုလုပ်သည့် အကြောင်းမှာ။ အကြောင်း လေးပါးတွင် တပါးပါးကြောင့် ရတနာရွှေဂူမှ ကေသရာ ခြသေ့်မင်း ထွက်လေလျှင်။ ကောင်းကင်ပျံဆင်နှင့်တွေ့၍။ အစာဖြစ်သောတိမ်ညှာနှံကြောင့် ခိုက်ရန်ဖြစ်သဖြင့်။ ဆင်ပျံ ဦးကင်းကို ခြင်သေ့်နင်းလျက်။ နှာမောင်းကိုစုတ်သည့်ဘွင်။ လောကနတ်သည်ရန်နှစ်ဦးကိုမြင်၍ခြေဘွင်စည်းဆုပ်တီးလျက်။ သီချင်းသီ၍ ကခုန် ရွှင်မြူးသောအသံသည်သာယာလှသည်ကို နာခံကြ၍။ ဆင်ပျံ ခြသေ့်နှစ်ဦး ရန်ငြိမ်းကြလေသည့် နိမိတ်ကိုထောက်၍။ လောကနတ်ခြေဘွင် စည်းဆုပ်နှင့်ကဟန်၊ ဆင်ပျံဦးကင်းကိုခြသေ့်နင်းလျက် နှာမောင်းကို စုတ်ဟန် ထုလုပ်လေသည်။

(၈) ရာဇပလ္လင်ဥကင်လက်ဝဲလကျာ။ ပဒုမာကြာပွင့်ခံ၍။ သားမြီးယပ်စွဲလျက်။ လက်ဝဲ ၁၆ ရပ်။ လကျာ ၁၆ ရပ်။ ပေါင်း-၃၂။ သိကြားရုပ်ထုလုပ်သည့် အကြောင်းမှာ။ ဇေကရာဇ်မင်းမြတ်တို့တရင်မိမာန်ဘွင် သိကြားရုပ်တစ်နှင့်သုံးကျိပ် သုံးယောက်သောသိကြားတို့ ပတ်လည်

စောင့်ရှောက်ဟန်ဖြစ်သည်။ သိကြားနတ်နှမ်ကြုံရသော အကြောင်းကား လည်း။ သစ္စာစကား။ တော်မှန်ငြားက။ သိကြားသော်မှ။ ဦးဖြင့်လျှို၏။ ဟုစပ်ဆိုသည်ကို ထောက်၍ သိရသည်။

(၉) ရာဇပလ္လင်ဥကင်းလက်ဝဲလက်ျာ။ ဒေါင်းမြီးယပ် ထည့်သည်မှာ။ဟိမဝန္တာ၊ ဂန္ဓမာဒနအစရှိသောတောင်၌ မွေ့လျော်သော ဥဒေါင်းရှက်သည် အမြီးသာ တင့်တယ် ခြင်းဖြစ်သည်။ ဥဒေါင်းမင်းကို မင်းခြောက်ဆက်လက် ထက်ညွှတ်ဖြင့် ထောင်သော်လည်း သစ္စာအာနုဘော် ကြောင့် မဘမ်းမမိမရ။ ဘေးအန္တရာယ်ကင်းသည်။မောရ သုတ်ဘွင်လည်း ဝိရသံ၊ ကြာမြင့်စွာ၊ ဝါယမန္တာပိ၊လို့လ ပြုကုန်သော်လည်း။ ဂဏ္ဍုတုံ။ သမ်းအုံသော၄ါ။ နေဝ သက္ခုံသု။ မတတ်နိုင်ကုန်ပါ၍ရှိသည်ဖြစ်၍ ပညာရှိတို့စပ် ဆိုသည်မှာ။ လိုက်ဝပျော်ညောင်း။ ဘောင်မပေါင်းသား ဥဒေါင်းရွှေဝါ။နှစ်ခြောက်ရာတိ။ အာလယစက်။ ဟူ၍ဆို လေသည်။ရှေးနှိမ်တ်ကိုအစွဲပြုသဖြင့်။ သိရိမောရနဂ္ဂုံ။ အ သရေရှိသော ဥဒေါင်းမြီးယပ်ထု လုပ်လေသည်။

(၁၀) ရာဇပလ္လင်ဥကင် လက်ဝဲလက်ျာ။ ကိန္နရာ,က ဟန်ထုလုပ်သည့် အကြောင်းမှာ။ ကိန္နရာတို့သည် နူးညံ့ သောအမူအရာ ပန်းဝတ်ဆံကိုသာစားလေ့ရှိသည်။ ငါး ပါးသောအဆင်းအင်္ဂါနှင့်ပြည့်စုံသည်။ဘုရားပွင့်တော်မူ သည့်နေ့။ ဝမ်းမြောက်ဝမ်းသာကခုန်မြူးထူးခြင်း ပြုလေ သည်။ ဘိသိက်ခံရာ။ ဥကင်မုတ်တံခါး ဘွင့်ရာဖြစ်၍။ရှေး

နိမိတ်ကိုထောက်သဖြင့်။ ကိန္နရာကဟန်ထုလုပ်သည်။ ။

(၁၁) ရာဇပလ္လင်ဥကင်လက်ဝဲ,လက်ျာ။ဆင်နှားဇာ ပေါက် ထုလုပ်သည့်အကြောင်းမှာ။ ကာလာဝက။ဂဝေ ယျ။ ပဏ္ဍရ။ ဘမ္ဗ။ ပိင်္ဂလ။ ဂန္ဓ။ မင်္ဂလ။ ဟေမဥပေါသထ။ ကိုးမျိုးဆင်ထက်ဆဒ္ဒန်ဆင်မင်းသည် အမြတ်ဖြစ်၍။ ဆဒ္ဒန် ဆင်မင်း၏ နှားနှင့်သဏ္ဍာန်တူစွာ ထုလုပ်လေသည်။ ဇာ ပေါက်မှာ။ဇာလသည် မာဂဓစကားဖြစ်သည်။မြန်မာပြန် လျှင်ထွန်းပသည်ဆိုသည်ကို ထောက်လျှင်။ ထိုအပေါက် သည် ထွန်းပခြင်းရှိသည့်အပေါက်ဆိုလိုသည်။ ရွှေဇာငွေ ဇာ ခေါ်ဝေါ်သည်မှာလည်း အထည်အလိပ် အကွက်အ ကန့်တို့သည်အရောင်အဝါရှိသည်ကိုထောက်၍ခေါ်ဝေါ် သည်ပင်ဖြစ်၏။ ကျည်းကုလားတို့ဘာသာဇာခေါ်၍ကျည်း ကုလားတို့စကားလည်း မာဂဓစကားပင်ဖြစ်သည်။

(၁၂) ရာဇပလ္လင်ဥကင် လက်ဝဲလက်ျာ၊ ခြင်္သေ့ပန်းခြင်္သေ့ နွယ် ထုလုပ်သည့် အကြောင်းမှာ ခြင်္သေ့ကို ဘီလူးတို့ ကြောက်ရွံ့သည်။ ခြင်္သေ့ အဝတ် တန်ဆာလည်း အခွေ အဝိုက်၊ အညွန့်၊ အနွယ် ဖြစ်သည်ယူရန်ရှိသည်။ တင့် တယ်ဘွယ်ရာသည်ဖြစ်၍၊ သင်္ဘောမင်းသားသည် ခြင်္သေ့ တန်ဆာကိုဆင်ဝတ်သည်။ ဘီလူးတို့ ကြောက်ရွံ့သည်ကို နိမိတ်ပြုသဖြင့် သမုဒ္ဒရာပင်လယ်ကိုကူးသွားရသောသင်္ဘော ဦး၌ ခြင်္သေ့ ခြင်္သေ့ရုပ် ထုလုပ် လေသည်။ ခြင်္သေ့၏ အဝတ်အဆင် တန်ဆာကို ထောက်၍ ခြင်္သေ့ပန်း ခြင်္သေ့နွယ် ကို သိရသည်။ ခြင်္သေ့ပန်း ခြင်္သေ့နွယ်ကိုလည်း မင်းတို့ သုံး

ဆောင်ရာ၌ ထုလုပ်ရေးသားသည်။ ဈေးစာပေါင်းတွင်
လည်း မင်းတို့အစဉ်၊ ဆံလျှဉ်မျက်မြွာ၊ ကုဏ္ဍလာဟာ၊
ခြူးကြာပြောက်ကွင်း ဟူ၍ရင်း။ ရှူးစိပ်စိန့်ခက်။ ဝန်း
ရှက်ကြာညောင်။ လရောင်ပြက်ကာ ဟူ၍ရင်း. စပ်ဆို
လေသည်။

(၁၃) ရာဇပလ္လင်ဥကင်လကျာ, လက်ဝဲ။ ရှုံးနွယ်
အလယ်။ တပင်တခက်ဘွင် တပွင့်တပွင့်ဗီသာ ကြဲလျက်
ပါသောဦးဆောက်ပန်းထုလုပ်သည်မှာ မင်္ဂလာပန်းဖြစ်၍
မင်းတို့ စီးသည့် မြင်းရထား ဦးတွင် ဦးဆောက်ပန်း
သဏ္ဍာန်စိုက်ဆောက်သည်။ စက်တော်တွင်ပါသည်ဖြစ်
၍၊ ဝဋ္ဋံသောစ၊ဦးဆောက်ပန်းရင်းပါဠိရှိသည်။ ပါဒနက်
သန်လက်ာတွင်လည်း။ လည်ရေးသုံးဆင့်။ လှတင့်ရွှန်း
ရွှန်း။ ဦးဆောက်ပန်းက။ စသည်မကွဲ။ ဟူ၍စပ်ဆိုလေ
သည်။ ။ဈေးဖြစ်ပေါင်းအကြောင်းနိမိတ်။ ယုတ္တိယှဉ်
ရာသဘောသကန့်ကို ထောက်ထားဆင်ခြင်၍။ ဥကင်ရာ
ဇပလ္လင်တော်တွင် ထုလုပ်သမျှကို ကြည့်ရှုမှတ်သားရာ
သည်။

(၁၄) မဟာဂီရိနတ် ဖြစ်ရင်းအကြောင်းမှာ။ ရာဇ
ဝင်ပါပြီးဖြစ်၍။ အထူးမဆိုပြီ။ သေဥ္စလည်ကြောင်မင်း
လက်ထက် ပုဂံသို့ရောက်လျှင် မင်းနှင့် စကားပြောဆို
သည်ဖြစ်၍။ နန်းတော်တွင် နတ်ကွန်းထားသည်ကို အ
ကြောင်းပြုသဖြင့်။ ရွှေထီးရွှေနန်းအဆက်ဆက်။ နန်းဦးအ
ဆောင်ဘွင် မဟာဂီရိနတ်ကွန်းထားလေသည်။ ဈေးစာ

ဟောင်းများတွင်လည်း သေဥ္စလည်ကြောင်နှင့်။ ပေါင်ပေါင်ရယ်မော။ စကားပြောရှင့်။ ဟူ၍စပ်ဆိုလေသည်။

(၁၅) သိပ္ပာသနနေရာသည် ငြသော့ခံသော နေရာဆိုသည်။ မင်းမြောက်တန်ဆာငါးပါးမှာ ကျမ်းဂန်ပါ၍ရှိသည်ဖြစ်၍ အထူးမကြံသာပြီ။ ရတနာပန်းတောင်းမှာဘုရားသခင် မွေးတော် ခါတ်တော်တို့ကို ရတနာပန်းတောင်း၌ ရုံးကျိုးဝပ်စေ၍။ အဇာတသတ်မင်း စေတီကြီးစွာ တည်သည်။ ဘုတာဝါဟာန ယန္တရားစက်ရထားသည် နေဝ်ရထာမင်းစော ဇေယခံစေတီကို တည်သည့်ကာလ၊ မွေးတော်၊ ခါတ်တော်၊ ညှပ်ရိုးတော် တို့ကို ရတနာ ပန်းတောင်း၌ ထည့်၍ ဌာပနာသည်။ တချပ်ပြည်မှာ စွယ်တော်ပွားကို နေဝ်ရထာမင်းစော ရတနာ ပန်းတောင်းဖြင့် ခံသည်။ အလောင်းစည်သူမင်းလည်း ရတနာပန်းတောင်း၌ ကျောက်ကိုးပါးဖြင့်ထည့်၍ ပူဇော်ကန်တော့ပြီးသျှင် စကားကိုးပိုင်း, သရက္ခန်ငါးဆူ,ဘုရားသခင်ချပ်တု ကျိန်းဝပ်တော်မူလိုရာ နိမိတ်ထင်စေသောဟု မိန့်ခွန်သစ္စာပြုသည် ဆိုသည်များကို ထောက်သျှင်၊ ရတနာပန်းတောင်းသည် မင်းတို့အစဥ်သုံးဆောင်ရာ, အရိုအသေပြုရာ, သစ္စာမိန့်ခွန်ပြု၍ ဆုပန်တောင်းသည်များကို ထောက်၍သိရာသည်။ စလင့်ကြာမှာ ပဒ္မိကျွယားမင်းအဆောင်ကို နေဝ်ရထာမင်းစောအား ဆက်သည်ဆိုသည်။ ထွေးခံ ထွေးအင်မှာ ရှေးရှေးသော မင်းတို့လက်ထက်လည်း၊ ရှိရာသည်ပင် ယူရန်ရှိသော်လည်း မထင်မပေါ်။

စည်ကြီး, ခေါင်းလောင်း, လှံပျံ, နတ်လှေတို့ဖြင့်ပြည့်စုံခြင်း။ သတင်း,တန်ခိုး,မြေမိုးနှင့်မျှ ဘုန်းအာဏာ ရှိသော ဒွတ္တပေါင်မင်းသည် တံထွေးထွေးသည့်ကာလ၊ မြေသို့ကျလျှင်နဂါးတို့မခံနိုင်၍၊တံထွေးခံရန် ထွေးခံဆက်သည်ဆိုသည်။ ထွေးခံ,ထွေးအင်, တချက်တည်းပင်ဖြစ်သည်။ သို့ဖြစ်၍ ရွှေဘိုးရွှေနန်း အဆက်ဆက် အဆောင်အရွက်ပေးတော်မူလျှင်၊ ကွမ်းခွက်,လက်ဘက်အိုး,တကောင်းပိတ်နှင့်အတူမဟုတ်။ ထွေးအင်မှာ နေ့ခံမှပေးသည်ဖြစ်၍ စာချုန့် တစောင်ပင်ဖြစ်သည်။ ထွေးအင် အရာကြီးသည့်ဆိုလိုသည်။ ကလပ်မှာ ရာမညတိုင်း မင်းတို့အဆောင်ဖြစ်သည်။ ကွမ်းလောင်းကြီး ကွမ်းလောင်းငယ်မှာ တကောင်းမင်းတို့ အဆောင်အရွက်ဖြစ်သည်။ ကျပ်မှာ သထုံမင်းတို့အဆောင်ဖြစ်သည်ဆိုသည်။ ပဏ္ဍဝတောင်၏ သဏ္ဍာန်လည်းဆိုသည်။ ကျပ်မြင်းမိုရ်မှာတကောင်းမင်းယောက်ဖ အိမ်ရှေ့မင်းသည်၊ ဝက်ကြီးကို ခွင်းပြီးသည့်နောက် ရသေ့ပြု၍နေသည်။ ချဉ်ဆားမိုးအံ့သော၌ လူရှိရာအရပ်သို့လာသည်။ လမ်းခရီးကျပ်ဘီးအရပ်၌ မြင်းမိုရ်ကိုအစိုးရသော သိကြားမင်းသည် ချဉ်ဆားဖန်ဆင်း၍ ထည့်ရန်နှင့်တကွ ကပ်လေသည်။ ထိုကိုအမှတ်ပြု၍ ရဟန်းတို့မှာ ခွက်အုပ် ခေါဝေါ သုံးဆောင်လေသည်။ ပြည်တည်ရာ အရပ်မှာလည်း ရသေ့နေသည့်အရပ်၌ပင်ပြည်တည်လေသည်ဖြစ်၍ ရသေ့ပြည်ခေါဝေါသည်။ မဟာသမ္မတဝမင်းသားအား သိကြားပေးအပ်သည့် အ

ဆောင်ကိုရသေ့ကအပ်၍သုံးဆောင်သည်။မဟာသမ္ဘဝမင်း။ ရုဋ္ဌသမ္ဘဝမင်းတို့ သုံးဆောင်သည်တွင် ကျပ်မြင်းမိရ်ခေါ်ဝေါ်သမုတ်သည်။ ကျပ်မြင်းမိရ်လည်း မှူးမတ်တို့အခဆောင်မဟုတ်။ မင်းသားတို့အခဆောင်ဖြစ်သည်။ ကျပ်မြင်းမိရ်ကိုပင် ကျပ်လှပဟူ၍ဆိုသည်။ ။ခြသေ့်ခံကွမ်းခွက်မှာ ဝက်ရစ်ဖပြည့်၍ ဝိဇယဗာဟုမင်း လက်ထက်သုံးသည့်အခဆောင်ဆိုသည်။ နဂါးကွမ်းခွက်မှာ။တကောင်းသတိုး ၁၇ ဆက်။ သတိုးနဂါးရမင်းလက်ထက် ဆောင်သည့်အခဆောင်ဖြစ်သည်ဆိုသည်။ ။လက်တင်ကြာမှာယိုးဒယားမင်းတို့အခဆောင်။ ။ကွမ်းထည့်ကွမ်းချပ်မှာ ရခိုင်မင်းအခဆောင်။ ။သလင်းမြောင်မှာ။ လင်းဇင်းမင်းအခဆောင်။ ။သစ်တိုင်မှာ ဇင်းမယ်မင်း အခဆောင်ဖြစ်သည်ဆိုသည်။ ။နဋ္ဌသာကီဝင်မျိုး အဆက်အနွယ်ဖြစ်သော ဝိဇယပုရမြို့တည် နန်းတည် ပင်းယတစီးရှင်လက်ထက်။ ရွှေစည်းခုံဘုရားကို တည်သည့်ကာလ။ ဇင်းမယ်မင်း၊ ယိုးဒယားမင်း၊ ရခိုင်မင်း၊ လင်းဇင်းမင်းတို့ စစ်အင်္ဂါလေးပါးနှင့် ရောက်လာကြ၍ မင်းငါးပါးတွေ့ကြုံကြသည်။ မင်းလေးပါးတို့သည် ဘာသာအတီးအမှတ်ပွဲသဘင်ခံသည်။ နေပြည်ရှိရာအရပ်သို့မျက်နှာပြု၍ ထောင့်လေးထောင့်ထက် ဘုရားတဆူစီ တည်ခဲ့သည်။ ထိုဘုရားလေးဆူကို ဂိရိလေးဆူခေါ်ဝေါ်ထင်ရှားသည်။ သို့ဖြစ်၍လည်း ပညာရှိတို့စပ်ဆိုသည်မှာ။ ။ဈေးယွန်းမည်သည်၊ ရှမ်းပြည်ဦးကိုင်။ ရခိုင်လင်းဇင်း။ နှိပ်နှံနင်းသား။ ပင်းယ

မြို့မှာ။ ဌပနာသည်။ မန္တာဂီရိ။ မုနိစိုးချာ။ ဘုန်းတော်
ပြာသည်။ စန္ဒာဂီရိ။ လျှံညီစကြာ။ ဘန်ဝင်းဝါသည်။
ရတနာဂီရိ။ ခေါင်ထိသစ္စာ။ သိထွေလာသည်။ နန္ဒာ
ဂီရိ။ မုနိချပ်တု။ ဟူ၍စပ်ဆိုလေသည်။

ပွန်းမင်း၊ ဂျွမ်းမင်း၊ ရခိုင်မင်း၊ လင်းဇင်းမင်း တို့
လည်း မဟာမိတ်ပြု၍ မင်းဆောင်မင်းခမ်းကို ပင်းယ
မင်းအား ဆက်ခဲ့ကြသည်။ ပင်းယမင်းကလည်း ပဏ္ဏာ
လက်ဆောင်အများ မင်းလေးပါးကိုဆက်၍ နေပြည်သို့
ပြန်ကြသည်။ ဟရိဘုဉ္ဇတိုင်းကို အစိုးရသော ဇင်းမယ်
မင်း။အသုဋ္ဌာတိုင်းကို အစိုးရသော ဂျွမ်းမင်း။ ၁၂ ကျွန်း
ကိုအစိုးရသောရခိုင်မင်း။လဝရဋ္ဌတိုင်းကို အစိုးရသော
လင်းဇင်းမင်းတို့ အဆောင်၊ သစ်တိုင်၊ လက်တင်ကြာ၊
ကွမ်းချပ်၊ သလင်းမြောင်၊ အဆောင်များသည် တစီးနှင့်
လက်ထက် ရှုံးမိသည်ဆိုသည်။ အချို့လည်း ဟံသာ
ဝတီ ဆင်ဖြူများရှင်သည် ဇင်းမယ်, ယိုးဒယား, လင်းဇင်း
ပြည်ကို လုပ်ကြံ အောင်မြင်သည်တွင် ထိုမင်းတို့၏ အ
ဆောင်အယောင်ကို ကျင်းပဆောင်ရွက်သည်။ ရခိုင်
မင်းမှာမူကား တပင်ရွှေထီး လက်ထက် ရခိုင်ပြည်သို့ချီ
ရောက်သည့်ကာလ၊ ရခိုင်ပြည်သို့ဝင်ရ၍၊ ရခိုင်မင်းနှင့်ဘု
ရင့်နောင် ကျော်ထင်နော်ရထာ စကားပြောဟောကြ
သည့်ဘွင်၊ မိတ်သဟာယဖြစ်သည် သစ္စာရှိကြသည်
လည်းဆိုသည်။ တပင်ရွှေထီး မရှိသည့်နောက် ဘုရင့်
နောင် ကျော်ထင်နော်ရထာမင်းဖြစ်၍ တိုင်းနိုင်ငံချဲ့သည်

တွင် ရခိုင်ပြည်ကို မလုပ်မကြိုသည်ကို ထောက်၍ ဇေးက သစ္စာရှိသည်ဆိုသည့် စကားညီသည်ယူရန်ရှိသည်။ ဟံသာဝတီ ဆင်ဖြူများရှင်သို့ ရခိုင်မင်းက သံတမန်စေရော၍ အလေးအမြတ်ဆောင်ယောင်သည့်ကွမ်းထည့်ကွမ်းချပ်အခဆောင်ကို ဆက်သည်ဆိုသည်။ တစီးရှင်လက်ထက်, ဆင်ဖြူများရှင်လက်ထက် စုရုံးမိသည်ဆိုသည့် စကားနှစ်ရပ်ပင် ယုတ္တိသဘောရှိကြသည်။ ။ရွှေအိုးပြစ်၊ ရွှေမြို့တာ၊ ရွှေတကောင်းများမှာ ဗာရာဏသီမင်း၏ အခဆောင်ဖြစ်သည်။ လောကသင်္ကေတတွင် ပါပြီ။ ။ရွှေဖလားမှာ။ ကမ္ဘာပေါ်စတည်စ၊ နေပေါ်သည်။ နေနောက် လပေါ်သည်ကိုအစွဲပြု၍။ နေလ၏သဏ္ဍာန်လုပ်၍ မဟာသမ္မတမင်းသုံးဆောင်သည်ဆိုသည်။ ။ရွှေကရားမှာ မင်းတို့အစဉ်သုံးဆောင်ရာ ဖြစ်သည်ယူရန်ရှိသည်။ အကြောင်းကိုထောက်လျှင် နန္ဒရာဇာမင်းသား ဥယျာဉ်ကျောက်ဖျာပေါ်တွင် တကိုယ်တည်းတည်နေသည့်ကာလ၊ ရထားဆိုက်ရောက်လျှင် မင်းဝတ်မင်းစားကို မှူးမတ်တို့ကပြသည့် အဝတ်တန်ဆာကို မဆင်၊ မှူးမတ်တို့တွင်ပါသည့် ရွှေကရားဖြင့် မိဒ္ဓါန်၍ ရေသွန်းလျှင် ဇေးပြုဘူးသော ပုညသမ္ဘာရတို့သည် အချိန်ရောက်ပြီဖြစ်၍ ပဒေသာပင်ပေါက်သည်။ ပဒေသာပင်က အဝတ်တန်ဆာကို ဆင်ယင်သည်ကို ထောက်လျှင်၊ ရွှေကရားသည် မင်းတို့အစဉ်သုံးဆောင်မြဲ ဖြစ်သည် ယူရမည်။ ။ရွှေဖူးမှာ ပုဂံပြည်ဝယ် ဖူးအစရှိသော ခြောက်ပါးသော ရန်တို့ကို

ပြုစေသောထီးမင်း နှိမ်နင်းလေလည်း။ ထိုဖူး၏ အဆင်း အဝါ လျောက်ပတ် တင့်တယ် သည်ဖြစ်၍ ထိုဖူး၏ သဏ္ဍာန်ရွှေကိုယုပ်၍ သုံးဆောင်သည်အစဉ်စကားပြော ဆိုရိုးရှိသည်။ ထိုဖူး၏ သဏ္ဍာန်လည်း အုတ်ရိုးဘုရား တည်ထားသည်။ ယခုတိုင် ဖူးဘုရားဟု ထင်ရှားသည် ပညာရှိတို့ စပ်ဆိုသည်မှာလည်း။ ။ဘဒ္ဒမည်သာ။ဤ ကမ္ဘာ၂၄င်။ ပလာပဏ္ဍာ။ ကပ္ပဋ္ဌာဟု။ အစအာဒိ၊ ပ ညာရှိဝယ်၊ ဗဟိသာရ၊ မိဇ္ဈကလို၊ နေကျစံနတ်၊ ပုံရည် မှတ်၍။ မွေးဓါတ်စုရေး။ ထည့်သန္ဓေသည်။ မာန်ဝေးဘက် လံ။ ခြောက်ရောင်လျှံ။ ဟူ၍။ ပုဂံပြည်၌ ဖူးဘုရားတည် ကြောင်းကိုစပ်ဆိုလေသည်။ အတင်တော်ဘီလူးခံမှာ ပဉ္စာဝုဓမင်းသားသည် ဘီလူးဘေးမှလွတ်၍ မင်း၏ အ ဖြစ်သို့ရောက်ခြင်း နိမိတ်ကိုအကြောင်းပြုသဖြင့် ဘီလူးခံ ထုလုပ်ဆောင်ယောင်သည် ဆိုသည်။ ။ရှေးရှေးသော မင်းတို့လက်ထက်မင်းခမ်းမင်းဆောင်ကို တရောတနှော တည်း ကျင်းပဆောင်ယောင်ဟန်ရှိသည်။ ပညာရှိတို့ စပ်ဆိုသည်မှာလည်း သီဟာသန, နေရာမထက်, စံ ပယ်လျက်သျှင်, လိုက်ဘက်သင့်စွာ, စလင့်ကြာတည့်, ရွှေ သားနှင်နှင်, သောက်ရေတင်က, ရွှေစင်ရဲရဲ, တခဲရောင် လျှံ, ငွေထွေးခံနှင့်, ရွှေစံအိုးပြစ်, လျှပ်စစ်မထူး, ရွှေ ဖူး*ကရားဟူ၍စပ်ဆိုသည်ကို ထောက်သဖြင့်သိရသည်။ ဟံသာဝတီဆင်ဖြူများရှင်လက်ထက်ဘုရင်မှရှေးရှေးသော မင်းတို့နန်းစဉ်မင်းခမ်းမင်းနားနှင့် လင်းဇင်းတိုင်း ယိုးဒ

ယားတိုင်း၊ ဇင်းမယ်တိုင်း။ ရခိုင်တိုင်း၊ ရာမညတိုင်းမင်းတို့ မင်းဆောင်မင်းခမ်းများကို။ လက်ဝဲ ၁၃။ လက်ျာ ၁၃။ ခွဲခြား၍ကျင်းပဆောင်ယောင်သည်ဆိုသည်။ ။ပုံနန်းကွမ်းခွက်များမှာ။ အိမ်ရှေ့မင်းအဆောင်။ မိဘုရားအဆောင်။ ခိုနန်းကွမ်းခွက်။ ထောင့်ချိုးကွမ်းခွက်။ ၁၂ မြှောင့်ကွမ်းခွက်။ ရှစ်မြှောင့်ကွမ်းခွက်များသည်၊ ကျောခံစိမှန်တပ်၊ ပယင်းတပ်သာခြားနားကြသည်။ ရှစ်ထောင့်ကွမ်းခွက်မှာ။ ရွှေသားသက်သက်လည်းရှိသည်။ မှန်တပ်ပယင်းတပ်လည်းရှိသည်။ လေးထောင့်ကွမ်းခွက်၊ အဝန်းကွမ်းခွက်မှာ။ ရွှေသားသက်သက်သာလုပ်ဆောင်သည်။ ။

(၁၉) လက်ဝဲလက်ျာမင်းခမ်းတော်တို့ကို ပညာရှိတို့စပ်ဆိုသည်မှာ။ ။ရတနာရောင်။ ပြောင်ပြောင်လျှံလက်။ ပြိုးပြိုးပြက်လျှင်။ သန်လျက်ရောင်လျှပ်။ သားမြီးယပ်နှင့်။ ဆင်ထပ်တန်ဆာ။ ရတနာပန်းတောင်း။ ရွှေကောင်းရွှေမြှောင့်။ ရှစ်ထောင့်ရောင်လျှံ။ ခြသေ့်ခံဟု။ မင်းစံရည်ညက်။ ကွမ်းခွက်နှစ်ဆူ။ ညွှန့်လူခိုင်မြဲ။ စလင့်ကြာနှင့်။ ရောင်ဖြာလျှံပြည့်။ ကွမ်းထည့်ကွမ်းချပ်။ ကျုပ်လည်းရောင်လျှံ။ ခြသေ့်ခံသား။ ထွန်းလျှံကရား။ ရွှေသားတကောင်း။ ရောင်မောင်းမြူတာ။ နှစ်စုံပါလျက်။ ရတနာအတိ။ မဏိရည်သန့်။ ဆဲ့သုံးရန်ကို။ ရောင်ဝန်လင်းလင်း။ လက်ျာကျင်းရှင့်။ ဟူ၍စပ်ဆိုသည်ကိုထောက်သဖြင့်။ သည် ၁၃

မင်းခမ်းကို လက်ျာကာကျင်းပကြောင်းကို သိရသည်။ ။ လက်ဝဲ ၁၃ ကျင်းပဆောင်ယောင်ကြောင်းကို စပ်ဆိုသည်မှာလည်း။ ။ဝင်းဝင်းရတနာ။ သိင်္ဂါရောင်လျှပ်။ ဘိနပ်ရောင်ပြေး။ တောင်ဝေးလှံလွှား။ လက်တင်ကြွားနှင့်။ နဂါးခံလျက်။ ကွမ်းခွက်ရောင်ထပ်။ သလပ်ရောင်မောင်း။ ကွမ်းလောင်းကြီးငယ်။ ရောင်သွယ်ဖလား။ ကာရားပြောင်ပြောင်။ သလင်းမြောင်နှင့်။ လျှံရောင်သစ်တိုင်။ ဆိုင်ဆိုင်ရောင်ဝှမ်း။ နှစ်ရန်မြူတာ။ ရတနာနှင်နှင်။ မျက်မှင်ရောင်ပုံ ဆဲ့သုံးစုံကို။ ပျံ့ဟုံဝင်းဝင်း။ လက်ဝဲကျင်းနှင့်။ ပူ၍စပ်ဆိုလေသည်။ ။အကြောင်းလည်း။ ။လက်ျာဘောင်က။ ရွှေလှေ သိင်္ဂါ။ မျက်စိမြွှာသား။ ရတနာသန့်လိုက်။ လျှံလက်လျှပ်လျှပ်။ သားမြီးယပ်နှင့်။ ထပ်ကြပ်မကွာ။ ရတနာပန်းတောင်း။ ရိုးပေါင်းပုလဲ။ သန္တာဆွဲလျက်။ ရဲရဲရောင်တက်။ ကွမ်းခွက်မှစ်ထောင့်။ ထိုကြောင့်မရှေ့။ ခြသေ့်ခံလျက်။ ကွမ်းခွက်ရတနာ။ စလင်းကြာနှင့်။ သိင်္ဂါရွှေမှည့်။ ကွမ်းထည့်အုပ်မှ။ အုပ်လျှားစသား။ သိပ္ပာခံထား။ ကရားတကောင်း။ ထိုနှောင်းမြူတာ။ ရေပြည့်စွာတည့်။ ထမ်းမှာလေးသူ။ မိုက်ထူကြွားကြွား။ ယပ်မားချပ်လျက်။ ရောင်ခြည်ရှက်သည်။ ပြီးပြက်ထိန်ထိန့်လင်းလင်းတည်း။ ။ဟုလက်ျာကာကျင်းပကြောင်းကိုစပ်ဆိုသည်။

လက်ဝဲကာကျင်းပကြောင်းမှာလည်း။ လက်ဝဲတောင်က။ ရွှေလှေဉ်လျှံဝါ။ မျက်စိမြွှာသည်။ ရတနာဘိနပ်။ သပ်သပ်တောင်ဝေး။ ရောင်ပြေးဝိုးဝါး။ လက်တင်ကြွားနှင့် ။နဂါး

ကွမ်းခွက်။ စဉ့်လျက်သလပ်။ လျှပ်လျှပ်ဝင်းဝါ။ မကွာတ
သီး။ ကွမ်းလောင်းကြီးက။ အပြီးဆိုဘွယ်။ ကွမ်းလောင်း
ငယ်နှင့်။ တင့်တယ်လှစွာ။ ရတနာဖလား။ ကရားထိုနောင်။
သလင်းမြောင်ဟူ။ လျှံရောင်ရတနာ။ သစ်ဘိုင်ပါ၍။ မြူ
တာရေချမ်း။ ပြည့်ဖြိုးလျှမ်းသည်။ မင်းခမ်းမည်သား။ ထီး
လေးပါးနှင့်၊ အကြားအကြား။ ယပ်မားချပ်လျက်။ စဉ့်
ဆက်စုံညီ။ ဆဲ့သုံးဗိတည့်။ နှစ်လီပေါင်းမြောက်၊ နှစ်ဆဲ့
မြောက်သျှင်၊ အံ့လောက်ထူးဆန်း။ ရွှေတော်ထွန်းသည်။
ရောင်ရွှန်း ပြောင်ပြောင်ဝင်းဝင်းတည်း။ ။ဟူ၍ စပ်ဆို
လေသည်။ ။

(၁၇) ကရဝိက်ချပ် ကွမ်းအုပ်တော်မှာ၊ သီရိဓမ္မာ
သောကမင်းလက်ထက်၊ နန်းတော်၌ ကရဝိက်ငှက်ကျူး
ရင့်သည့်အသံကို အသန္ဓိမိတ္တာမိဘုရား ကြားလေ
လျှင်၊ သာယာလှသည်ဖြစ်၍၊ ဘုရားရှင့်အသံတော်သည်
ကရဝိက်ငှက်အသံနှင့်နှိုင်းခိုင်းသည်ကိုထောက်လျှင်၊ ငှက်
အသံကိုမျှလည်းနာပျော်ဘွယ်ရှိသည်၊ ဘုရားသခင့်အသံ
တော်ကား အဘယ်ဆိုဘွယ်ရှိအံ့နည်း နှလုံးထားသဖြင့်၊
ပီတိဖရဏာစေတနာကြောင့် အသန္ဓိမိတ္တာမိဘုရားသည်
သောတာပန်တည်လေသည်၊ ငှက်အသံကိုမျှ ပီတိတက်
ဘူးသည်ကိုရည်၍၊ ပညာရှိတို့ စပ်ဆိုသည်မှာ။ ။သဒ္ဒ
မြည်ကျူ၊ ငှက်သံသာမျှ၊ ဗျာပါလွှင့်ကြည်၊ ရန်ကိုဖျဉ်၍၊
ဝိညာဉ်အထူး၊ တက်စေဘူးသည်၊ ဟုစပ်ဆိုလေသည်။ ။
ငှက်နိမိတ်ကို အကြောင်းပြုသဖြင့်၊ ကရဝိက်ငှက်

သဏ္ဍာန် ၊ရွှေကိုကွမ်းအုပ်လုပ်၍ တည်ထားလေသည် ဆိုသည်။ကရပ်ကဲကွမ်းအုပ်ကို မင်းတို့သုံးဆောင်ကြောင်းကိုလည်း ပညာရှိတို့ စပ်ဆိုသည်မှာ။ ။လှတင့်ရောင်ထိတ် ၊ပြောင်ပြောင်ဘိတ်သည်၊ ကရက်ကွမ်းအုပ်၊ စုံချုပ်မျက်ချည်၊ ရွှေတော်တည်၍။ ။ဟုစပ်ဆိုလေသည်။ သည်ကိုထောက်သဖြင့်သိရသည်။

(၁၈) ဟင်္သာချပ် ကွမ်းအုပ်တော်မှာ, မူဆိုးညွတ်ဖြင့်ထောင်၍ ဟင်္သာမင်းကိုဘမ်းမိလျှင် ဗါရာဏသီမင်းအားဆက်သည် ကျော့ကွင်းဝေဒနာကြောင့် ရွှေနှင့်တူသောအသား, ပတ္တမြားနှင့်တူသော အသွေးတို့သည် ထွက်ယိုလေသည်ကို သနားခြင်းကြောင့် ဟင်္သာမင်းကို သားကဲ့သို့ပြုရသိမ်းမွေး၍ လွှတ်လိုက်သည်။ ၎င်း၏ဖြစ်ခြင်း အရင်းနိမိတ်ကိုစွဲသဖြင့်, ဟင်္သာချပ်သဏ္ဍာန် ရွှေကိုလုလုပ်၍ ကွမ်းအုပ်တည်ထားလေသည်။ ဟင်္သာချပ်ကွမ်းအုပ်ကို မင်းတို့ သုံးဆောင်ကြောင်းကိုလည်း ဧနစာပေါင်းများ၌။ ။ဇမ္ဗူသိင်္ဂါ,မျက်စိမြွှာသား, ဟင်္သာချပ်ကျော်,ကွမ်းအုပ်တော်နှင့်၊ ။ ဟူ၍စပ်ဆိုလေသည်ကို ထောက်သဖြင့်သိရသည်။

(၁၉) ကနကာဒက်ထီးကို သမ္ဘာဒေဝ နတ်သမီးစောင့်သည်။ ။သမုဒ္ဒရာဇာထီးကို သမုဒ္ဒရာဇာနတ်သမီးစောင့်သည်။ ။ သမုဒ္ဒဇာထီးကို သမုဒ္ဒဇာနတ်သမီးစောင့်သည်။ ။စန္ဒာထီးကို စန္ဒာနတ်သမီးစောင့်သည်။ ။သူရိယထီးကို သူရိယနတ်သမီး စောင့်သည်။ ။ ပဒုမ

ထီးကို ပဒုမာနတ်သမီး စောင့်သည်။ ။သမုဒ္ဒထီးကို သမုဒ္ဒနတ်သမီး စောင့်သည်။ ။ဝိသုကြုံထီးကို ဝိသုကမ္မနတ်သမီးစောင့်သည်။ ။ကမ္ဗုထီးကို ကမ္ဗုနတ်သမီးစောင့်သည်။ ။ဥရုထီးကို ဥရုနတ်သမီးစောင့်သည်။ သမ္မုတိထီးကို သမ္မုတိနတ်သမီးစောင့်သည်၊ ။ထိုထီးများ၏ အရပ်အဝအဆင်း,ရွှေမြညောင်ရွက်,ကြယ်,ပုလဲဆိုင်း,သ[illegible]ဆိုင်း,စိန်ဆိုင်း,မြဆိုင်း, ပတ္တမြားဆိုင်းမှစ၍၊ရွှေချိန်ကျောက်ဝင် လုပ်နည်းဆောင်နည်း အထားအနေများမှာ စာစောင်များတွင် အင်းစောက်နှင့် ဇာလျှားပြကာ ရှိပြီဖြစ်၍အထူးမဆိုပြီ။ တော်မိဘတ်တော်ကို ထောသဖြင့် ထီးကိုနတ်သမီးစောင့်ကြောင်းကိုသိရသည်။ ။ သမ္မုတိထီးမှာ ကမ္ဘာအစ လူတို့မင်းမြှောက်၍ မင်း၏အဖြစ်ဖြင့် သမုတ်ခြင်း။ သုံးပါးသောအမည်ခံသဖြင့်။ မဟာသမ္မတခတ္တိယမင်းဆောင်းသည့် ထီးဖြစ်၍ သမ္မုတိထီး ခေါ်ဝေါ်သည်။ ကမ္ဘာတည်စ နေလကိုအစွဲပြု၍၊ စန္ဒထီး၊ သူရိယထီးသမုတ်သည်။ သမ္မုတိထီး၊စန္ဒထီး၊ သူရိယထီး၊သုံးစင်းသည် မဟာသမ္မတမင်း ဆောင်းသည့်ထီးဆိုသည်။ ကနကဒဏ်ထီးမှာ သုဒဿနစကြာမင်းလက်ထက် ကျွန်းဦးဇမ္ဗူသပြေရွက်ကို ထီးအမိုးလုပ်သဖြင့် ကနကဒဏ် ခေါ်ဝေါ်သည်ဆိုသည်။ ကနကဒဏ္ဍာ ရွှေရိုးဆိုလိုသည်။ ထီးဆိုသချာသည် ရွှေသားပုဒ္ဒနိက္ခမ်း ရွှေရိုးလုပ်သည်တွင် ဂုဏ်ထူး၍ ပကတိ ငွေသားအမိုးလုပ်လေသောကြောင့် ကနကဒဏ် ခေါ်ဝေါ်သမုတ်သည်လည်း

ဆိုသည်။ ။တမွတ်မှာ ရေးစကားဟောင်းဖြစ်သည်။ ကြွံးသည်မြတ်သည်ကိုတမွတ်ဆိုသည်။ ရှေးစာများ၌ လည်း တမွတ်ရတနာဟူ၍ရင်း၊ လူတို့တမွတ်၊ မင်းများ ထွတ်လျှင်၊ဟူ၍ရင်း။မယိုင်မညွတ်၊ ခေါင်တမွတ်သို့၊ဟူ၍ ရင်း၊အာဘောလွှဲ့ပတ်၊ ညီတော်လတ်ကို၊တမွတ်ဘုန်းသန့် နှင်း၍ဖြန့်နှင့်၊ဟူ၍ရင်း၊ ကျော်ရှိန်မပြတ်၊ အနာဂတ်၌၊ တ မွတ်တော်ထား၊ဟူ၍ရင်း၊ စပ်ဆိုသည်များကို ထောက်၍ သိရသည်။ ။ယာဉ်ထီးမှာ ကြေရာဇာမင်းမြတ်တို့ဝယ်၊ ဆင်ယာဉ်၊ ရထားယာဉ်၊ လှေယာဉ်သုံးပါး၌ ထီး ဆောက်သည်ဖြစ်၍။ ယာဉ်၌ ဆောက်သည့်ထီးကို ယာဉ်ထီးခေါ်ဝေါ်ခြင်းဖြစ်သည်။ ကြေရာဇာမင်းမြတ်တို့ သည် ကနကဒဏ်ရိပ်ကို မပြတ်ခိုရာ၏ဆိုသည့်အတိုင်း ဥကင်မုတ်ထွက်အနီး၌ ကနကဒဏ်ထီးကိုလက်ရင်းထား လေသည်။ ။ ·

(၂၀) နန်းမနန်းဦး၌ ထီးကိုမပြတ်ဆောက်လျက် ထီး ရိပ်၌ ကြေရာဇာမင်းမြတ်တို့ စံပယ်ပသနေကြောင်းကို လည်း ပညာရှိတို့စပ်ဆိုသည်မှာ။ ။ထီးဖြူအောက်၌၊ တော်ံ သားမိးနှယ်၊လျှပ်စစ်နွယ်သို့၊စလွယ်သင်းဘျစ်၊ ဦးရစ်ရွှေ ပေါင်း၊ နတ်ချပ်ဆောင်းလျက်။ ။ဟူ၍ စပ်ဆိုသည်ကို ထောက်သဖြင့်သိရသည်။ ။အင်းဝမင်းနရပတိကို အခ မှတ်၍လုပ်ကြသည်၌ ထီးနိုးကိုထားချက်ကာ၍ မင်းနရ ပတိကို ထီးဖြူအုပ်မိသည်။သောကြာနှင့်၊ ရေနံသာစား တို့ထွေးသုံးကြသည်ဆိုသည့်စကားကို ထောက်၍လည်း

ထီးဖြူအောက်၌ မပြတ်စံပယ်ကြောင်းကို သိရသည်။ ။ ဖြူစောထီးမင်းမှာလည်း ထီးအများကိုမဆို။ လုံးပတ်သုံးထွာ သန္တာအရိုး ကိုးတောင်နှစ်မိုက် အထွတ်ပတ္တမြား တပ်သော ထီးတစင်းကိုသာဆိုသည် ကိုထောက်လျှင် နန်းဦး၌ မပြတ်အရိပ်ခိုသည် ယူရန်ရှိသည်။ ဧရာတောင်း များဘွင်လည်း ။ရွှေပြည်ရိမဒ်၊ ဘုမိထွတ်ဝယ်၊ ကြာဝတ်ဆံသာ၊ ရိုးသန္တာတည့်၊ သုံးထွာလုံးပတ်၊ ကိုးတောင်ပြတ်ထက်၊ ချက်ထွတ်မဏိ၊ ထီးစံတိန္တင့်၊ သိရိပဝရတေဇကြီးမော၊ ဖြူမင်းစောမှ၊ မုနောင်ခေါင်ချာ။ ။ဟူ၍ စပ်ဆိုလေသည်။ ။

(၂၁) ယပ်မားမှာ သောဏုတ္တရမှုဆိုး လို့လပြုသော အန္တရာယ်ကြောင့် ဆန္ဒန်ဆင်မင်း၏အစွယ် ပြတ်သည်ကာလ မြေသို့မကျရ၊ ယပ်မားဖြင့် ခံသည်ဆိုသည်။ ဗါရာဏသီ မင်း၏ အဆောင်ဘွဲ့လည်း ယပ်မားရှိကြောင်းကို လောကသင်္ကေတမှာရှိသည်ဖြစ်၍ ယပ်မားသည် လေခပ်ရန်ယပ်ကဲ့သို့ဖြစ်သည်ယူရမည်။ ။

(၂၂) မြေနန်းမှာ၊ ကမ္ဘာတည်ဦးမြေအစပေါ်ထွန်းသည်ဖြစ်၍၊ လောင်ဘက်ပျက်ဘက်စကြဝဠာ ကုဋေတသိန်း၌၊ လေးကျွန်းနှင့် တပြင်းရိရှိသည်ဘွင်၊ ဘုရားသခင်ပွင့်တော်မူရာ၊ ဗောဓိပင်ရွှေပလ္လင်ရောက်ရာ မြေသည် ကမ္ဘာတည်ဦးလည်း ရှေးဖျားပေါ်ထွန်းသည်၊ ကမ္ဘာပျက်သည့်ကာလလည်းနောက်မှပျက်သည်၊ ကမ္ဘာတည်ဦးမြေအစပေါ်ထွန်းခြင်း၊ မဟာသမ္မတမင်းမြောက်

၍အာဘိသိက်ခံခြင်း၊ မြေရေကိုအစိုးရခြင်း၊ အာဒိကပ္ပအစ၏နိမိတ်ထင်ရှားစေလိုသည်ဖြစ်၍၊ နန်းဘုင်းနန်းဦးဖြစ်သောကြောင့် မြေနန်းဆောက်လုပ်ခြင်း၊ ရန်သူဖြစ်သောကျားကိုနှိုင်လေသျှင်၊ ဝက်အပေါင်းတို့သည် မြေကိုစုပုံသဖြင့်၊ ရေသဖန်းထက်တစ္ဆသူကရဝက် မင်း ကို နေ စေလျက်၊ ဝက်အပေါင်းတို့ကောင်းချီးပေး၍ ရေသွန်းခြင်းတစ္ဆသူကရ ဝက်မင်းဇာတ်ကိုထောက်၍ရှင်း။ မြေနန်းဦးဆောက်လုပ်ခြင်း။ မြေနန်းဟူ ခေါ်ဝေါ်သမုတ်ခြင်း ဖြစ်လေသည်။ မြေအစပေါ်ထွန်းကြောင်းကိုလည်း ရှေးစာဟောင်းများတွင်စပ်ဆိုသည်မှာ။ ။အာဒိကပ္ပ။ ကမ္ဘာစဦ။ကျုံးချကုဋေ။ တသိန်းနေလျှင်၊ ပျက်ကြေစကြဝဠာပေါ်ထွန်းခါဝယ်။ လဟာပိတ်သန်း။ ရေကြည်ဝန်းထက်လေးကျွန်းတည်ခင်း။ မြေခပင်းတွင်။ မှန်ကင်းရှေးဖျား။ ဖြစ်ထွန်းငြား၍။ မြေချားအစ်ကိုယ်။မြေဗဟိုဟူ။ မင်္ဂလိဒ္ဓတ်ချေ။ သုံးလူ့ဆွေဘို့။ ငါးထွေမာရ်လှည်း။ အောင်မြေဒည်းဝယ်။ ဥဒည်းပြုဗ္ဗာ။ ရှေ့မျက်နှာက။ မြေချာပလ္လင်။ ဗောဓိပင်သို့။ ။ဟူ၍စပ်ဆိုလေသည်။ ။ပုဏ္ဏားရှစ်ဝိုး။ ညွှန့်ငုံ ဝေဆာ။ နေဇာမျက်နှ ဇယာဘုဟူ။ ခရုသင်းစစ်။ လကျာ်ရစ်နှင့်။ နတ်မြစ်မန္တာ။ မင်္ဂလာရွတ်ဖျန်းရေသဖန်းထက်။ မြှောက်သွန်းကျုံကျုံ။ ဘိသိက်ခံရှင့်။ ဟူ၍စပ်ဆိုသည်ကိုထောက်၍။ ရဇ္ဇာဘိသေက။ မုဒ္ဓါဘိသေက။သိရိပဝေသနာဘိသေကခံခြင်းတို့၌။အလျှားသုံးတောင်တမိုက်။ အနံသုံးတောင်ရှိသောရေသဖန်းဖျဉ်ကို

ပဒုမာကြာချပ်သဏ္ဍာန် ရွှေဖြင့်ရေးသော နေ ရာ ထက် စံ ပယ်လျက်။ ဥတ္တရာဘဒြပိုဒ်။ အစရှိသည်ဖြင့်။ မြောက် နက္ခတ်သုံးလုံးတွင် တလုံးလုံးနှင့်ယှဉ်၍ အဘိသိက်ခံခြင်း ဖြစ်လေသည်။ ဥတ္တရာသုံးပါးနက္ခတ်သည်။ အဘိသေက နက္ခတ်ဆိုသည်၊ ပညာရှိတို့စပ်ဆိုသည်မှာလည်း၊ ။အ ဘိသေက၊ဥတ္တရပုဗ္ဗသည်၊ မြတ်သုံးမည် ။င်၊ ရောင်ခြည် ပြိုးပြိုး ၊နှစ်ဆဲ့ ခြောက်လုံး၊ မင်းသုံးနက္ခတ်၊ဟူ၍ စပ်ဆို သည်။

(၂၃) ရေသဖန်းပျဉ်တွင် ပဒုမာကြာချပ်ရေးသည် မှာ။ ။သွ ာတည်ဦးကပဒုမာရွှေကြာပွင့် ။င် သက်န်းအစုံ ပါသည့်နိမိတ်ကိုထောက်၍ဘုရားပွင့်တော်မူကြောင်းကို သိရသည်ဖြစ်ခြင်းကြောင့်။ ဥကင်ဘွင့်ရာ၊ ပလ္လင်ဘွင့်ရာ၊ ဘုန်းတန်းခိုးဘွင့်ရာဖြစ်၍။ ဧအကြောင်းကိုထေ့သ ဖြင့်ပဒုမာကြာပွင့်ကြာချပ်သဏ္ဍာန်ရေးသားလေသည်။

(၂၄) မြေနန်းလက်မေးတန်းနှင့် ပြာသာဒ်ဆောင်အ ကြားမြေလပ်လွတ်ထားသည်မှာ။ ဥကင်ရာဇ ပလ္လင် ပြာ သာဒ်တော်လက်ဝဲလက်ျာ ဆင်ရဲကနှင့်ကျွန်ယုံအမတ်စစ် ဝတ်ဆင်လျက်စောင့်နေရသည့်ရှေးစာတမ်းများတွင်ပါ သည့်အတိုင်း၊ ပြာသာဒ်ဆောင်တော်နှင့် မြေနန်းတော် အကြားမြေလပ်သည်။ ဆင်ရဲကနှင့်စစ်ဝတ်ဆင် လျက် ကျွန်ယုံအမတ် လက်ဝဲ လက်ျာ စောင့်နေ ရန် လွတ်ထား သည်အမှန်ယူရမည်။ ။

(၂၅) မြေနန်းစမုတ်ဦးအရှေ့မင်းတက်တံခါး လက်

ဝဲလက်၌၊ ပြော့သားတုရင်သားတို့ကို။ တဘက်လေး ယောက်စီ၊ ကြမ်မ်လုံးစွဲလျက်၊ ပေါင်းထုပ်ရှက်ချွန်းကျော့ ကွင်းတပ်ပေါင်း၌ စောင့်နေရသည့်အကြောင်းမှာ။ မြို့ စောထိးလက်ထက်၊ မယ်တော်နတ်နဂါး က သား တော် အား အစောင့်အရှောက်နဂါးအမတ် ၄စ် ယောက် ထား သည်ကိုအစွဲပြု၍။ ဂဠုန်အန္တရာယ်ကြောင့် ကျော့ကွင်း ထိပ်၌စိုက်သည့် သဏ္ဍာန်ပေါင်းထုပ်ရလေသည်။ ။

(၂၆) တံခါးထွင် စောင့်နေရသောကြောင့် တုရင် ဆိုသည်။ တုရင်္ဂါရသည် မာဂဓစကားဖြစ်သည်။မြန်မာ ပြန်လျှင်တံခါးဆိုသည်။ဘွဲ့ပုံများ၌လည်း တံခါးမှူးတံ ခါးစောင့်တို့ကိုတုရင်အမည်, ဒွါရအမည်ပေးလေသည်။ ပြော့ဆိုသည်မှာမြန်မာရှေးစကားဟောင်းဖြစ်သည်။ တ ဘက်ကနေရသည်ဆိုလိုသည်။ အစဉ်စကားဟောင်းမှာ ပြော့တဘက်၊ ပြော့ လက် တီး။ ပြော့ တဘက်ကယ်ဆို သည်များကိုထောက်သဖြင့်။ ပြော့ဆိုသည့်စကားသည် တဘက်ဆိုကြောင်းကိုသိရသည်။ သည်ကိုရည်၍ ရှေး စာဟောင်းများ၌။ ။နေရာချနှင့်။ရောင်ပြခစား။မတ် နဂါးတို့။ပြော့သားတုရင်။နန်းသဘင်ဝယ်။စည်ပင်စံပ။ ခ စားရ၏။ ဟူ၍စပ်ဆိုလေသည်။ ။

(၂၇) နေရာ ငါးသွယ်၏ အကြောင်းမှာ။ မဇ္ဈိမ ဒေသတိုင်းကြီးပြည်ကြီးတို့၌။ အမတ် ခြောက်သောင်း တွင် ရွေးချယ်၍ ခြောက် ထောင်။ ခြောက်ထောင်တွင်ရွေး ချယ်ပြန်၍ ခြောက်ရာ။ ခြောက်ရာ၌ ရွေးချယ်ပြန်၍

လက်ဝဲခြောက်ဆယ်။ လက်ျာ ခြောက်ဆယ်။ နေရာချထားသည်။ မဇ္ဈိမဒေသက အကြောင်းကိုစွဲသဖြင့်။လက်ဝဲ လက်ျာ နေရာငါးသွယ်စီ ချနေစေသည်မှာ။ နေရာတသွယ်သျှင် ၁၂-ယောက်ဖြစ်၍။တဘက် ခြောက်ဆယ်စီ ဖြစ်လေသည်။ ။

(၂၈) ငါးသွယ်ကို။ တော်။ ဒူး။ စနည်း။ ဘဝေါ၊ ခေါ်သည်မှာ။ ရာမညတိုင်းသားတို့ဘာသာဖြစ်သည်။မြန်မာဘာသာပြန်လျှင်။တော်ဆိုသည်မှာ ကွန်းစင်ဆိုသည်။ ဒူးဆိုသည်မှာ သေဥမဆိုသည်။ စနည်းဆိုသည်မှာ သေဥရုံဆိုသည်။ဘဝေါဆိုသည်မှာသေဥထွေးဆိုသည်။ အတွင်းဘဝေါ။ အပြင်ဘဝေါဖြစ်၍ ငါးသွယ်ရှိလေသည်။ သို့ဖြစ်၍လည်းပညာရှိတို့စပ်ဆိုသည်မှာ။ ။အခမတ်ကြီးဟု။ သီးသီးကျော်ထင်။ တော်ဟုတွင်သား။ကွန်းစင်လုံးညီ။ဖွဲ့တိုင်မှီလျက်။နေ့ဝံ့ကြံနေ့ဝံ့တည်။ ဒူးစနည်က။ နှစ်မည်ဘဝေါ။နတ်လောကြေးဘွယ်။ မတ်ငါးသွယ်နှင့်။ ဟူ၍ စပ်ဆိုလေသည်။ ။ကွန်းစင်လက်ပြင်နေရာသည် ထီးဆောင်းစော်ဘွားတို့ တူသားမြေးကို ချထားသည်။ ထိုနေရာလက်ပြင်ကို စော်ဘွားတို့ဆွေမျိုး မြို့စားတို့ကို ချထားသည်။ ရှေးစာဟောင်းများတွင်လည်း။ ။ တင့်တယ်ရောင်ဆင်း,ထီးဆောင်းမင်းတို့,ရင်တွင်းမြတ်လေး, ဆွေသားမြေးကို, ယဉ်ကျေးအောင်လျှင်, ဖွဲ့ကွန်းစင်ဝယ်, စီဆင်ခင်းကျင်း, လက်တွင်းသွင်းမှ, ထိုမင်းတို

မျိုး, မြို့စားနိုးကို, ကောင်းကျိုးဘော်ပြ, လက်ပြင်ချ၍, ဟု စပ်ဆိုလေသည်။

(၂၉) ထွက်ဘော်မှုကြီး ထွက်ဘော်မှုလျှင် ရှေ့ခြောက်တပ် နောက်ခြောက်တပ် ခင်းကျင်းလိုက်ရသည့် အကြောင်းမှာ လက်ဝဲနေရာ အမတ်ခြောက်ကျိပ်က ခြောက်ယောက်။လက်ျာနေရာ အမတ်ခြောက်ကျိပ်က ခြောက်ယောက် ရွေးချယ်ပြီးလျှင် တဘပ်တယောက်စီ အမှူးခန့်၍ လက်ျာနေရာကအမတ်တပ်မှူးခြောက်ယောက်နှင့် ခြောက်တပ်ကို ရှေ့ခြောက်တပ် ခင်းကျင်းလိုက်ရသည်။ လက်ဝဲနေရာက အမတ်တပ်မှူးခြောက်ယောက်နှင့်ခြောက်တပ်ကို နောက်ခြောက်တပ် ခင်းကျင်းလိုက်ရသည်။ လက်ျာတပ်နှင့်, ရှေ့တပ်ပင့်ချီ, လက်ဝဲတပ်နှင့်, နောက်တပ်ပင့်လိုက်, သေနင်္ဂဗျူဟာတွင် ဆိုသည့်အတိုင်း ညီလေသည်။ ။နေရာတွင်လည်း။ မြင်းမိုရ်နေရာ။ ပြင်နေရာ။ နှစ်နည်းသာရှိသည်။ ဘောင်ငူ ကေတုမတီမြို့တည် မဟာသီရိဇေယသူရ တပင်ရွှေထီးမင်းဘို့လက်ထက်၊နေရာထောင်ချထား၍ မှူးမတ်တို့ ခစားရသည်။ ရာမညတိုင်းမင်းတို့မှာလည်း နေရာထောင်ချထား၍ ခစားရသည်။ နေရာထောင်မှာ။ ရာမညတိုင်းမင်းတို့အသုံးအဆောင်ဖြစ်သည်။ နေရာပြင်မှာ မြန်မာမင်းတို့အသုံးအဆောင်ဖြစ်သည်။ ဟံသာဝတီဆင်ဖြူများရှင်သည် ယိုးဒယားကပြန်ရောက်လျှင်။ မှူးတော်မတ်တော်တို့ကို နေရာထောင်ချထား၍ခစားစေသည်ဆိုသည့်နေရာသည်။မြင်းမိုရ်

နေရာပင်ဖြစ်သည်။ ဆင်ဖြူများရှင်သည်ရာမညတိုင်းအရပ်၌မြန်မာမင်းဖြစ်လေသောကြောင့်။ ရာမညတိုင်းမင်းတို့ အသုံးအဆောင်, ရာမညတိုင်းသားတို့ဘာသာအပြောအဆိုနှင့်။ မြန်မာမင်းတို့အသုံးအဆောင်, မြန်မာဘာသာအပြောအဆို အခေါ်အဝေါ်များသည် ထွေးရောလျက်ရှိလေသည်။ ဆင်ဖြူများရှင်လက်ထက်ကသည်သားတော်ညောင်ရမ်းမင်းတိုင် ဆက်နွယ်သည်ဖြစ်၍ အစဉ်မပျက်သုံးဆောင်ပြောဆို၊ အခေါ်အဝေါ် ထွေးရောကြလေသည်။ ဓမ္မသတ်စာစောင်များ၌လည်း အဠမဟာသေနာပတိမှူးကြီးမတ်ကြီး၊ ဒေါဗညား၊ မှူးလတ် မတ်လတ် မှူးငယ်မတ်ငယ်တို့သည်၊ အမှုနှင့်ဆိုင်ရာကျူးလွန်သည်ကို လျော်ပြစ်လျော်ထုံးစီရင်ရသည်ဆိုသည့်အချက်ကိုထောက်၍ ဒေါဗညားတို့သည် ရာမညတိုင်းအမှူးအမတ်ဖြစ်ကြောင်းကို သိရသည်။ နေရာတွင်၊ မြင်းမိုရ်နေရာ၊ ပြင်နေရာ၊ နှစ်နည်းရှိကြောင်းများကိုစပ်ဆိုသည်မှာ၊ ၊ မြေနန်းလွှတ်သာ, မင်္ဂလာသဘင်, နှစ်ဥကင်၌, အပြင်တချက်, ဈေးဆက်နဂိုရ်, မြင်းမိုရ်မယွင်း၊ ခင်းသည်စဉ်လာ၊ နှစ်နေရာတွင်၊ ဂုဏ်ဝါချီး၍၊ မြောက်လက်ဝဲက၊ ဟူ၍စပ်ဆိုလေသည်။

(၃၀) အိမ်ရှေ့မင်းအဆောင် သားတော်ညီတော်တို့ ဝေါပလာရလျှင် ပေးသည့်အဆောင်နှီတွင် နံ့ ကဗိုင်ကယပ်ပါသည်မှာ နံ့ဆိုသည်ကား အိုးဆိုသည်။ ကဗိုင်ဆိုသည်မှာ ကရွတ်ဖြစ်သည်။ ကယပ်ဆိုသည်မှာ ပုဆိုးအခ

ထည့်အလိပ်ဖြစ်သည်။ ရေအိုးသင်းချောအမှုံပါဂုံစယဉ်စည်း၍၊ ချိပ်ကိုက်သစ်သားကရွတ်နှင့် သောက်ရေဆောင်၍ ပါသည့်အိုးဖြစ်သည်။ သောက်ရေဆောင်အိုးခေါ်သည်။

(၃၁) နေရာသင်ဖြူးတွင် ဘိ၍ထားသည့်' လန်ဘိကျောက်ကြာမှု၏ အကြောင်းမှာ မင်းကြီးစွာစောကဲလက်ထက် ရခိုင်ပြည်ကိုအခုပ်အချုပ် စောမွန်ကြီးကိုခန့်၍ စောင့်နေရသည့် ကာလ၊ ရခိုင်မင်းပေါင်းသည့်ကျည်းဦးပေါင်းကို ဆက်လိုက်သည်။ မင်းကြီးစွာစောကဲဆင်တော်မူမည်ရှိသည့်တွင် ဝန်ဇင်းမင်းရာဇာက စုံစမ်း၍ ဆင်ဘော်မူသင့်သည့် သျှောက်သောကြောင့်၊ ဦးပေါင်းကို ဝန်ဇင်းမင်းရာဇာအား ပေးတော်မူသည်။ ဝန်ဇင်းမင်းရာဇာလည်း ရာဇဝတ်ရေး၌ လိမ္မာသည့် အမတ်ပညာရှိဖြစ်၍ ဦးပေါင်းကိုဆက်ပြန်သည်။ဦးပေါင်းအကြောင်းကိုသိသာအောင်စုံစမ်း၍ သျှောက်ရမည်မှာထားလိုက်သျှင်။ စောမွန်ကြီးက။ ရခိုင်တွင် လူကြီးသူကြီးသိ၌သသူတို့ကို စစ်ကြောမေးမြန်းစုံစမ်း၍။ ရခိုင်နန်းဘုကြီး နန်းဘုငယ်တို့ ပေါင်းသည့် ဦးပေါင်း ဖြစ်ကြောင်းကို သျှောက်ထားရာတွင်မှ။ ရခိုင်နံ ရခိုင်မင်းတို့ အညွှန့်အသားကို နှိပ်စေလို၍။ ရခိုင်မင်းဦးပေါင်းနှင့်တူစွာ ကျောက်ကိုထုလုပ်ပြီးသျှင်၊ နန်းတော်ဘွင်ခင်းသည့်သင်ဖြူးများမှာ အနားလန်သည်ကို လမ်းသွားသာအောင်ဘိထားလေသည့်ဖြစ်၍လန်ဘိကျောက် ခေါ်ဝေါ်

သည်။အချို့ပုဂံပြည်ဝယ် တောင်သူကြီးမင်းပြုသည့်ကာ
လ ယာခင်းတွင်လုပ်ဆောင်သည့် ဖူးသခွါးတို့ကို ဆောင်
ယူစေ၍ ရဟန်းပုဏ္ဏားတို့အား မပြတ်ပေးကမ်းလှူဒါန်း
သည်။ မောင်းမမိဿံတို့အားဝေငှသည်။ တနေ့မပြတ်
သုံးစွဲ၍မကုန်လေလျှင် ထားမိထားရာရှိသည်နှင့်။ နန်း
တွင်ခင်းထားသည့်ဖျာသင်ဖြူးတို့အနားလန်သည်များကို
လမ်းရှင်းအောင် ဖူးသခွါးတို့နှင့်ဘိထားသည်။ နောက်
နောက်သောမင်းတို့လက်ထက် ဖူး၏သဏ္ဍာန် ကျောက်
ကိုလုပ်ထားသည်ဆိုသည်။ သို့ဖြစ်၍ ထိုကျောက်ကိုလန်
ဘိကျောက် ခေါ်ဝေါ်သည်လည်းဆိုသည်။ လူကြီးသူ
ကြီးတို့ အစဉ်ပြောဆိုကြသည် နှစ်သွယ်နှစ်ကြောင်းရှိ
သည်တွင် ပညာရှိတို့စပ်ဆိုသည်မှာ။ ။မင်္ဂလာညွန့်ဘူး
ရွှေနန်းဦးဝယ်။သင်ဖြူးနီလျှမ်း။အနားမွမ်းတွင်။မင်းလမ်း
ဘိမြဲ။ကြာရှ ခဲ့နှင့်။ ။ဟူ၍စပ်ဆိုလေသည်။

(၁၂) ပေါင်းတော်ဆောင်မှာ ပေါင်းတော်ထား
သည်။အထွတ်အမြတ်အဦးဖြစ်၍ နန်းမနန်းဦးတည့်တည့်
ဆောက်လုပ်ခြင်း။ ပေါင်းတော်၊ သရဘူတော်၊ မကိုဋ်
တော်၊ပတ္တမြားပေါင်းတော်၊ နဝရတ်ပေါင်းတော်၊ ရွှေ
သားပေါင်းတော်၊ ငွေသားပေါင်းတော်။ ပကတိပေါင်း
ထုပ်တော်တွင် ရွှေသားရွှေတွန့်ပေါင်းတော်၊ စိန့်တုယ်
ပေါင်းတော်၊ မြတွယ်ပေါင်းတော်များကို ခေါက်တုံ့
ပြင်ဆင်ထားရာဖြစ်၍ ပေါင်းတော်ဆောင် ခေါ်ဝေါ်သ
မုတ်လေသည်။ပညာရှိတို့စပ်ဆိုသည်မှာလည်း။ ပေါင်း

ဘော်ပတ္တမြား၊ဆင်ဝတ်စားနှင့်၊သိကြွားတမျှ၊ဟူ၍ရင်း။ ပေါင်းတော်နဝရတ်၊ မျက်ခတ်ဗိဆင်၊ မိုးနတ်သွင်တည့်။ ဟူ၍ရင်း။ ဗိန်ဘွယ်မြတွယ်၊မျက်ခြယ်ပေါင်းတော်၊ကျူးကျော်ဆန်းပြား။ ဟူ၍ရင်း စပ်ဆိုလေသည်။

(၃၃) လေသာဆောင်တော်မှာ အခြားအဆောင်ကဲ့သို့အကာအရံမရှိ။ လေညင်းလေသာ ဝင်ရာဖြစ်၍ရင်း၊ လေညင်းလေသာ ခံတော်မူရာ, စံတော်မူရာ အရပ်ဖြစ်၍ရင်း၊ လေသာဆောင် ခေါ်ဝေါ်သမုတ်လေသည်။

(၃၄) ပရိတ်နာဆက်ဆောင်ခေါ်ဝေါ်သမုတ်သည်မှာ ကြေရာဇာမင်းမြတ်တို့ ထွက်စံသည်ဖြစ်စေ မထွက်စံသည်ဖြစ်စေ ရံဖန်ရံခါ အမှုနှင့်လျော်စွာ ကြုံကြိုက်သည့်ကာလ ပကတိပေါင်းတော်။သရဘူတော်။မကုဋ်တော် အစရှိသော အဆောင်အယောင်တော်။ မင်းဝတ်တန်ဆာတော်များကို ပရိတ်တော်ခံသည်။ ပရိတ်တော်နာသည်။ ပရိတ်တော်ပန်းဆက်သည်များကိုအကြောင်းပြု၍ ပရိတ်နာဆက်ဆောင် ခေါ်ဝေါ်သမုတ်သည်။ ရာဇမဏိစူဠာဘုရားဒါယကာ လက်ထက်၊ တောင်ဘီလာဆရာတော်မန်းစက်တော်ရကာပြန်၍ နန်းတော်သို့ပင့်သည်ကာလ။ပရိတ်တော်ဆက်ဆောင်တွင် အတွေ့ခံတော်မူသည်။ အထက်စက်တော်အောက်စက်တော်ကိုတရာ့နှစ်မျှင်ချည်နှင့် မှတ်သား တိုင်းယူခဲ့သည့် စက်တော်တိုင်းချည်ကို စက်တော်ဦး စက်တော်ဖနှောင့် မှတ်သားထားပြီးလျှင် ပရိတ်တော်ရွတ်သည်။ ကမ္မဋ္ဌာန်း သရဇ္ဈာယ်တော်မူ

သည်။ ရှိခိုးပူဇော်ပြုတော်မူ၍ ဆရာတော်နှင့် မင်းကြေ ရာဇာ ကိုယ်တော်နှစ်ပါးသည် ထင်ရှားစွာ နိမိတ်ပြဒိုဟာကို ပြတော်မူစေသောဟု သစ္စာဓိဋ္ဌာန်ပြုသည်တွင်၊ ညိုသောရောင်ခြည်တော် ပြတော်မူလေသည် ဟူ၍စာဟောင်းများ၌ရှိသည်ကိုထောက်လျှင်၊ ပရိတ်နှာဆက်ဆောင်တွင်ကြောင်းကို သိရသည်။

(၃၅) ဇေတဝန်ဆောင်ခေါ်ဝေါ်ကြောင်းမှာ မဇ္ဈိမဒေသကပင် ခေါ်ဝေါ် သမုတ်ခြင်းဖြစ်သည် ယူရန်ရှိသည်။ ဇေတဝန်အမည်သည် မာဂဓစကား ဖြစ်သည်။ မာဂဓရာဇာတိုင်းသားတို့ အခေါ်အသုံး ဖြစ်သည်ဆိုသည်မှာဇေယ၊ ဇိတ၊ ဇိယံ၊ ဇိတဝါ၊ ဇယော၊ ဇယ ဆိုသည်များသည်။ မြန်မာပြန်လျှင် အောင်ခြင်း သဘောကို ရသည်။ မာဂဓရာဇာတိုင်းသားတို့မှာသာ အောင်သည်ကို စကား အများရှိသည်မဟုတ်။ မြန်မာဘာသာစကားမှာလည်းနှိပ်သည်,နင်းသည်,နှံသည်,နိုင်သည်,အောင်သည် စကားတရပ်။ ကြောက်သည်,ဖြင်သည်,ဆုတ်သည်,လန့်သည်,ရှုံ့သည်,စကားတရပ် ကြွေးသည်,ကဲသည်,စိုးသည် ချုပ်သည်,အုပ်သည်, စကားတရပ်။ စကားတခုကိုအသွယ်သွယ် ပရိယာယ် များပြားသည်ကို ထောက်လျှင်၊ ဇိတဝါခေါ်ဝေါ်ရင်း မာဂဓစကားပင်ဖြစ်သည်။ ဇူ-ကို၊ ဇေ၊ပြုသည်။ ဇေ-ကို၊ ဇူ-ပြုသည်။ ဇူ-ကို၊ ဥ-ပြုသည်။ ဥ-ကို၊

ဣ-ပြုသည်။ အခ-ကို၊ အခ-ပြုသည်။ အခ-ကို၊ အခ-ပြုသည်။ နိဂ္ဂဟိတ်ကို-နှ-ပြုသည်။ မ-ပြုသည်။ င-ပြုသည်။ ဏ-ပြုသည်များကိုထောက်၍၊ ကဏ္ဍသုခဖြစ်အောင် ဇေတဝန်ဆောင်ခေါ်ဝေါ်ခြင်း။ ဇေတဝန်သည်အောင်ခြင်းသဘောကိုရသည်ဖြစ်၍၊ ဘီလူးကိုးကျိပ်ကုဋေယောက်တို့ကို စစ်ကိုင်းအရပ်၌ဘုရားသခင်ချွတ်တော်မူ၍၊ အောင်မြင်ခြင်းဇေတဘီလူးကို အမှူးပြုသဖြင့်ရင်း၊ ဇေတဘီလူးလည်းဘီလူးတို့ကိုနှိပ်နင်းအောင်မြင်နိုင်သည်ဖြစ်၍ဇေတအမည်ကိုရခြင်းအကြောင်းတို့ကို အစွဲပြုသဖြင့် ဘီလူးကိုးကျိပ်ကုဋေယောက်သည် သောတာပန်တည်၍၊ အောင်မြင်ခြင်းနိမိတ်ကို ထင်ရှားစေခြင်းငှာ ထိုအရပ်ကို သောတာပန်အရပ်ဟူ၍ သမုတ်လေသည်။ ဇေတဘီလူး အမှူးဖြစ်သည်ကိုရင်း၊ အောင်မြင်ခြင်းကိုရင်း၊ အကြောင်းပြု၍ဇေတဝန်ဆိပ် ပညပ်ခေါ်ဝေါ်လေသည်။ အနာထပိဏ်သူဌေး ဆောက်လုပ်သည့် ကြောင်းကို ဇေတဝန်ကျောင်းတော်သမုတ်ခေါ်ဝေါ်သည်မှာ ဇေတမင်းသား ဥယျာဉ်တောအရပ် ဖြစ်၍ ဇေတဝန ဆိုလိုသည်။ ဇေတဝန်ကျောင်းတော်ကိုအစွဲပြု၍၊ သုံးထပ်ဆောက်လုပ်သမျှကို ဇေတဝန် ခေါ်ဝေါ်သမုတ်လေသည်။ နန်းတော်ဇေတဝန်ဆောင်, လွှတ်တော်ဇေတဝန်ဆောင်တော်များမှာ အရှေ့ဆောင်ဦးဖြစ်၍ရင်း၊ လွှတ်ဇေတဝန်ဆောင်မှာလည်း ဥက္ကင်ရာဇပလ္လင်တည်ရာ, ထီးဆောင်းမင်း အပေါင်းတို့၏ညွှတ်ရာ, ရန်မာန်ကိုအောင်မြင်ခြင်းနိမိတ်ကို ထောက်

ယူ၍ ဧတဝန်ခေါ်ဝေါသမုတ်သည်၊ ပညာရှိတို့စပ်ဆို သည့်မှာလည်း၊ ဘဝါးရွှေစက်။ ညွှံ့သက်ဖြိုးညီ။ လကျာ ချီ၍။ ရွှေဆီတူရူ။ လှမ်းတော်မူမှ။ ထွက်ပြုနန်းမ။စနှုစ သား။ ရွှေမှတတန့်။ ဧတဝန့်သို့။ ဘုန်းဌန်နတ်တူ။ရောက် တော်မူက။ ဟူ၍စပ်ဆိုလေသည်။

(၃၆) မြဲတိုက်မှာ ပတ်ိုက်မြဲဆိုသည်။ မြဲတိုက်၊စနှု၊ စမုတ်၊ဒဝယ်၊ အဆောင်များသည် ရာမညတိုင်းသားတို့ အခေါ်အဝေါ် ဖြစ်သည်။ ပ–ဆိုသည်မှာ ပျိုသည့် ဆို သည်။ ပတိုက်အဆောင်ဆိုသည်။ လူပျိုမြဲအဆောင်ဆို လိုသည်။

(၃၇) မြဲတိုက်ဆောင်တော်မြောက်။ ရွှေနန်းကြက် သရေဆောင်တော်တင်းကုပ်သည် မြဲတိုက်သို့ ထွက်တော် မူသျှင်! ပြတင်းကြီးကရှုမြင်တော်မူသာအောင်ဖြစ်သည်။ နန်းဘော်ဆောင်မ၏ အရှေ့မြောက် တင်းကုပ် ဆောက် လုပ်ခြင်းသည်၊ အဋ္ဌေပုရံပဒက္ခိဏံကတွာ အဋ္ဌေပုရ သာသစဥတ္တရသီဟပဉ္စရသဒိသေဠာနေ၊ အစရှိသော ပါဠိ ကိုထောက်၍၊ စကြာမင်းတို့ဝယ် စကြာရတနာကို နန်း တော်အတွင်း အရှေ့မြောက် ထောင့်က ထားသည်ကို အကြောင်းပြုသဖြင့်၊ ရတနာ ခုနစ်ပါးတွင် ဆင်လည်း ရတနာတပါး အဝင်ဖြစ်၍၊ နန်းတော် ဆောင်မ အရှေ့ မြောက်အရပ်၌ ဆင်တော် တင်းကုပ် ထားလေသည်။ ဥတ္တရသီဟပဉ္စရသဒိသေဠာနေ၊ ပါဠိကို ထောက်လျှင်၊ စကြာကိုနန်းတော်အတွင်း အရှေ့မြောက်ကထားသည်။

ခြသေ့်ခံသော လေသာနန်းပြတင်း မြောက်ကရှိကြောင်းကို သိသည်ကိုထောက်၍၊ ဗွေနန်းကြက်သရေဆင်တော်တင်းကုပ်ထားရာ, ရှုမျှော်ရာဖြစ်သဖြင့်၊ မြတ်ကိုက်တော်ပြတင်းကြီးသည် ခြသေ့်ခံသော လေသာနန်းပြတင်းယူရန်ရှိသည်။

(၃၈) စနုမှာ စောကနုသံဆိုသည်။ စကားရွေ့သဖြင့် စောနုခေါ်ဝေါ်ပြန်သည်။ စောနုကိုစနုရေးသားခေါ်ဝေါ်လေသည်။ စော-မှာ ထားသည်။ ကနုသံ-မှာ ခရုသင်းဆိုသည်။ ခရုသင်းထားသောအဆောင်ဆိုလိုသည်။ ဧရာမင်းတို့လက်ထက်လည်း ခရုသင်းကို အုပ်နှင့်ထည့်၍၊ စနုဆောင်တော် တံခါးအဘွင်း လကျ်ာဘက်က ထားသည်။ ရတနာဆယ်ပါးတွင်ခရုသင်းလည်း ရတနာတပါးပင်ဖြစ်သည်။ နန်းဦး၌ ခရုသင်းထားသည်မှာ သင်္ပတ္တမင်း၏အကြောင်း ဧရာဟောင်းနိမိတ်ကိုစွဲ၍ ထားသည်ဆိုသည်။ တရော့ရှစ်ကွက်စက်တော်တွင်လည်း သောတသခေါ်၊ ခရုသင်းဖြူရင်း/ပါဠိရှိသည်။ လက်ာတွပ်လည်း ဘုန်းခေါင်စကြာမင်း။ခရုသင်းဖြူဆွတ်။ ဟူ၍စပ်ဆိုလေသည်။ဘေးကင်းရန်လွတ်။နန်းစဉ်ထားမြဲ။ သုဝဏ္ဏဂေဟာ မင်္ဂလာဖြစ်သည်ယူရမည်။

(၃၉) စမုတ်မှာ စောမုတ် ဆိုလိုသည်။ စော-မှာ ထားသည်။ မုတ်-မှာ, မျက်နှာဆိုသည်။ မျက်နှာထားဆောင် ဆိုလိုသည်။ မျက်နှာထားဆောင် ဆိုသည်မှာ ရုံဘန်ရုံခါ တောင်စမုတ်ဘောင်, မြောက်စမုတ်တော်သို့

ထွက်တော်မူ၍ ပန်းခုံရေကန် အစရှိသည်တို့ကို ကြည့်ရှုတော်မူခြင်း၊ တောင်စမုတ်, မြောက်စမုတ် အလုပ် အခဆောင်လည်း၊ တောင်မြောက်မုတ်မျက်နှာ တူရူပြုတော်မူသည်ဖြစ်၍၊ အဆောင်ကို စွဲသဖြင့် ခေါ်ဝေါ်ခြင်း၊ ပဥ္စင်းတော်။ ကထိန်တော် ဝါကျွတ်အလှူတော်။ ဆင်ဖြူ။ မြင်းဖြူ။ လှော်ကားသင်းဘောကို သွင်းသည့်ကာလ၊ တောင်စမုတ်တော်သို့ ထွက်တော်မူ၍ ရွှေကရားနှင့် ရေစက် သွန်းတော်မူခြင်း၊ ဆင်တော်မြင်းတော် သိမ်းမည့်အမှုများကို မြောက်စမုတ်တော်သို့ထွက်တော်မူ၍ သိမ်းမြန်း ကြည့်ရှုတော်မူခြင်း၊ ရွှေနန်း၏အခြင်းအရာ အခါကာလ၊ အမှုနှင့်လျော်စွာထွက်တော်မူသည်။ မြောက်စမုတ်တော်တွင်လည်းဆင်ယှဉ်တော်ထားသည်။ မြေနန်းစမုတ်တော်လည်း ရာဇပလ္လင်ဥကင်မုတ် တူရူတည့်တည့်၊ အရှေ့အနောက်အဆောင်စမုတ် တူရူပင်ဖြစ်သည်။ မြေနန်းစမုတ်သည် အရှေ့နန်းဦးစမုတ်ကြီးဖြစ်သည်။ စမုတ်သုံးဆောင်သည် ကေရာဇ်မင်းမြတ်ထွက်စံတော်မူရာလဆန်း ၁၅-ရက်မြောက်၊ ပုဏ္ဏာတိထိပြည့်သည့် လဝန်းကဲ့သို့ ရွှေမျက်နှာတော်ကို မှူးတော်မတ်တော်တို့ ဖူးမြော်ရခြင်း၊ ထိုအဆောင်တို့၏ ခေါင်တမုတ်မျက်နှာ။ တူရူဆောက်လုပ်သည်များကို အကြောင်းပြု၍ စမုတ်ခေါ်ဝေါ်ပညတ်လေသည်။

(၄၀) ဒဝယ်ဆောင်ခေါ်ဝေါ်သည်မှာ ဟံသာဝတီဆင်ဖြူများရှင်လက်ထက်၊ ဒဝယ်မြို့ပါ သူကောင်းသား

မြေးတို့ကို ရွေးချယ်ပြီးလျှင်၊ ထိုအဆောင်နှစ်ဆောင်မှာ မြဲစွဲစေသည်ဖြစ်၍ ဒဝယ်ဆောင်ခေါ်ဝေါ်သည်။ နွေး သည်ကိုလည်း ဒဝယ်ဆိုသည်။ ရေနွေးတော် ထည့်ရာ အဆောင်ဆိုလိုသည်။ ဒဝယ်ဆောင်လည်း နှစ်ထပ်လည် ပေါ်ပင်ဖြစ်သည်။ ဒဝယ်မြို့တွင် စရပ်ကျောင်းကန်ဆောက် လုပ်သည်များသည် နှစ်ထပ်သာ အဆောက်အလုပ်များ သည်။ နှစ်ထပ်လည်ပေါ်၍ ဆောက်လုပ်သည်ကို ဒဝယ် ခေါ်သည်။ ရှေးစာဟောင်းများတွင်လည်း ဒဝယ်လည်ကို ရပ်လျှိုကျောင်းဆင် ဟူ၍၎င်း၊ ဒဝယ်လည်ကို၊ ကြည့် လိုမပြီး၊ ကွန်းစင်ဆီးလျှာ ဟူ၍၎င်း၊ စပ်ဆိုလေသည်။

(၄၁) လျှောင်းတော်ဦးခေါ်ဝေါ်သည်မှာ လျှောင်း ဆိုသည်ကို ကြည့်သည်မျှော်သည်ဆိုသည်။ ကြည့်မျှော် ရာ အဆောင် ဆိုလိုသည်။ (စကားအလျဉ်းသင့်၍သာ ဆိုသည်။ အိမ်ရှေ့တော်မှာဖြစ်သည်)။

(၄၂) သဘင်နန်း ခေါ်ဝေါ်သည်မှာ အနောက်အ တွင်းတော်မှာ ပွဲသဘင်ခံလျှင် သဘင်ရှုတော်မူသည်။ မြင်းခင်းကာလ ဆင်မြင်းကိုသွင်း၍ ကြည့်တော်မူလေ သည်။ စက်တိုင် စက်ရွက်ထား၍ မင်းညီမင်းသား မှူး တော်မတ်ယော်တို့စက်ထိုးရသည်။ ရံဘန့်ရံခါ ဧကရာဇ် မင်းမြတ်ကိုယ်တော် စက်ခင်းမြင်းရေး နှင်တော်မူသည်။ ရှုတော်မူရာ အဆောင်ဖြစ်၍ သဘင်နန်း ခေါ်ဝေါ်သည်။ ဆင်ကြည့်နန်းလည်း ခေါ်ဝေါ်သည်။ ပညာရှိတို့ စပ်ဆို သည်မှာလည်း၊ လက်မိုး ခရည်၊ မှူးမတ်လည်လျှက်၊

ဘွဲ့မည်ရာပေး၊ ပျပ်ပျပ်ကွေးမှ၊ ကျူးဝေးယဉ်နု၊ ရတုလျှော်သံ၊ ညင်းညင်းညံ့မျှ၊ ဆင်ရုံမြင်းခင်း၊ ရွှေနန်းဘွင်းဝယ်၊ ဟူ၍ရင်း။ ပြိုင်တူလွှတ်ကင်း။ ယဉ်ကျော်မြင်းကို။ ရာမင်း ထိပ်ပေါ်။ ဘုန်းလျှိုင်ကျော်မှာ။ စိတ်တော်လိုရာ။ ရည်တိုင်းပါဟု ဟူ၍ရင်း။ မှူးမတ်များနှင့်။ မင်းသားမင်းညီ။ ရှိဦးစီလျက်။ ပည်းသီအရန်းအခင်း။ ရွှေနန်းတွင်းဝယ်။ ဆင်မြင်းဝန်းရံ။ ဒိုင်းလွှားခံ၍။ ဗြောသံမြိမ့်မျှ။ စက်ထိုးကြွေသော်။ မြင်းဘခိုက်အောင်။ ထွတ်ဘုန်းခေါင်သည်။ ပြောင်ပြောင်မြူးကွန့်။ ယှံသွားပြန့်နှင့်။ လက်တန်တော်မြှောက်။ စက်တိုင်အောက်၌။ နှိုင်းထောက်လွှတ်ကွာ။ စံသောခါလည်း။ ဟူ၍ရင်း။ ။နွယ်ပန်းခွါညို။ လပြောသိကား။ ရွယ်ပျို့အလတ်။ နုထွတ်ဆင်းရောင်။ မှူးခေါင်မတ်ဖျား။ မင်းသားမင်းမြေး။ သုန့်းရေးတိုက်ဘက်။ ငွယချက်ချိုဝင့်။ ချွန်းဘွင့်တိုက်လွှတ်။ ဆင်ဘတ်ဆင်သျှင်။ ခြေသျှင်ခြေချင်း။ မြင်းလည်းမြင်းလျောက်။ ထိုးမြှော်ယှံလေး။ ခုန်ပြေးမြန့်လျှင်။ စိုင်းနှိုင်ကြွားကြွား။ ထားသွားချွတ်ငင်။ မွှမ်းမွှမ်းဖြင်ချူ။ သဘင်မြင်းခင်း။ စစ်အင်ကျင်းသည် ဟူ၍ရင်း။ စပ်ဆိုလေသည်။

(၄၃) အနောက် ပွဲတက်ဆောင်ဘွင် ရာဇပလ္လင် ထည့်သည်လည်း ဆိုသည်။ ထည့်သည့် ရာဇပလ္လင်တွင် ဆင်ချပ်အပြည့်ခံသည် ဆိုသည်မှာ ဒဂုန်ဆင်ဖြူ လက်ထက် ဆင်ချပ်ရာဇပလ္လင်ဖြစ်ကြောင်းကို အစဉ်ပြောဆိုသည့်စကားနှင့် ညီလေသည်။ ပြတင်းကြီးနှင့် အတွင်းက

သလွန်တော်တည်သည် ဟူ၍လည်း ရှိသည်။ စကားနှစ်ချက်မှာ၊ အစိုးရသသူ အရှင့်ရွှေနှလုံးတော် နှစ်သက်ရာဥပဒေပြု၍ သုံးစွဲသည့်ကိုသာ ထုံး ဖြစ်စေ သင့်သည်။ ဟောင်းသာ ဟောင်း၍ မကောင်းသည့် အရာလည်း ရှိသည်။ ဟောင်းလည်းဟောင်း၍ ကောင်းလည်းကောင်းသည့်အရာလည်းရှိသည်။ သစ်ကားသစ်၏၊ မဖြစ်ရသည့်အရာလည်း ရှိသည်။ သစ်လည်းသစ်၍ ဖြစ်လည်းဖြစ်ရသည့်အရာလည်းရှိသည်။ အကြောင်းလေးချက်ကို ဆင်ခြင်ပြီးလျှင်၊ ရှေးအစဉ်လည်း မပျောက်၍ နောက်သုံးစွဲသည့်အရာလည်းကောင်းလျှင်၊ ရွှေနန်း၏ အဘွယ်အရာလိမ္မာကျွမ်းသိ နားလည်သဖြင့်၊ ဧကရာဇ်မင်းမြတ် ရွှေနှလုံးတော်မင်းရိပ်မင်းခြည်ကို ကြည့်ရှုဘွေးတောဆင်ခြင်၍။ စာဟောင်းစာတမ်း စွဲလမ်းလျက်၊ အစဉ်မော်ကွန်းဖြစ်စိမ့်သောငှာ၊ စီရင်ခင်း စီရင်ဘွယ်တို့ကို စီရင်နိုင်သည်သာလျှင်အမှုကံတွင်သည်ဆိုရန်ရှိသည်။ မင်းမပေးသော်သာရာဇ ဝတ်လွတ်ကင်းသည်။ အရည်ရှိသည်၊ အချင်းရှိသည်၊ အရင်းဖြစ်သည်၊ အမျိုးဖြစ်သည်၊ မကိုးစားသင့်။ ကမ်းနား သစ်ပင်ကဲ့သို့ ဖြစ်သည်။ အစိုးရသသူ အရှင်သနားချစ်ကြည်တော်မူသော် လိုရာရွှယ်တိုင်း ပြီးစီးနိုင်သည်။ သို့ဖြစ်၍ပညာရှိတို့ စပ်ဆိုသည်မှာ အရည်အချင်း။ အရင်းအမျိုး။ မကိုးသာချေ။ ကမ်းခြေသစ်ပင်။ ရောက်သော သွင်သို့။ ပုံပြင် တူငြား။ သနားတော်သာ။ လိုရာရွှယ်နိုင်။ အပြီးတိုင်ရှင့် ဟူ၍စပ်ဆိုလေသည်။ သည်

စကားသည် မင်းခစားသူတို့အား အနူသာသနိဖြစ်သည်။

(၄၄) နန်းတောမိုး၌ ဌက်ခတ်တဲထားသည်မှာ ကောသမ္ဗီပြည် ကောသမ္ဗီမင်း၏ မိဘုရားဆောင်းလအခါ ကမ္ဗလာနီကိုခြုံ၍နေရောင်ခံသည်တွင်၊ သားတစ်အမှတ်ဖြင့် ကောသနီမိဘုရားကို ဌက်ကြီးချီ၍ တောအရပ်သစ်ပင်တွင် တင်ထားသည်။ ပဒိုသန္တေအရင့်အမာပါသည်ဖြစ်၍သား ဘွားလေလျှင်၊ ရသေ့မွေးကျွေးပြုစုရသည်။ ထိုမင်းကိုဥဒေန မင်းခေါ်ဝေါ်သမုတ်သည့် ဇာတ်အကြောင်းကိုစွဲ၍၊ ဌက်စောင့် ဌက်ခတ်တဲ ထားသည်ဟု ဆိုလေသည်။ ။တကြောင်းလည်း၊ ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်း၏ နန်းပြာသာဒ်ကို ဇမ္ဗူပတိမင်းသည် ခြေနင်းချီး၍ ဘိနိုက်သောရန်ကြောင့်၊ နန်းမိုး၌ အစောင့်ထားသည်လည်းဆိုသည်။ ထိုစကားသည်ကျမ်းဂန်မလာမပါမရှိ။ အခိုင်မယူသာ။ အနုကထာဖြစ်ရုံမျှသာရှိသည်။

(၄၅) ပြူတံခါး၊ ပြူပြတင်းခေါ်ဝေါ်သည်မှာ တံသာနဂရပြည်၌ပြူမင်းလက်ထက်၊ မိန္ဒာနန်၍ပြူမင်းမျက်နှာပြုလျှင် ရတနာမိုးယ်းရွာသည်။ ရတနာမိုးယ်းရွာသောကြောင့် ထိုမင်းကိုပြူမင်းသမုတ်လေသည်။ ပြူမင်းမျက်နှာပြုရာ အပေါက်ဘောက်သည်ကို ပြူပြတင်း၊ ပြူတံခါးခေါ်ဝေါ်လေသည်။

(၄၆) ပွတ်လုံး ကျေးစေတိုင် ခေါ်ဝေါ် သည်မှာ ဗာရာဏသီပြည်၌ ဗာရာဏသီမင်း၏လက်ထက်၊ အရှင်အာနန္ဒာအလောင်း ကျေးကို စေသုံးသည်။ ထိုကျေးနား

ရာ ပွတ်တိုင်လုပ်၍ နန်းတွင်ထားသည်။ စေသုံးသည့် ကျေးနားရန် ထားသည့် တိုင်ဖြစ်၍ ကျေးစေတိုင် ခေါ် သည်ဆိုသည်။ ထိုကျေး အစဉ်မပြတ်နားရာ တိုင်ဖြစ်၍ ကျေးစဉ်တိုင် ခေါ်သည်လည်း ဆိုသည်။ ကျေးစေအိုင် ခေါ်သည်ကို သဝေထိုးကို ညသတ်ရေးပြန်၍၊ ကျေးစဉ် တိုင်ဖြစ်သည်ဆိုသည်။ တနည်းလည်း၊ ဘုရားအလောင်း ကြီးမင်း မယားသည် ဗာရာဏသီမင်း၏ စားတော်ကို စားချင်၍၊ အရှင်သာရိပုတြာ အလောင်းဖြစ်သော ကျီး သည်ချီသွား ်း ချင်၊ စားတော်သည်ကိုစားတော ဆက် တင်သည့်ကာလ၊ မျက်နှာကို အတောင်ဖြင့် ခတ်၍ ထိုး သွပ်ဆိတ်ဆွသည်တွင်၊ ကျီးကိုဘမ်းမိ၍ မင်းအားဆက် လျှင်၊ ဗာရာဏသီမင်းလည်း မေးမြန်းသော်၊ ကျီးမင်း မယားသည် စားတော်ကို စားချင်သောကြောင့်စေခိုင်း ၍ အရှင့်အမှုကို ရွက်ဆောင်ကြိုးပမ်းပါသည် ဆိုလျှင်၊ မှူးမတ်အလယ်၌ ကျီးကိုထား၍၊ တိရစ္ဆာန်မျှ အရှင့်အမှု ကို စွန့်စားထမ်းရွက်သည်ဟု ချီးမွမ်းပြီးလျှင်၊ စားတော် ကိုလည်း ပေး၍ လွှတ်လိုက်လေသည်။ တနေ့မပြတ်ယူ လာလှည့်မှာထား၍ ကျီးသည်မပြတ်ချီယူလာသည်။ ကျီး ယူရန် စာတော် တင်ထားရာ တိုင်လုပ်၍ ကျီးစာပေး သောကြောင့်၊ ထိုတိုင်ကိုကျီးစာတိုင် ခေါ်ဝေါ် သမုတ် သည်လည်းဆိုသည်။ အခေါ်အသုံးအရေးအသား များ ရာလိုက်၍ ခေါ်ဝေါ်ရေးသားသင့်သည်။

(၄၇) မောင်းမလည် ခေါ်သည်မှာ မောင်းမမိသံ

တို့ခစားရာ နေရာဖြစ်သောကြောင့် မောင်းမလည်ခေါ် ဝေါသည်။ ရှေးစာဟောင်း များ၌လည်း မောင်းမ လည်မှာကွယ်ရာနံပါး၊ပြင်ကိုထားဟု၊ စပ်ဆိုလေသည်။ တနည်းလည်း၊ ကွန်းစင်လက်ပြင်။ စမြင်ပတ်လည်။ နေ ရာသည့်မှု အမည်မရ။ ရွာစားမျှသာ။ ဟူ၍စပ်ဆိုသည့် များကိုထောက်သဖြင့်၊ ရွာစားထက်အမည်ရသသူ နေရာ မြင့်သည့်ကို သိရသည်။

(၄၈) သဠာလီနေရာတော်မှာ။ မျှိုဆိုသည်ကိုမင်္ဂလာ ဆိုဘိသကဲ့သို့။သေဥ္ဆိုသည်မှာ ထင်ရှားသည်ဆိုသည်။ ရှေးစကားဟောင်းဖြစ်သည်။ ဇာလီမှာ။ မဂဓရာဇ်တိုင်း သားတို့၏စကားဖြစ်သည်။မြန်မာပြန်လျှင် ထွန်းပသည်ဆို သည်။ ဇာလကိုပွတ်တိုင်လည်းဆိုသည်။ မြန်မာရှေးသူ ဟောင်းတို့စကားနှင့်၊ မဂဓတိုင်းသားတို့စကား၊ ဘက် တွဲခေါ်ဝေါ်သည်ယူရန်ရှိသည်။ ထင်ရှားထွန်းပသည့်နေ ရာ။ ထင်ရှားသည့်ပွတ်တိုင်နေရာဆိုလိုသည်။ ပညာရှိတို့ စပ်ဆိုသည်မှာလည်း ။ချမ်းသာဆောင်စဉ်။ စိတ်ကိုရှည်၍။ မျှိုသေဥ္မည်သား ဟူ၍စပ်ဆိုလေသည်။ပညာရှိတို့ဝိဂြိုဟ် ဝစနတ်ကြိသည်မှာ။ ။သုဋ္ဌုဇ လတိတိသဠာလော။ ယံ၊ အကြင်နေရာသည်။ သုဋ္ဌု၊ ကောင်းစွာ။ ဇလတိ၊ ထွန်းပ တတ်၏။ဣတိတသ္မာ၊ ထိုသို့ကောင်းစွာထွန်းပတတ်သော သတ္တိကြောင့်။တံ၊ ထိုနေရာသည်။သဠာလောနာမ၊သဠာ လမည်၏။ ။ကိတ်ဝိဂြိုဟ်။ ။သဠာလောယေဝသဠာလီ။ သဠာလောယေဝ၊ ကောင်းစွာထွန်းပတတ်သော နေရာ

သည်ပင်သျှင်။ သဉ္ဇာလိ၊ သဉ္ဇာလိမည်၏။ ။ဥပမာတဒ္ဓိတ်ဝိဂ္ဂြဟ်။ ။သမ္ဗာဇာလောတေသာတိသဉ္ဇာလိ။ ။တေသာ၊ ထိုနေရာအား။ သမ္ဗာ၊ ကောင်းစွာ။ ဇာလော၊ ရွှေကွန်ရက်စသည်ဖြင့်ရစ်လှည့်ကာရံခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုသို့ကောင်းစွာ ရွှေကွန်ရက်စသည်ဖြင့် ရစ်လှည့်ကာရံခြင်းရှိသည်၏ သတ္တကြောင့်။ သာ၊ ထိုနေရာသည်။ သဉ္ဇာလိ၊ သဉ္ဇာလိမည်၏။ ။သမာသ်ဝိဂ္ဂြဟ်။ ထိုသို့ဝိဂ္ဂြဟ်ဝစနတ်ကြံသည်နှင့်အညီ၊ သဉ္ဇာလိသည်ကောင်းစွာထွန်းပတာတ်သောနေရာ။ ကောင်းစွာရွှေကွန်ရက် စသည်ဖြင့်ရစ်ကာရံသောနေရာ။ ထင်ရှားထွန်းပသည့်နေရာထင်ရှားသည့် ပွတ်တိုင်နေရာဆိုလိုသည်။ သဉ္ဇာလိလက်တင်အုံးမှီ လက်ရန်းအောက်ကိုလည်း။ ရွှေကွန်ရက်ထည့်ဟန်ရှိသည်။ လုပ်ခင်းလည်း တင့်တယ်လျော်ပတ်တော်လျော်သည်ပင်ဖြစ်သည်။ ပညာရှိတို့စပ်ဆိုသည်မှာလည်း။ စီးဆင်တော်တွင်။ ဆင်ယင်တန်ဆာ။ ထွန်းဝါပြိုးပြက်။ ရွှေကြိုးခက်၍။ ကိုးမျက်ခြယ်စီ။ သဉ္ဇာလိထက်။ ။ဟူ၍စပ်ဆိုလေသည်။ ။

(၄၉) မျက်နှာကြက်ကြာယပ် သလွန်ညောင်စောင်ရက်၏အကြောင်းမှာ။ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းမင်းပြုသောအခါ။ ဗြဟ္မဒတ်မင်းညီ၊ သုဒတ္တလည်း၊ ကောသမ္ဗီမင်း၏သမက်ဖြစ်၏။ ဂေါတမဘုရားသခင်အလောင်းတော်သည် မထင်မရှားသောအမျိုး၌ဖြစ်၏။ အရောင်အဆင်းနှင့်ပြည့်စုံခြင်းနှစ်လိုဘွယ်ရှိသောကြောင့် နန္ဒကုမာရ

မှည့်ကြကုန်သည်။ အသက်တဆဲ့ခြောက်နှစ်ရှယ် ရောက်သောအခါ အိပ်မက်မြင်သည်မှာ။ မြစ်ကမ်းနှစ်ဘက်တွင် ခြေနှစ်ဘက်တင်လျက်။ကိုယ်မှာမြစ်လယ်တွင်နေ၍။ မျောလာသောသူမျှအမှိုက် ဝမ်းထဲသို့ဝင်မက်သည်။ အိပ်မက်ကို ပုရောဟိတ်ပုဏ္ဏားအားပြန်ကြားမည်သွားလေလျှင်။ ဗန္ဓုလကုမာရအမည်ရှိသော သူငယ်ချင်းအဆောင်ပါ၏။ ပုဏ္ဏေားမကို ပြန်ပြောလျှင်ဖျဉ်းအနာစွဲလိမ့်မည် နိမိတ်ဘတ်လေသည်။ ပြန်ခဲ့၍ လမ်းတွင် ပုဏ္ဏားနှင့်တွေ့လေသော်။ အကြောင်းမျိုးကိုမေးမြန်းပြီးမှ။ ပုဏ္ဏေားမခံထုံးကိုလှီး၍ပစ်လိုက်သည်တွင် မိုယ်းကြိုးပစ်လေသည်။ ပုဏ္ဏားလည်း။ သည်အိပ်မက်သည်အတုမရှိသောအိပ်မက်ဖြစ်သည်။ မင်းခစားရမည်။မှဉ်မကြာမဟာသမုဒြာနား၌ ပြည်ကြီး မြို့ကြီးတွင်မင်းဖြစ်လိမ့်မည်ဟောပြောလိုက်၍။ နန္ဒကုမာရလည်းဗာရာဏသီမင်းဝယ် ဗန္ဓုလကုမာရနှင့်အတူ ခစားကြလေသော်။ ဗာရာဏသီမင်းလည်း နန္ဒကုမာရ၏ အရောင်အဆင်း၊ အင်္ဂါလက္ခဏာ၊ အကျင့်အာစာရ၊ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အစားအသောက်တို့ကို မြင်လျှင်။ချီးမွမ်းနှစ်လိုဘွယ်ရှိ၍။သား၏အမှတ်ချစ်ကြည်မြတ်နိုးလေသည်။ ပုဏ္ဏေားမဆိုသည့် နှုတ်နိမိတ်အတိုင်းလည်း ဝမ်း၌ဖျဉ်းအနာစွဲ၍ ခုနစ်ရက်ခန့်မျှမင်းမခစားနိုင်။ နန္ဒကုမာရမရှိသည်အခိုက်။ ဗန္ဓုလကုမာရသည် ချုတ်ချယ်လိုသည့်စိတ်ဖြင့်။နန္ဒကုမာရအိပ်မက်မြင်သည့်အကြောင်း။ ပုဏ္ဏေားမဟောပြောသည့် အချက်များကို ဗာရာဏသီမင်း

အားသျှောက်ထားလေလျှင်။ဗာရာဏသီမင်းလည်း။ နန္ဒကုမာရကိုသားကဲ့သို့ချစ်ကြည်သည့်၏အဖြစ်ကြောင့်။ အလိုအလျောက် သေလေပေရည်၍။ ဗာရာဏသီပြည်၏မြောက်ငါးယူဇနာကွာသော တောအရပ်တွင်။ ကုမုဒ္ဒရာကြာပန်းကိုဆောင်ယူရမည်စေ၍ နန္ဒကုမာရသွားရလေသော်။ ငါးယူဇနာခရီးအလွန်၌ ဟိမဝန္တာတောစပ်သို့ရောက်၍။သြောင်ပင်ကြီးအရိပ်၌ နားနေ၏။ ဟိမဝန္တာတောစပ်အရပ်တပါးပယ်။ သစ်သီးချိုးပန်းမျိုးတို့ဖြင့်ခြံရံလျက်။ အိုင်ကြီးတခု၌သိကြားနတ်ဘုံ ရံဘန်ရံခါပျော်မြူးလာ၏။ကဿပဘုရားသခင်လက်ထက်တော်၌။ မိဘုရားလေးယောက်ဘို့သည်။ ကုမုဒ္ဒရာကြာလက်စွဲလျက်တရားနာသောအဆုံး၌ အဓိဋ္ဌာန်းမှာ ပဒိုသန္ဓေနေရခြင်းသည်။ ဆင်းရဲလှသည်။ပဒိုသန္ဓေနေခြင်းကင်းစေသောဟု ဆုပန်ယူဘူးသောကြောင့်။ ထိုအိုင်၌ လေးဦးလေးဖြာနွယ်မြာ၍ပွင့်သော ကုမုဒ္ဒရာကြာပွင့်၌ ကြာနတ်သမီးလေးယောက် သံသေဒဇ ဖြစ်လာ၏။ သိကြားနတ်လည်း ကြာနတ်သမီးလေးယောက်ကိုပြာသာဒ်လေးဆောင်ဘန်ဆင်း၍။ အခြွေအရံနှင့်တကွ ချက္ကဗိုဝ်းနတ်၊ ဆင်၊ ခြင်္သေ့၊ နွားလားဥသဘတို့ကို တဦးစီအပ်၍ အစောင့်အရှောက်ထား၏။နန္ဒကုမာရလည်း ပသြောင်ပင်ကြီးရိပ်၌ နားလေသည်ကို နွားလားဥသဘတွေ့လေ၍။ ကုမုဒ္ဒရာကြာပွင့် ယူလာကြောင်းကိုပြန်ပြောလျှင်။လူသာမညကားရောက်နိုင်မည်မဟုတ်။သည်အရပ်သို့ရောက်လာနိုင်သည်။ ဘုန်းတမ်းခိုး

ရှိသသူဖြစ်သည် အောက်မေ့၍။ နွားလားဥသဘစောင့်သော နတ်သမီးပြာသာဒ်လမ်းသို့ ညွှန်ပြလိုက်၍ သွားလေလျှင်။ကြာနတ်သမီးမြင်လသော ။ ရှေးကုသိုလ်ကံဗိမ်ကြိုကြိုက်ကြသည့် အချိန်ရောက်သဖြင့်။ တကိုယ်တစိတ်တည်းဖြစ်ကြလေ၏။ ဆင်၊ မြင်း၊ ရက္ခဖိုဝ်းနတ်တို့နှင့်လည်းတွေ့၍။ရှေးနည်းသွားလေလျှင်၊ဆင်၊ မြင်း၊ ရက္ခဖိုဝ်းတို့စောင့်ရှောက်သော ကြာနတ်သမီးတို့နှင့် နန္ဒကုမာရတကိုယ်တစိတ်တည်းရှိသည်ဖြစ်၍ ကုမုဒ္ဒရာကြာပန်းယူလာကြောင်းကို ပြောဆိုလျှင်။ ကြာနတ်သမီးတို့ကလည်း ကုမုဒ္ဒရာကြာပန်းသည် ကျွန်ုပ်တို့အပိုင်ဖြစ်သည် ပြောဆို၍။ ကုမုဒ္ဒရာကြာပန်းကိုဆောင်ယူပြီးလျှင်နန္ဒကုမာရနှင့် ကြာနတ်သမီးလေးယောက် ဓိဋ္ဌါန်သစ္စာပြုကြလေသော်။ဘုရားလောင်း၏သစ္စာအာနုဘော်။ ကြာနတ်သမီးတို့၏ဓိဋ္ဌါန်ခြင်းကြောင့်၊သိကြားနတ်လည်း ပြာသာဒ်ဘန်ဆင်း၍ကောင်းကင်ခရီးဖြင့် ကြာနတ်သမီးလေးယောက်နှင့်တကွ။ နန္ဒကုမာရပြန်လာခဲ့၏။ ဘုရားလောင်းတို့သစ္စာဓိဋ္ဌါန်ပြုသမျှသည် အပြီးတိုင်မြဲဖြစ်ကုန်သည်ကိုရည်၍။ပညာရှိတို့ စပ်ဆိုသည်မှာ။ ။ဗောဓိသတ္တာ။ ဗျာဒိတ်ရတို့။ မြွတ်ပဆောက်တည်။ ဓိဋ္ဌာန်သည်ကား။ သွေဖည်မလွဲ။ မချွတ်ဘဲလျှင်။ ပြီးမြဲကောန်။စင်စစ်မှန်၏။ ။ ဟူ၍စပ်ဆိုလေသည်။ ပြာသာဒ်စီးလျက် ကြာနတ်သမီးလေးယော်နှင့်ကောင်းကင်ခရီးကိုလာခဲ့၍။ ဗာရာဏသီပြည်အနီးသို့ရောက်လျှင် ပြာသာဒ်မှသက်၍။ ကုမုဒ္ဒရာကြာပန်းကို

ဆောင်ယူပြီး သျှင်။ နန္ဒကုမာရလည်း ဗာရာဏသီမင်းအား ဆက်၏။ ကြာနတ်သမီးလေးယောက် ပါကြောင်းကို လည်းလျှောက်ထား၏။ ဗာရာဏသီမင်းလည်းမှူးမတ်ဗိုလ် ပါတို့နှင့်ထွက်လေသော်။ ဗာရာဏသီမင်းထွက်လာသည် ကိုမြင်သျှင်။ ကြာနတ်သမီးတို့စီးသည့် ပြာသာဒ်လေး ဆောင်သည်။ ကောင်းကင်သို့မြင့်၍ပျံလေ၏။ နန္ဒကုမာရကို ခေါ်ပါလော့ဆိုသျှင်။ အရှင့်အားထိုက်လျောက်သည့်ဖြစ် ၍ဆောင်ယူခဲ့ပါသည်။ ကံကြမ္မာဘန်ပါသျှင်၊ ခေါ်တော် မူသည့်ကာလ၊ အထံတော်သို့ရောက်ပါလိမ့်မည် လျှောံ လေသော်၊ ဗာရာဏသီမင်းခေါ်သည်ကို ပြာသာဒ်လေး ဆောင် မြေသို့ မနှိမ့်ရှိလေသျှင်၊ နန္ဒကုမာရကို ခေါ်ပါ လော့ဆို၍၊ နန္ဒကုမာရခေါ်လေသော်၊ လေးဆောင်သော ပြာသာဒ်တို့သည်ဝါဂွမ်းလဲပွင့်ကျသကဲ့သို့၊ နန္ဒကုမာရရှေ့ ရောက်လာ၍၊ နန္ဒကုမာရကို ပြာသာဒ်လေးဆောင်ယှဉ် လျက် တင်ဆောင် ပြန်လေ၏။ ။ဗာရာဏသီ မင်းဘွင် လည်းသားမြေးမရှိ၍။ သား၏အမှတ်ဖြင့် ကြာနတ်သမီး လေးယောက်နှင့်တကွ။ နန္ဒကုမာရကို ငါနှင့်အတူတိုင်း နိုင်ငံ ပြည်ရွာကို အုပ်ချုပ်စောင့်မ၍။ ငါ၏ ကိုယ်စား ဖြစ်စေနှင်းအပ်၏။ ဗာရာဏသီမင်းမရှိနောက်။ နန္ဒကုမာရ မင်းဖြစ်လေသျှင်။ ဗာရာဏသီမင်း၏ညီ၊ ကောသမ္ဗီမင်း ၏ သမက်ဖြစ်သောသုဒတ္တလည်း။ နန္ဒကုမာရကို အကြိမ် ကြိမ်လုပ်ကြံသည်။ အလိုမပြည့်ရှိလေ၏။ နန္ဒကုမာရမင်း ၏ဘုန်းသမ္ဘာကြောင့်။ ရက္ခဗိုလ်နတ်တို့။ ကုမုဒ္ဒရာကြာ

ငုံး၊ ကြာနှယ်၊ ကြာရွက်၊ ကြာမုံ၊ ကြာပွင့်၊ ကြာချပ်၊ ကြာယပ်၊ တို့ကိုဆောင်ယူ၍၊ တနေ့မပြတ် နန်းဦး၌ ရုပုံဆက်ထားလာ၏။ ဟိမဝန္တာ တောစပ်၌ နားနေခဲ့ဘူးသော ညောင်ပင်၌ ညောင်စောင့်နတ်လည်း ညောင်ညွန့်ညောင်ရွက်တို့ကို တရက်မကင်း။ ကုမုဒ္ဒရာ ကြာပန်းနှင့် အတူဆက်ပူ ရုပုံသာ၏။ နန္ဒကုမာရမင်းလည်း ကုမုဒ္ဒရာကြာပန်းကျေးဇူးကြောင့်၊ မင်း၏အဖြစ်ကိုရခြင်း၊ ဘေးအန္တရာယ်ကင်းခြင်း အကြောင်းအကျိုးကို အောက်မေ့ဆင်ခြင်၍၊ ထိုကြာရွက်ကိုမျက်နှာကြက်ပြုပြီးလျှင်၊ ကြာပွင့်, ကြာချပ်, ကြာယပ်, တို့ကို ပတ်လည် ဆွဲထားလျက်၊ ညောင်ညွန့်ညောင်ရွက်တို့ကိုလည်း ကြာချပ်,ကြာယပ်၌ ချပ်ကာချပ်ကာဆွဲထားရ၏။ တနေ့မပြတ် တရက်မကင်း လဲလှယ်ရသည်။ သူကောင်းဖြစ်ရာ, ဥက်မြှုပ်ရာ, မိဘတို့အရပ်ဌာန၊ သုံးပါးသောအရပ်ကို မမေ့အပ်ဆိုသည့်နှင့်အညီ၊ လေးနှယ် လေးမြွာ လေးဖြာသော ကြာငုံးတို့ကို လေးသွယ် လေးချက်ကန့်၍၊ ညောင်ခွက် ညောင်ခွတို့ကို အခြေပြု၍၊ ခေါင်းရင်းက ကြာရွက်အဖျား လိပ်သည့်သဏ္ဍာန်၊ ခြေရင်းကကြာရွက်အရင်းသဏ္ဍာန် နေရာပြု၍ အိပ်၏။ ထိုနေရာကိုအခြားနေရာထက် သာလွန်၍မြတ်နိုးသည်ဖြစ်သောကြောင့်၊ သာလွန်နေရာသမုတ်သည်။ ရှည်လျားသဖြင့် သလွန်ခေါ်ဝေါ်လေသည်။ နောက်နောက်

မင်းတို့လက်ထက်၊ ဘစ်ပျဉ်, ရွှေငွေအစရှိဘည်တို့ကို လုပ်လေသည်။ မျက်နှာကြက်ကြာယပ်မှာလည်း နေဝံနေဝံမင်းကိုလက်ထက် ရွှေဖျင်, ငွေဖျင်, ပိတ်ရမဒ်, ခါသာ, ပင်ကလော, အစရှိသည်တို့ကို ကုမုဒ္ဒရာကြာချပ်, ကြာယပ်သဏ္ဍာန်ထုလုပ်၍၊ မျက်နှာကြက်ကြာယပ်သုံးဆောင်လေသည်။ ထိုညောင်ရွက်သဏ္ဍာန်လည်း ရွှေအစရှိသည်တို့ကို ညောင်ရွက်လုပ်၍ ဆွဲထားသည်။ ကြာငုံး၊ကြာရွက်၊ ကြာပွင့်၊ ကြာချပ်၊ ညောင်ရွက်၊ ညောင်ခက်၊ ညောင်ညွန့် အစရှိသည်များကို သုံးဆောင် ပြုလုပ်သည်ဖြစ်၍၊ သလွန်ညောင်စောင်း ခေါ်ပေါ်လေသည်။ အစဖြစ်ရင်း ကြာညောင်ရွက်ကို အစွဲပြု၍၊ ရှေးစာဟောင်းများတွင် ဝန်းရက်ကြာညောင်၊ လရောင်ပြက်ကာ၊ မွေ့ရာကြက်ရုံး သဇင်အုံးထက်၊ ဟူ၍ရင်း။ သလွန်ကြာညောင်။ ခန်းသာချောင်ဝယ်။ ကိုယ်ရောင်နှင့်သာ။ ဆီမီးပါဟု။ ဟူ၍ရင်း စပ်ဆိုသည်များကို ထောက်၍သိရသည်။ သည့်မှတပါးလည်း ကြာညောင်ကို အစပ်အဟပ်အများရှိသည်။ သူကောင်းဖြစ်ရာ၊ ချက်မြှုပ်ရာ၊ မိဘတို့အရပ်သုံးပါးကို မမေ့သင့်မမေ့ရာ ဆိုခဲ့သည့်အတိုင်း ပညာရှိတို့စပ်ဆိုသည်မှာ သုံးဆင့်ရပ်ရွာ။ မမေ့ရာဟု။ စဉ်လာဆိုမှု။ ထုံးတန္တ၊ဟု။ စပ်ဆိုလေသည်။ ညောင်ရွက်ကို လှဇရွဲ ခေါ်သည်မှာ ရာမည တိုင်းသားတို့သည် အရွက်ကို ‘လှ’ ခေါ်သည်။ ညောင်ကို ‘ဇရွဲ’ ခေါ်သည်။ ညောင်ရွက်ပင် ဖြစ်သည်။ အကြောင်းကြောင်း အချက်ချက်ကို ထောက်သဖြင့် ယူ

ဘွယ်ယူသင့် ဆိုရန်ဆိုခွင့်ရှိလေသည်။ ရခိုင်ရာဇဝင်တွင် တောကရစ်သတ္တဝါကိုရ၍၊ ကြာရိုးကြာရွက်တို့ကို အမိုး အကာပြုသည်။ ကြာပွင့်ကြာချပ်တို့ကို ပတ်လည်ဆွဲထား ၍မှဆိုးယူခဲ့သည့်တို့ကို အစွဲပြုသဖြင့်ကြာယပ်လုပ်ဆောင် ခေါ်ဝေါ်သည်ဆိုသည်။

(၅၀) နန်းမနန်းဦး၌ တည်ထားမြဲ၊ အလျား ခုနစ်တောင်, အနံခုနစ်တောင်, ခြေခြောက်ချောင်း တပ်သော သလွန်တော်ကို စာဟောင်းစာတမ်းများတွင် ဆိုသည်။ ထိုသလွန်တော်၏ အကြောင်းယုတ္တိမှာ ပြူစောထီးကို ခမည်းတော်နေမင်းကလေးမြွေးအပ်၍၊ ငှက်,ဝက်,ဘီလူး ဖူး,ရှုံးချို,ကျား၊ ခြောက်ပါးသောရန်တို့ကို နှိပ်နင်းအောင် မြင်၍ မင်း၏အဖြစ်သို့ရောက်ခြင်း။ ခြောက်ပါးသောရန်တို့ကို အောင်မြင်ခြင်းနိမိတ်ထင်ရှားစေလို၍ ငှက်,ဝက်,ဘီလူး, ဖူး,ရှုံးချို,ကျား,တို့သဏ္ဌာန်ခြောက်ချပ်လုပ်၍၊ မပြတ်အိပ် ရာနေရာ၌ အောက်အခံဖြစ်သော ခြေခြောက်ချောင်း တပ်လေသည်ဆိုသည်။ ငှက်,ဝက်,ဘီလူး,ဖူး အစရှိသော ရန်တို့ကိုလေးဖြင့် အောင်သည်ကို အကြောင်းပြု၍ပညာ ရှိတို့ စပ်ဆိုသည်မှာ၊ သိပ္ပခနူ။ လေးမှတတ်ပွန်။ လက်ရုံး အန်နှင့်။ နိုင်ဟာန်ရေးဦး။ ငှက်ဘီလူးက။ စားကြူးဆိုခဲ။ ဝက်ထီးရဲကို။ ရန်ပွဲခွင်းလွှတ်။ အရိမဒ္ဒဝယ်။ ပစ်သတ်ဥမျိုး။ ရန်ညွှန့်ချိုးသည်။ တန်းခိုးရည်မျှပင်ကိုသော ဟူ၍ရင်း။ လွှ့ လွှ့ မြူထွား။ ဥမြတ်ဘွားက။ တရားရန်နင်း။ ပြူမင်း ဖြစ်စ။ လေးနတ်သနှင့်။ ကြီးလှငှက်ဆင်။ အောင်မြင်ဝက်

ထိုး။ သတ်ခဲ့ ုံးမှ။ ဟူ၍ရင်း၊ စပ်ဆိုလေသည်။ ခြောက်ပါးသောရန်ကိုအကုန်မဆို။ ငှက်, ဝက်, ဘီလူးကို ဆိုခြင်းသည်အာဒိကမ္မိကနည်းဖြင့် ဆိုခြင်းဖြစ်သည်။ ယင်းသည့်စကားကဲ့သို့လည်း စကြာဝဠာတဝန်းလုံး ှင်၊ သုံးကျွန်းကိုမဆို။ ဘုရားငါးမည်။ တည်လေရာကား။ ကမ္ဘာရှေ့ကျွန်း။ ပေါ်လတ်ထွန်းက။ ကြွင်းဖြစ်စ။ ဟူ၍ ဇမ္ဗူဒီပါကျွန်းကိုသာဆိုလေသည်။ စည်ဝန်း။ စည်ပြော။ နှဲ။ ခရာ။ သပြေသာ။ လက်ချပ်။ တံပိုး။ ဒုံမင်း။ ခရုသင်းတို့ကိုမဆို။ လွလွချောင်ဖြူ။ ပဗ္ဗူမိုးကြ က်။ နန်းဗိုးဆက် ၍။ နန်းထွက်နန်းဝင်။ သံလွင်လက်မြောက်။ နန်းချင်းကောက်လျက်။ ဟူ၍၊ သံလွင်နှင့် မြောက်စည်ကိုသာ ဆိုလေသည်။ နန်းအဆောင်ဆောင်ကို မဆို။ ရ္တာစင်းကို။ နှပ်နင်းပိုင်သ။ နရိန္ဒလျှင်။ နန်းမအလယ်။ ဘုန်းကြွယ်နေလ။ နှစ်စုံပသို့၊ ဟူ၍နန်းမဆောင်ကိုသာဆိုလေသည်။ ယင်းသည့်စကားများသည်လည်း အာဒိကမ္မိကနည်းပင်ဖြစ်သည်။ ယင်းသို့အကြွင်းကြွင်းမဲဆိုခြင်း စကားသည် ဝစနဝါရ စကားဖြစ်သည်။

(၅၁) နန်းမတွင် အရှေ့ကွန်းစင်အ ှင်းဌာတည်ထားသည့် ကြေး ပြာသာဒ်တော်၏အကြောင်းမှာနဋသာကီဝင် တိကာသာကီဝင်၊ ကမ္ဘသာကီဝင် သုံးမျိုးကွဲပြားကြသည်နှင့်၊ တိကာသာကီဝင်မျိုးသည် မဇ္ဈိမဒေသကထွက်၍ တကောင်း တည်ဟောင်းအရပ်၌ ပြည်တည်သည်။ သတိုး ၁၇-ဆက် အဘွင်း သဘ္ဘဝါတို့ ကံကြောင့် နဂါးပေါ်ရှိ

သည်။ညဉ့်အချိန်ကိုနန်းသို့ရောက်သည့် နဂါး၏အန္တရာယ်
ကို ကွယ်ကာနိုင်စိမ့်သောငှါ၊ ကြေးကို ပြာသာဒ်လုပ်၍
လေးမျက်နှာ သံကွန်ရက်ပိတ်သည်။ တံခါးပေါက်ဘောံ
သည်။တံခါးရွက်တံခါးကျင်တပ်သည်။ ယပ်၊သန်လျက်၊
တုတ်၊ထားတို့ကို လက်ဝဲနံတောင်းက ထားသည်။ ညဉ့်
သန်းခေါင်အခါ၊ အနုရာဓ၊ဇေဋ္ဌ၊မူလနက္ခတ်သုံးလုံးတွင်
တလုံးလုံးဘည့်မတ်သည့်ကာလ၊ နဂါးပေါက်ရောက်မြဲအ
တိုင်းလာရေဘံသည်နှင့်။ သံကွန်ရက်ကိုထုတ်ထားဖြင့်ချင်
ချင်ခတ်သည်ကို နဂါးအဆိပ်ဖြင့်မွန်း၍။ မင်းလည်းယပ်
ဖြင့်ကာသည်။ တံခါးကိုဘွင့်၍ သန်လျက်နှင့်နှိပ်နင်းလေ
လျှင်နဂါးသေလေသည်။ နဂါးကိုနိုင်သောကြောင့် နဂါး
နိုင်မင်းခေါ်လေသည်။ ထိုနဂါး၏အရေကို အသပြာတရာ
ပေး၍ဆုတ်စေသည်။ အသပြာတထောင်ပေး၍ ချုပ်စေ
သည်။ နဂါးရေကိုအင်္ကျီချုပ်၍ ဝတ်ဆင်ရသည့် သူတို့
သည်သူရဲကောင်းမှဝတ်ဆင်ရသည်။ ထိုကိုအစွဲပြု၍ နေဘံ
နေခက်မင်းတို့လက်ထက်၊ နဂါးကြေးကဲ့သို့ သံကိုလုပ်၍
ချုပ်လေသည်။ ယခုသံကျပ်အင်္ကျီ ခေါ်ဝေါ်လေသည်။
တကောင်းပြည်တွင် အစဉ်ပြောဆို သုံးဆောင်ကြသည်
မှာ။ ရာပေး၍ဆုတ်၊ ထောင်ပေး၍ချုပ် ဟူ၍ပြောဆိုကြ
လေသည်။ နဂါးတို့သည် ရေနေဖြစ်လျက် ကြည်းကုန်း
သို့ရောက်နိုင်သည်။ ရေ၌အဘယ်ဆိုဘွယ် ရှိအံ့နည်း အ
ယူရှိ၍၊ ရေကြောင်းသဘင်ခံသည့်ကာလ၊ လုံခြုံစိမ့်သော
ငှာ၊ ကြေးပြာသာဒ်လုပ်ပြန်၍လှေတွင်ထည့်သည်။မြွေထီး

ရွှေနန်းအဆက်ဆက် ရွှေနန်းတက်သိမ်းလျှင်၊ ကြေးပြာ သာဒ်ဥ်ခုနစ်ရက် စက်တော်ခေါ်သည်။ ယင်းသို့စက် တော်ခေါ်ပြီးမှ အလိုတော်ရှိရာ စက်တော်ခေါ်သည်။ ကြေးပြာသာဒ်တော်မှာ အရှေ့သို့ ခေါင်းရင်းထားသည်။ သလွန်တော်မှာ တောင်သို့ ခေါင်းရင်းထားသည်။ အိပ် သည့်ကာလ၊ ဦးခေါင်းပြုရသောအရပ်ကိုလည်း ကမ္ဘာ့ တန်ဆာ ဗေဒင်ကျမ်းများ၌ အရှေ့အရပ်, တောင်အရပ်သို့ ဦးခေါင်းပြုသင့်ကြောင်းကိုဆိုသည်။ ယင်းသို့ဖြစ်၍လည်း ဟိတကာရီ ဗေဒင်ကျမ်းလင်္ကာတွင်၊ အိပ်စက်သောခါ။ ဒက္ခိဏာနှင့်။ ပြုဗ္ဗာကိုကား။ ဦးခေါင်းထားလော့။ ဟူ၍ စပ်ဆိုလေသည်။ပုဗ္ဗေသိရောသိမေခါဒိ။ဒက္ခိဏေသိရော သိအာယု အစရှိသောပါဠိကို ထောက်၍သိရသည်။ ဟံ သာဝတီ ဆင်ဖြူများရှင်လက်ထက်။ သိဟာဠဒိပကျွန်းက သပိတ်တော်, စွယ်တော်, သမီးကညာ ဆက်ရောက် သည်။ သပိတ်တော်နှင့် စွယ်တော်ကို သိန်းဃိုဠ်ကျွန်း ကညီးမင်းက ပြာသာဒ်နှင့် တင်၍ ပို့ရောက်လာသည်။ ကညီးပြာသာဒ် အလုပ်အဆောင် ပုံပန်းတို့သည် တင့် တယ် လျောက်ပတ်ဘွယ်ရာ ကျစ်လျစ်သည်ဖြစ်၍။ ထို ကညီးပြာသာဒ် သဏ္ဌာန်လုပ်၍ သုံးဆောင်လေသည်။ သိန်းဃိုဠ်ကျွန်းက သပိတ်တော်, စွယ်တော်, သမီးကညာ ဆက်ရောက်ကြောင်းကိုလည်း ဧချင်းစာဟောင်းများ၌ သိန်းဃိုဠ်မင်းက။ မှန်ကင်းစွယ်တော်။ သပိတ်တော်နှင့်။ မှ နော်နတ်သွေး။ သမီးထွေးကို။ မြတ်လေးညွှတ်ခ။ ဆက်

လာသ၏။ ဟူ၍ရင်း။ဘသူမြတ်စွာ။သိန်းဃိုဋ္ဌမှာသို့။ တေဇာနှံ့မွှေး။ ဆောင်ရစေဟု။ ကြံတွေ့စိတ်တွင်း။ ရွှေနောက်ခင်းမှ။ ကာညှိုးမင်းရှိရာ။ မိန့်အာဏာကြောင့်။ ခြောက်ဖြာရောင်လွှတ်။ စွယ်တော်မြတ်ကို။ ဘုံထွတ်မိုးက။ နတ်တို့သသား။စိမ်းမြရောင်ဘိတ်။သမိတ်ခုတနာ။ ပြင်လျှာ့နွဲ့နောင်းသမီးနှောင်းကို။ လျှင်ကြောင်းမကြာ။ သရောက်လှာသည်။ ဟူ၍ရင်း။ ဇမ္ဗူကျွန်းကို။ရံဝန်းများစွာ။ကျွန်းငါးရာတွင်။ တပါးဝင်သား။ ကျော်ထင်ဒီပ။ သိန်းဃိုဋ္ဌကသျှင်။ ညွှန်းထပ္ပါဒိတ်။ သုံးလူ့မိတ်၏။ သမိတ်စွယ်တော်။ ပူဇော်စရာ။သကုန်လှာ၍။သည့်းချာနှင်းဆက်။ ဟူ၍ရင်း။ စပ်ဆိုလေသည်။ ကျည်းပြည်ကပြာသာဒ်ကိုအစွဲပြု၍ ကျည်းပြာသာဒ်ခေါ်ဝေါ်သည်။ တကောင်းမင်းလက်ထက်၊ လှေတွင်ကြေးပြာသာဒ်လုပ်၍ တင်သည်။ ဟံသာဝတီ ဆင်ဖြူရှင်လက်ထက်၊ သာရဗိမာန်လှေတွင် တင်သည်ကိုကျည်းပြာသာဒ်ခေါ်ဝေါ်ပြန်သည်။ ကြေးပြာသာဒ်၊ ကျည်းပြာသာဒ်၊ နှစ်ချက် အခေါ်အဝေါ် အရေးအသား ကွဲပြားသည်မှာ ကြေးပြာသာဒ်၏ အလုပ်အဆောင်, ထားရာအရပ်, သုံးဆောင်ရာမူလကို ဆင်ခြင်၍ ကြေးပြာသာဒ်ခေါ်ဝေါ်ရေးသားသင့်သည်။ ကျည်းပြာသာဒ်၏အလုပ်အဆောင်,ထားရာအရပ်, သုံးဆောင်ရာ သို့လိုက်၍ ကျည်းပြာသာဒ်ခေါ်ဝေါ် ရေးသားသင့်သည်များကို ဆင်ခြင် ထောက်ရှု၍၊ ကြေးပြာသာဒ်, ကျည်းပြာသာဒ် ခေါ်ဝေါ်ရေးသားသင့်သည်။ ။(သာရဗိမာန်၊ သာရကာ၊ ဒိကင်း၊ ကမကော်၊

ခလှုတော် လေးစင်းနှင့် မင်းစီးလှေ တဆဲ့ကိုးစင်းမှစ၍ ပေါင်းရလှေစုတို့ကို အထက်မှာမှဆိုမည်။)

(၅၂) ရွှေကိုထုလုပ်၍၊ နန်းစဥ်မင်းချပ်တုထားသည့် အကြောင်းမှာ။ အဇ္ဈတ္တသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရ မင်းအား ပြစ်မှားမိသော်။ ပဥ္စာနန္တရိယကံ ထိုက်လေသောကြောင့်။ ဘုရားသခင်အမိန့်တော်အတိုင်း ခမည်းတော်အချပ်၊ ရွှေကိုထုလုပ်၍ ပူဇော်ကန်တော့မြဲရာတွင်မှ၊ ဥဒယဘဒ္ဒ၊ အနုရုဒ္ဓ၊ မုဏ္ဍ၊ နာဂဒါသကတို့သည် ပျော်၍။ သုသုနာဂ၊ ကာလာသောကတို့ ထင်မြင်လေသည်ဆိုသည့်စကားသည် ကျမ်းဂန်မလာမရှိ၊ အစဥ်ပြောဆိုသည့် ဇာတ်သုတ ဝစနမျှသာဖြစ်သည်။ ။အလောင်းစည်သူမင်း သည် သက္ကရာဇ် မာန်တက်သဖြင့်။ ငါ၏ဘေးလောင်းတော် ဘိုးလောင်းတော်တို့သည် ငါကဲ့သို့ဘုန်းအာဏာမရှိဟု ပြစ်မှားသော အတိဘာရိယကြောင့် မျက်လုံးမကြည်မလင်ရှိလေသည်။ ပုဏ္ဏားရှင်ပြု ပုဏ္ဏားညီတို့အား မေးမြန်းလျှင်။ ဘေးလောင်းတော်ဘိုးလောင်းတော်တို့ကိုပြစ်မှားမိသောကြောင့်မျက်လုံးတော်မကြည်မလင်ဖြစ်ချေသည်။ ဘေးလောင်းတော်ဘိုးလောင်းတော်တို့အချပ်သဏ္ဌာန် ရွှေကိုထုလုပ်၍ပူဇော်ပြုစုတော်မူလျှင်။ သန့်ရှင်းကြည်လင်စွာရှိမည့် အကြောင်းကိုလျှောက်လေလျှင်။ ပုဂံပြည်ရှင်မင်းအဆက်ဆက်တို့ချပ်တုရွှေကိုလုပ်၍ ပူဇော်ကန်တော့ရာတွင်။ ပြူစောထီးအချပ်၊ နော်ရထာမင်းစောအချပ်၊ ဘိုးတော် ကျန်စစ်သားအချပ်၊ သည်သုံးချပ်သာမလည်း

မယိုင် ခိုင်ခန့်တွံစားနိုင်လေသည်။ ထိုမှတပါး မင်းချပ်တု
တို့သည့်တီမ်းမပ်လည်းယိုင်ကြကုန်၏။ မျက်လုံးဝေဒနာ
လည်း သန့်ရှင်းစင်ကြယ်လေသည်။ သည်ကိုအကြောင်း
ပြု၍။ ရွှေထီးရွှေနန်းဒလဆက်ဆက်။ ရွှေကိုမင်းချပ်တုလုပ်၍
ထားလေသည်ဆိုသည်။ မင်းချပ်တုထားသည်မှာလည်း။
တန်ဆောင်းသုံးထပ် ကြာယပ်နှင့်၊ လေးမျက်နှာ သံကွန်
ရက်။ ရွှေချတံခါးသော့ခတ်။ ဇေတဝန်ဆောင်တော် ကွန်း
စင်အတွင်းဘုင်။ အနောက်သို့မျက်နှာပြု၍ဗိဆင်ခင်းကျင်း
ထားလေသည်ကိုအကြောင်းပြု၍ ပညာရှိတို့စပ်ဆိုသည်
မှာ။ ။မျက်မြတ်ဗိဆင်။ပေါင်းဖျင်ရတနာ။ မင်းတန်ဆာ
နှင့်။ စဥ္စလာရေးဘီး။ နတ်ပြည်ခွဲးသား။ ဘုန်းကြွားမင်း
ပေါင်း။ ဘေးလောင်းမင်းကျော်။ ဘိုးတော်မင်းချစ်။ မြတ်
စစ်သည့်ချည်း။ ခမည်းတော်ကိုင်။ မယ်တော်ပြိုင်လျက်။
ရှောင်စိုင်ရွှေဥ။ မင်းချပ်တုကို။ သာရှဘောင်ရော်။ ပူဇော်
သက္ကာ။ ကြည်ညွှတ်စွာမှ။ ။ဟူ၍စပ်ဆိုလေသည်။

(၅၃) ဇမ္ဗူသပြေထွက်တော်စည်ဖြစ်သော စည်
တော်စုံ၏အကြောင်းမှာ။ အလောင်းစည်သူ ဇမ္ဗူလည်
သည့်ကာလ ကျွန်းဦးသပြေပင်သို့ရောက်သည်။ ဘုရား
ငါးဆူတို့နေတော်မူရာ ကျောက်ဖျာကိုလည်း ဘုရားသ
ခင်ချပ်တုတော်ဘန်ဆင်း၍ ကိုးကွယ်စိမ့်သော်ဌါ သိ
ကြားနတ်တို့အပ်လိုက်သည်။ သပြေပင်အရပ်ယူဇနာတ
ရာ။ ခက်မအခွတိုင် ယူဇနာငါးဆယ်။ ထိုဇမ္ဗူသပြေပင်
ကို လေခတ်သည့်ကာလ တူရိယာငါးပါးအသံကဲ့သို့ရှိ

၏။ ယမုနာတရာရှိကြောင်းကိုလည်း ရှေးစာဟောင်း များတွင်စပ်ဆိုသည်မှာ။ ။မြင့်သွန်းတရာ။ ယမုနာဟု၊ ကျွန်းချာမှန်ကူ။သပြေဟူသား။ ဇမ္ဗူချကွ။ ဟူ၍စပ်ဆိုလေ သည်။ ဘုရားနှစ်ဆူ။ ရှင်ဖြူ၊ ရှင်လှ၊ ရုပ်တုတော်အ ကြောင်းကိုလည်း။ ရှေးစာများ၌စပ်ဆိုသည်မှာ။ ။အ လောင်းစည်သူ။မည်တော်မူသား။ဇမ္ဗူကျွန်းခွင်။ လည်ရာ တွင်၌။ ဖြူစင်သလင်း။ ကျောက်ဖျာခင်းကို။ ရုပ်ဆင်းပီသ။ ထုလုပ်မှ ချင်။မါယကိုယ်ကြွပ်။နှင်းလာအပ်သည်။ ဘေး ခပ်သိမ်းပယ်။ရှင်တော် နှယ်ချင်။ ဟူ၍စပ်ဆိုလေသည်။ ထို ဇမ္ဗူသပြေပင်ကို။ လေလာ၍လေခတ်သည့်အသံ။ အ ခက်အရွက်ချင်း ငြိနိုက်သည့်အသံ။ ဇမ္ဗူသပြေသီးရေသို့ ကျသည့်အသံ။ ရေမှပေါ်သည့် အသံတို့သည် ဒင်္ဂအ ညွတ် မရှေးမနှောင်းဖြစ်ကြ၍။ သာယာနာပျော်ဘွယ် ရှိ လေသည်များကို နှုန်းစံနှိုင်းရည့်၍။ တံရည်၊ တံမြွှာ၊ သ ပြေသာ၊ ခရာ၊ လင်းခွင်းများမှာ။ လေလာ၍ ပင်စည်အ ကိုင်းအခက်ဘို့ကို လေနိုက်သည့်အဟုန်၏အသံ။ တံပိုးဒုံ မင်းမှာ၊ အကိုင်းအခွအကွေးအဝိုက်ကို လေခတ်၍မြည် သည့်အသံ။ ခရာသင်းမှာ မပြင်းမပြသော လေညှင်းလေ ညံ့၏အသံ။နှဲကြီး နှဲ ငယ်များမှာလေပြင်းလေဟုန် ငင်အ ခက်အရွက်တပုတအုပ်တည်း ငြိမှိုင်သဖြင့်။ မပြင်းမညံ့ မြည်သည့်အသံ။ လက်ချပ်မှာ၊ ရွက်ချင်းခက်ချင်း ငြိနိုက် ကြသည့်အသံ။ မြှောက်စည်မှာ၊ ဇမ္ဗူသပြေသီးတို့သည် ရှေ့နောက်မရှေးမနှောင်း ကြွေကျသည့်အသံ။ စည်ဝန်း

မှာ၊ ဇမ္ဗူသပြေသီးတို့သည် အများအပြားတပြိုင်နက်ရေ
သို့ကျသည့်အသံ။ စည်ပြော်မှာ၊ ဇမ္ဗူသပြေသီးရေထဲမှ
ပေါ်သည့်အသံများကို။သဒ္ဒသဏ္ဍာန်ပြု၍တီးမှုတ်ဆောင်
ရွက်လေသည်။ သည်ကိုအကြောင်းပြုသဖြင့် ဇေးစာ
ပေါင်းများတွင် စပ်ဆိုသည်မှာ။ ။ဝေဠုအညို။ စိမ်း
လဲ့စိုသား။မြင့်မိုရ်ထုတ်သန်း။မြခါးပန်းမှ။မယွန်းပေါ်ထူး။
မြေခံရူးရူးဝယ်။ ကျွန်းဦးသပြေ။ ညှာမှကြွေသား။ ကျပေ
တုံလှာ။ရေမျက်နှာထက်။သံဝါကျူးလွှန်။နှစ်လေဟုန်တူ၊
ပြုတ်ပြုတ်ဟူ၍။ ပေါ်မူထူးလည်း။ ပြုန်းပြုန်းမြည်ရှင့်။ နတ်
စည်အစ။ပေး၍ရသား။သာလှပေဘိ။ဘုန်းဇာတိနှင့်။အခရိ
မဒ္ဒနာ။ ပေါ်ကျာရာမ။ ဥကာသ်ဝယ်။ မြန့်မော့ထိပ်မိုး။ တီး
ဆော်နှူးသည်။ ဘေးဘိုးသည်ကပင်ကိုသော။ ဟူ၍ဒင်း။
ပြုတ်ပြုတ်ဟူသည်။ထိန့်ဆူထပ်မွမ်း။စည်တော်ရွှမ်းလျက်။
သာချမ်းညွန့်လူ။ ထွက်တော်မူရှင့်။ ဟူ၍ဒင်း။တီးမျိုးမြှော်ခံ
စည်။ခုံနှစ်မည်နှင့်။တံခုည်တံမြွာ။ သမြေသာတည့်။ သဉ်ါ
ဟူပြီ။ နှစ်စင်းစီသျှင်။ ဟူ၍မြှောက်စည်အခရံနှင့်တကွ တ
တန်တခန်းဖြစ်သည်။ ရုံညီဘန်းတန်း။ သည့်နောက်ထွန်း
သား။ စည်ဝန်းလုံးသုံး။ ဘဆဲ့သုံးဘွင်။ ပတ်ကုံးရံမြဲ။ တ
လိုင်းနှဲနှင့်။ မလွဲလက်ချပ်။ နှစ်စီကျပ်၍။ သံထပ်တံပိုး။ ငါး
စင်းဖြိုးလျက်။ဟူ၍စည်ဝန်းအခရံနှင့်တကွ၊ တဘန်တခန်း
ဖြစ်သည်။ ။သည့်နောက်ဆက်ကား။ သံထွက်ညွန့်လူ။
စည်ပြောဟူသည်။ရည်တူမပြား။နှစ်ဆဲ့ငါးနှင့်။ မြည်အား
ကြီးဖြိုး။နှဲတံပိုးတည့်။မြည်ရှိုးစည်ပုတ်။ မြည်ထုတ်ပုံသာ။

မြည်စွာလင်းခွင်း။တစ်စီကျောင်း၍။ သံညင်းနှဲ ငယ်- ငါးစင်း သွယ်မှ။ တဆယ်ငါးတန်။ ခရာရံလျက်။ ဟူ၍ စည်ပြော အရံနှင့်တကွ တဘန်တခန်းဖြစ်သည်။ ။အောင်သံကျူး ကြွေး။ ရှေ့တော်ပြေးတို့။ နဂ်လေးသာယာ။ ဇေးဘာသာ ဖြင့်။ ခြင်းရာအောင်သူ။ နန်းချတုကို။ တီးမှုမှုတ်ထွေ။ ညီ ညွတ်စေဟု။သံခြေဟမြွက်။အမှုထွက်က။ ငြိမ်သက်နားခံ။ ဘွင့်သံခါကျော်။နန်းကိုမြှော်သည်။ စည်တော်သုံးသွယ် ချပ်ဟန်တည်း။ ဟူ၍စပ်ဆိုလေသည်။ တကောင်းလည်း ဘုန်းစက်ပတ်ရိပ်။ ဥကင်ထိပ်ဖြင့်။ မှစ်ကျိပ်ခုနစ်ယောက် နန်းချင်းကောက်မှ။ဟူ၍ရင်း။ ။ဘနည်းလည်း။ မြန်မာ တို့စည်။ ပိတ်ကျည်ရိုးကောက်။ အချင်းထောက်၍။ လက် မြှောက်စည်ငှင်။ မြည်သံလွင်နှင့်။ ဥကင်စွင့်စွင့်။ နန်းသစ် ဘွင့်မှ။ဟူ၍ရင်း။ ။တသွယ်လည်း။ သံလွင်ဒုံမင်း။ခရာသင်း နှင့်။ခွက်ခွင်းလက်မြှောက်။ နန်းချင်းကောံ၍။ အရေဘိမဲ့ဆီ။ တာထား၍ကို။ ယူ၍ရင်း တချက်လည်း၊တံပိုးသံကျော၊ စိန် ခရာလည်း၊ နှစ်မြွာကွေးလည်၊ ငေးကျူးမြည်လျက်၊ ပိတ် ကျည်သံနှဲ၊ရင့်နှဲပဉ္စင်၊ မြှောက်သံလွင်နှင့်၊ ဟူ၍ရင်း။ တ ခြားလည်း၊ စည်ကြီးထိန်းထိန်း၊ စည်မုဒိန်းလည်း၊ မြည် ဟိန်းကြွားကျယ်၊ အိုင်အိုင်ကယ်မျှ၊ မိုးလယ်ငိုက်ချုန်း၊ တ ဖြုန်းဖြုန်းတည့်၊ တုန်းတုန်တင်းတင်း၊ ခရာသင်းနှင့်၊ ဒုံမင်း ရိရော၊ ထက်မှုနေ့ာတို့၊ မြေကြောထုတ်သန်း၊ ပြတ်ဘနန်း လျှင်၊ ဖြန်းဖြန်းသံထင်၊ ဇေးဖျားတင်၍၊ အောင်မြင်သူရာ၊ သိကြွားလာသို့။ ဟူ၍စပ်ဆိုလေသည်။

(၅၄) ဝင်စည်တော်၏ အကြောင်းမှာ၊ ဓမ္မစေတီမင်းလက်ထက်၊ ဘုံသိက်ခံမည်ဖြစ်၍၊ ပုဏ္ဏားရှစ်ယောက်လာပါစေမည့်အကြောင်းကို လက်ဆောင်ပဏ္ဏာရာဇသံကျည်ပွေ့ရွှေပေနှင့် သီဟိုဠ်ကျွန်းသို့ စေလွှတ်သည်တွင်၊ သိဟဠဒိပမင်းက လက်ဆောင်ပဏ္ဏာ, ရွှေသိုင်း, နောက်သိုင်းဆောင်၍၊ သီဟိုဠ်စည်တီးလူနှင့်တကွ ဆက်လိုက်၏။ ပုဏ္ဏားစစ် ခုနစ်ယောက်တို့ကိုလည်း ထည့်လိုက်၏။ ပုဏ္ဏားတယောက်မစေ့၍ သမန်းမြက်ကို ပုဏ္ဏားသဏ္ဍာန်လုပ်ဆောင်ရသည်ဆိုသည်။ ပုဏ္ဏားခုနစ်ယောက်လည်း ဗ၊ရ၊ဟ၊မ၊ဏ၊ ဟူသောငါးလုံး အက္ခရာနှင့်အညီ၊ ဂုဏ်ကိုးမည်၊ သိဒ္ဓိ ၇-မည်၊ ဓုတင်တဆဲ့နှစ်ပါးတို့ဖြင့် ပြည့်စုံခြင်း ရှိသည်ဖြစ်၍၊ ဒေါဗညားမှူးမတ်သမီးနှင့် ပေးစားထိမ်းမြား၍ ချီးမြှောက်ပြုစု၏။ ရွှေသိုင်းနောက်သိုင်း ကိုင်ဆောင်၍ ပါသူတို့ကိုလည်း တကျွန်းသား ဖြစ်သည်၊ ရိက္ခာစားနပ် လုံလောက်အောင် ပေးကမ်း၍ စားကာနေကာသာ စားသောက်နေထိုင်စေဆိုသည်။ စားသည့်နေသည် မြန်မာဘာသာဆိုသည်ကို ရာမညတိုင်းသားတို့မှာ စမောင်ဆိုသည်။ ရှည်လျားသဖြင့် စကားရွေ့လေလျှင်၊ စမြောင် ခေါ်ဝေါ် ရေးသားလေသည်။ စည်ငါးလုံး, နှဲလေးစင်း, ပုံတစ်, စည်းဆုပ်တစ်၊ စည်ချင်းမှာ သမိန့်ဘျမ်းတီးသည်။ သမိန်မှာမြန်မာပြန်လျှင် 'မင်း' ဆိုသည်။ ဘျမ်းမှာဘုန်းတန်ခိုးကြီးသည်ဆို၏။ ဘုန်းတန်ခိုးကြီးသောမင်းဆိုလိုသည်။ နှဲချင်းမှာ သီရိပဝရအဂ္ဂဓမ္မရာဇာ မဟာစတ္တ

ဝေါ၊ သမိန်ထောလွတ်တရ ဟူ၍မှတ်သည်။ ပါဠိမှာ မြန်မာ တလိုင်းသွန်း၊ အကျွရာအ တူတူပင်ဖြစ်သည်။ သမိန်ထော မှာမင်းတရားဆိုသည်။ လွတ်တရမှာ ဝင်တော့ဆိုသည်။ မင်းတရား ဝင်တော မူတော့ဆိုသည့် စကားပင်ဖြစ်သည်။ ပြာသာဒ်တော် မြောက်ကန္နား၌ ငွေနှဲ့ငယ်တစ်နှင့် လူတယောက်စောင့်နေသည်။ နာရီမှူး ငွေမောင်း ငါးချက်တီးသျှင်၊ လက်ဝဲတော်တွင် အဘွင်းပန်တို့က အမှတ်ပေးသည်။ လေးဆယ်ဘော်သား တယောက်သည် ပြာသာဒ်တော် မြောက်လှေကားကသက်၍ စည်တော်ခေါ်သျှင်၊ ငွေနှဲ့ငယ်တစ်နှင့်ကန္နားတွင် စောင့်နေသသူသည် နှဲ့ငယ်ကုံ မှုတ်စေလျက် လာသည်ကိုမြင်သျှင် ဝင်စည်တော်ချီသည်။ ဝင်တော်မူသည်။ သည်ကိုရည်၍ ပညာရှိတို့စပ်ဆိုသည်မှာ၊ ဝေးရပ်ပြည်ထောင်၊ မင်းကုန်အောင်က၊ လက်ဆောင်ဆက်လှာ၊ ဦးတင်စာကို၊ သာယာကျုံကျုံ၊ သံခံကျူးချင့်၊ သံဆင့်ကျူးဖေး၊ တခြေးခြေးတီ၊ နန်းဓေးစုပေါင်း မသာ ဘောင်းတွင်၊ ငွေမောင်း ကျူးမြောက်၊ ငါးချက်လှောက်က၊ မင်းနောက်ခစား၊ သူကောင်းသားတို့၊ မှတ်သား သိပ်။ တင်ဦး ကပ်ဖြင့်။ မင်းရိပ်ရှုမျှော်။ စည်တော်ခေါ်၍။ လက်ပေါ်တင်ကာ။ ငွေနှဲ့လာသော်။ ဧကာဒသ။ လူထိုမျှတို့။ မွန်ညဘာသာ။ သံဝါစုံညီ။ လက်အုပ်ချီလျက်။ သီရိပဝရ။ စသည်ခြင်းရာ။ သာယာရင့်ရူ လူလူသံပြိုင်။ အိုင်အိုင် မြိမ့်မြိမ့်။ ငြိမ့်ငြိမ့် သာတူး။ နန်းချင်း ကျူးသည်။ ဟူ၍စပ်ဆိုသည်။ ။ထွက်စည်တော်စုံမှာ ။မြန်မာမင်းမှ

ဝင်စည်တော်မှာ ကြည်းမင်းမှ။ ပတ်ချင်း နှဲ့ချင်းတို့မှာ ဥသာမင်းမှဖြစ်သည်ကို အကြောင်းပြု၍ ရှေးစာပေဟောင်းများတွင် စပ်ဆိုသည်မှာ။ ကျုံကျုံတီးမြည်။ ကျည်းပြည်ဥသာ။ မြန်မာမင်းနှ။ ဇယတုဟာ။ ခရုတံပိုး။ မရိုးလက်မြှောံ တံကောက်ခရာ။ တံမြွာတံရှည်။ ပိတ်ကြည်ဒိုးမင်း။ ခွက်ခွင်း ဓိရော။ စည်ပြော တဆန့်း။ စည်ဝန်း သံလွင်။ ပဋ္ဌင်ဝု လောင်။ တောတောင်ကိုင်းကျွန်း။ ငှက်မွန်းပွဲတင် ဟူ၍စပ် ဆိုလေသည်

(၅၅) ငွေမောင်း ငါးချက်တီးသည်မှာ ဝင်တော်မူ တော့တော်။ အသျှင်မိဘုရားက လျှောက်ဟန်။ အက္ခရာ ငါးလုံးကိုရည်၍ ငါးချက်တီးသည်ဆိုသည်။ တကြောင်း လည်း ညောင်းတော်မူတော့မည် တနည်းလည်း ဝင် တော်မူဘုရား။ မှူးတော် မတ်တော်တို့က လျှောက်ဟန် တီးသည်ဆိုသည်။ လောကဝတ်,ရာဇဝတ် နှစ်ဖြာသင့်ရာ မှတ်ယူရမည်။

(၅၆) ပဟိုရ်စည်တော်၏ အကြောင်းမှာ တကောင်း ပြည်တွင်သတိုးတိုင်းရမင်း မင်းပြုသည်ကာလ။ ခေါင်း လောင်းကြီးငါးလုံး, စည်ကြီးငါးလုံးရှိ၏။ ခေါင်းလောင်း ကြီး ငါးလုံးအမည်ကား။ နားတော်လျှောက် နားတော် တင် နားတော်ပါး နားတော်စောင့် နားတော်သန့်ဟူ၍ သမုတ်၏။ စည်ကြီးငါးလုံး အမည်ကား။ ပေါက်ချိုစည် ကြီး, ကပြင်းစည်ကြီး,စံ ကားစည်ကြီး, ပိတောက်စည် ကြီး, ကျွန်းစည်ကြီး။ ထိုစည်ကြီးငါလုံးသည် အဝလေး

တောင်ပံရှိ၏။ နတ်တို့ကပို့ဆက်လှာသည့်မုဒုံးစည်ကြီး နှစ်လုံးမှာ ကနကာဒါ်ပြီးဖြူအပေါ်တွင် ဟဘက်တလုံး စီထားသည်။ စည်ကြီးငါးလုံးအနက် စံကားစည်ကြီးကို ပဟိုရ်စည် ဆိုသည်။ လေးလုံးစည်မှာ မြို့လေးမျက်နှာ တံခါးစည် ဆိုသည်။ အချို့လည်း။ ခေါင်းလောင်း ငါးလုံး, စည်ကြီးငါးလုံးကို တလုံးစီဘက်၍ အလှည့်အလည့် တီးသည်လည်းဆိုသည်။ သရေခေတ္တရာပြည်, ဒွတ္တပေါင်မင်း ၎င် စည်ကြီး, ခေါင်းလောင်းကြီးတီးသည်။ လှံချိုစေလွှတ်သည် ဆိုသည်များကိုထောက်၍လည်း ခေါင်းလောင်းကြီး, စည်ကြီး ရှိကြောင်းကို သိရသည်။ ဒဂုန်ဆင်ပျံနှင့် လက်ထက် ခေါင်းလောင်းကြီး ရှိကြောင်းကို ယခုတိုင် ကျော်စောထင်ရှားခြင်း ဖြစ်လေသည်။

(၅၇) ပဟိုရ်စည်ကို စ၍တီးသျှင် နေတက်တချက် တီးကာစ၍ နှစ်ချက်တီး, သုံးချက်တီး, လေးချက်တီး။ အခချက်ကိုတိုး၍ တီးသဖြင့်။ ဝမ္ဗုနမင်္ဂလာအညွှန့် အတိုးကိုယူ၍တီးလေသည်။ တချက်တီးကို တဆဲ့တချက်။ နှစ်ချက်တီးကို နှစ်ဆဲ့နှစ်ချက်။ သုံးချက်တီးကို သုံးဆဲ့သုံးချက်။ လေးချက်တီးကို လေးဆဲ့လေးချက်။ လေးရပ်ကို ပေါင်းသော် အချက်ပေါင်း တရာ့တဆယ်ဖြစ်သည်။ တရာ့တဆယ်ဂဏန်းကို လေးခုနှင့် စားသျှင် လာဘ်နှစ်ဆဲ့ခုနှစ်ခုရသည်။ သေသနှစ်ခုကြွင်းသည်။ လာဘ်နှစ်ဆဲ့ခုနှစ်ခုမှာ သတ္တာဝီသနက္ခတ် နှစ်ဆဲ့ခုနှစ်လုံး။ အကြွင်းနှစ်ခုမှာ နေလနှစ်ပါး။ စားခြေလေးခုမှာ ဓာတ်လေးပါး ဆို

လိုသည်။ ကမ္ဘာတည်စ နေလနက္ခတ်တို့ မငှေးမနှောင်း ပေါ်ထွန်းသည့် ခါတ်လေးပါးဖြစ်သည်။ ကမ္ဘာတည်စ နေလနက္ခတ် ခါတ်ကိုရည်၍ နေ့ညဥ့်တို့၌ တချက်တီးခြင်း၊ နှစ်ချက်တီးခြင်း၊ သုံးချက်တီးခြင်း၊ လေးချက်တီးခြင်း၊ အချိန်နာရီဖြင့် ပိုင်းခြားရာဝယ် တဆဲ့တချက်၊ နှစ်ဆဲ့ နှစ်ချက်၊ သုံးဆဲ့သုံးချက်၊ လေးဆဲ့ လေးချက် မှတ်သား၍ဥပဒေပြုသည်။ တချက်တီး၊ နှစ်ချက်တီး၊ သုံးချက်တီး၊ လေးချက်တီးတို့တွင်၊ နောက်ဆုံးတချက်၌ရပ်ငှ်၍ ခေါင်းလောင်းစည်တို့ကို တီးသည်မှာ တလျှောက်တည်းခေါင်းလောင်းသံ, စည်သံ, အညံ့မပြတ်စေရ၊ အရှည်အလျား အညွန့်အသားငင်၍၊ ဒိဿသဒ္ဒကိုရ မင်္ဂလာကိုလိုက်သဖြင့် တီးလေသည်။

(၅၈) မင်းကြားစည့်,မင်္ဂလာစည်၏ အကြောင်းမှာ မင်းကြားစည်ကိုပင် မင်္ဂလာစည် ခေါ်ဝေါ် လေသည်။ မင်္ဂလာစည်ကိုပင် မင်းကြားစည် ခေါ်ဝေါ်သည်။ မင်းကြားစည့်, မင်္ဂလာစည် ခေါ်ဝေါ် သမုတ်ကြောင်းမှာ နရာယဉ့်ပြည့်၌ ဓမ္မရာယဉ့်မင်းလက်ထက်၊ ပြည်သူပြည်သားတို့မလျှောက်မကြားနိုင်ရာ၊ လျှောက်ကြားလိုလျှင် စည်ကြီးကို တီးစေရအောင် ရည်၍၊ နန်းဦးရှေ့ရင်ပြင်၌ အဆောက်အဦ လုပ်၍ စည်ကြီးဆွဲထားသည်။ ထိုစည်ကြီးကို တရားသဖြင့်ထားသောကြောင့်၊ တရားစည်ကြီး

ခေါ်ဝေါ် သမုတ်သည်လည်း ဆိုသည်။ သဘင်ခံသည့် ကာလကြိုးကြာငှက်ဖိုမတို့သည် ကောင်းကင်မှ ပွဲသဘင် ရှုသည်ကို ဓမ္မရာယဉ်မင်း၏သားတော် သူရိယကုမာရ, စန္ဒကုမာရမင်းသား ညီနောင်တို့သည် ငါတို့အထက်က တိရစ္ဆာန်မှု နေရမည်လောဟုရည်၍ လေးနှင့်ပစ်သည် တွင် ကြိုးကြာဖိုသေလေလျှင်၊ ကြိုးကြာမသည် ငှက်တို့ ဘာသာ ကောင်းကင်ခရီး သွားမြဲဖြစ်၍ ပျံသွားရပ်တန့် ပါသည်။ အပြစ်မရှိပါဘဲလျက် မင်းသားလေးနှင့်ပစ်၍ အကျွန်ုပ်လင်သေခဲ့သည် ဆိုခြင်းအမှတ်ဖြင့် စည်ကြီးကို နှုတ်သီးဖြင့် ခေါက်သည့်တွင်၊ ဓမ္မရာယဉ်မင်း ကြား၍ တရားနှင့်ညီစွာဆုံးဖြတ်ခြင်း၊ တိုင်းသားပြည်သူတို့ မင်း ကြားအောင်တီးရန် ထားသည့်စည်ဖြစ်၍ မင်းကြားစည် ခေါ်ဝေါ်သမုတ်သည်။တရားသဖြင့်ဖြစ်အောင်တီး၍ မင်း သိလျှင် တရားသဖြင့်စီရင်သောကြောင့်၊တရားစည်ကြီး ခေါ်ဝေါ် သမုတ်သည်လည်း ဆိုသည်။ နောက်နောက် မင်းတို့လက်ထက်၊ အကြီးအကျယ် အရံအကာ လုပ်လေ လျှင်၊ အရံအကာ၏အတွင်း၌စည်ကြီးရှိလေသည့်။ ဇေး ဖြစ်ပေါင်း အကြောင်းကို စွဲသဖြင့်၊ နောက်နောက်မင်း တို့ဝယ် ထွက်တော်မူကြီး ထွက်တော်မူ၍၊ ဝေါတော် ယာဉ်က ဝေါတော် ရွေ့သည်ကိုမြင်လျှင် တဆဲ့တချက် တီးသည်။ မင်္ဂလာကြီးထွက်တော်မူလျှင် တီးသည့်စည် ဖြစ်၍၊ မင်္ဂလာစည် ခေါ်ဝေါ်သည်။ မင်းထွက်တော်မူ ကြောင်းကို ကြားသိအောင်တီးသောကြောင့်မင်းကြား

စည်သမုတ်သည်လည်းဆိုသည်။

(၅၉) ဝတ်ကောင်းနားဒွောင်း အပေါင်းအထုပ်နှင့် အပြည့်စုံ တဆဲ့တချက်တီးသည့်အကြောင်းမှာ၊ အချိန်သင့်၍၊ ထွက်တော်မူဦးတော့ဘုရား တဆဲ့တလုံးသော အက္ခရာစကားချောက်ထားဟန် တဆဲ့တချက်တီးလေသည်။တနည်းလည်း၊ အခါတော်ပြည့်စုံပြီ၊ ထွက်တော်မူဘုရားဟူ၍လည်းဆိုသည်။ ယခင်အောက်က ဆိုခဲ့သည့် တကောင်းမင်းတွင် ကနကဒဏ်ထီးဖြူအပါး၁၃င်လက်ဝဲ လက်ျာ တလုံးစီထားသည့် ရှိုးစည်သည် မင်းထွက်စံတော်မူသည့်ကာလ တီးသည့်စည်ဆိုသည်။ ။ရှေးစာပေါင်းများတွင်၊ ကျော်သည်းဗုံမိမ့်။ မိုးမြေ သိမ့်မျှ။ ရောက်လိမ့်စကြာ။ ရောစည်ကြီး။မြိမ့်မြိမ့်တီးသည်။ ရန်ဆီးလွဲကြမည်။ ဟူ၍စပ်ဆိုသည်။

(၆၀) ဝါဆိုလဆန်း ၁၅-ရက်နေ့ စည်ကြီး တီးလျက်၊ ဆင်ရဲကထက်အမိန့်တော်တင်၍ ဘတ်ပြန်သည်မှာ၊သဗ္ဗညုဘုရားသခင်သည် ဝါဆိုလဆန်း ၁၅-ရက်နေ့ မဟာဗောဓိမဏ္ဍိုင်ကသည် မိဂဒါဝုန်တောသို့ငါ ကပ်တော်မူသည့်နေ့ဖြစ်၍၊ မကောင်းမှုကိုမြစ်တားခြင်း။ ရွှေထီးရွှေနန်းအဆက်ဆက် အမိန့်တော်ဘတ်ပြန်၍ စည်ကြီးလည်လေသည်။ သည်ထုံးသည် သရေခေတ္တရာ, ပုဂံ, မြင်စိုင်းများတွင် မရှိ။ ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက်တွင် ရှေးထုံးကိုလိုက်၍ စီစဥ်သည့်ဆိုသည်။

(၆၁) တီးသည့်စည်လည်း၊ သုရစ္စ, ပါပ, အမြိတ္တ,

ကောလိ, ဓာတ်လေးရပ်, မြို့လေးမျက်နှာ, ဓာတ်တံခါးများနှင့်ခွဲထားပြီးသည့် ဓာတ်စည်လေးလုံးအနက်၊ သူရဇ္ဇတေဇောဓာတ် ဖြစ်သော အရှေ့မျက်နှာ ဓာတ်စည်ကနုတ်၍ပြီးသည်။ အခြားဓာတ်စည်ကိုမပြီး။ မီးဓာတ်ဖြစ်သောဓါတ်စည်ကိုပြီးသည်မှာဘုန်းတန်ခိုးကြီးသောမင်းတို့ အမိန့်တော် အာဏာတော်သည် အလျှံအပြောင်နေမီးကဲ့သို့ဖြစ်၍၊ အကြောင်းနိမိတ်ကို ထောက်သဖြင့်ပြီးသည်။ ဘုန်းအာဏာကို နေမီးနှင့် ခိုင်းနှိုင်းသည်ကိုထောက်၍ သိသာသည်။ ဇေးစာဟောင်းများ၌လည်းဘုန်တော်ကြီးသည်။နေမီးလဝါ။ မနှုန်းသာ၍ ဟူ၍ရင်း။ အာဏာနေမီး။ ဘုန်းတော်ကြီးသား။ ဝေးနှံ့ကြားကျော်။ ဟုရင်း။ အာဏာစက်မီး။ဘုန်းတော်ကြီးကို။ ထိန်းတော်ရောက်။ ချဉ်းကပ်သျှောက် မည်ဟူ၍ရင်း။ မိုးညွှင်းသပြီး။ ပြီးတော်ပြီးလျှင်။တန်းခိုးစက်မီး။ ဘုန်းတော်ကြီးသည်။ ဟူ၍ရင်း။ စပ်ဆိုလေသည်။ သည့်မှတပါးလည်း ဘုန်းအာဏာကို နေမီးနှင့် နှိုင်းခိုင်းစပ်ဆိုသည်မှာလည်း အများပင်ရှိသည်။ ကမ္ဘာတည်ဦး အရှေ့ကနေထွက်သည်ဖြစ်၍ နေကိုအာဒိစ္စသမုတ်ခြင်း။ ဥဒေအနက်ယူ၍ရင်း။ နေမိမာန်လည်း တနင်္ဂနွေဖြစ်၍ရင်း။ အရှေ့ကို ဥဒည်းခေါ်ဝေါ် သမုတ်သည်ဖြစ်၍ရင်း။ ဥဒည်းအက္ခရာလည်း တနင်္ဂနွေ, စနေဓာတ်ဘက်ဖြစ်လေသည်ကိုရည်၍ ဓာတ်ဒခစထားလေသည်။ မောရသုတ်ပရိတ်တော်တွင်လည်း ဥဒေတယံပါဠိရှိသည်။ ဇေးစာဟောင်းများ၌ စပ်ဆို

သည်မှာလည်း၊ ငါးထွေမာရလှည်း။ အောင်မြေဇည်း ဝယ်။ဥဒည်းပြုဗွာ။ရွှေမျက်နှာကဟူ၍ရင်း။ဥဒည်းစက်ရှင်။ အာကာခွင်က။ယာဥ်လျှင်စီးမှတ်။နောက်ကျွန်းပတ်သား။ ဟူ၍ရင်း စပ်ဆိုလေသည်များကို ထောက်၍ သိရမည်။

(၆၂) မြို့တံခါးပြင်။ အဝင်လက်ျာ။ အထွက်လက် ဝဲက။ မောကွန်းတိုင်ဆောက်၍။ မော်ကွန်းရှက်တွင် စာ ခြောက်ကြောင်း အက္ခရာ တလုံးစီကူး၍ ရေးသည့်အ ကြောင်းမှာ သရေခေတ္တရာပြည်ကို ရသေ့, သိကြား, နဂါး, ဂဠုန်, ပရမေသွရာ, မဟာဗိန္နဲ, လူမင်း, သူမြတ်ခြောက် နစ်ပါးတို့စောင်မ၍တည်သည်ဖြစ်သောကြောင့်၊ လူမင်း ၏မြို့နန်းကို ရသေ့, သိကြား,နဂါး,ဂဠုန်,ပရမေသွရာ, မဟာဗိန္နဲ၊ သူမြတ်ခြောက်ပါးတို့ လူမင်းအားစောင်မ၍၊ မြို့နည်းတည်ကြောင်းအချင်းနိမိတ်ကို ထင်ရှားစေလို၍၊ ခြောက် ပါးကိုအစွဲပြုသဖြင့် စာခြောက်ကြောင်း အစုံရေးသား လေသည်။ အက္ခရာ တလုံးစီ ကူး၍ ရေးသားသည့် အ ကြောင်းမှာ အခြားစာကဲ့သို့မဟုတ်။ သာသနာတော်၏ အဆက် ဇကရာဇ်မင်းမြတ်တို့ သားတော်အစဉ်။ မြေး တော်အဆက်။ မြစ်တော်အညွန့်။ အခွန့်ရှည်စွာ။ မပြတ် ကူးရက်။ ဆက်လက်တည်ထွန်းမည့် အနုသာသနရာဇ ဝံသနိမိတ်မင်္ဂလာကို လိုက်၍၊ အက္ခရာမပြတ်စေရ။ တ ကြောင်းဘကို တကြောင်းသို့ အက္ခရာကူး၍ ရေးသား ထုလုပ်လေသည် ဟုသုတနှင့် ပြည့်စုံသောပညာရှိသော သူတို့ဆိုကုန်သည်။ သည်ကိုချည်၍လည်း။ ရွှေပြည်မြို့ဝယ်

လူတို့ထွက်ဝင်း။တံခါးပြင်၌။ ထင်ထင်ကြို့ခိုင်။ မော်ကွန်း
တိုင်ဘွင်။မြိုင်မြိုင်သိသာ။ အကျွရာဆန်းထူး။ တသုံးကျူးစိ။
ဖြောင့်ရူးမစောင်း။ ခြောက်ကြောင်းယဥ်ယဥ်။ ထက်တ
စဥ်မှာ။စီလျဥ်ကွက်ကွက်။ ထင်ပြက်ပြက်လျှင်။ ရေးလျက်
သိသာ။ ဟူ၍စပ်ဆိုလေသည်။

(၄၃) ရွှေနန်းတက်စ။ ဥကင်မဘွင့်မှီ။ အဘွင်းတော်
နှင့် ဝင်းလေးမျက်နှာငါးရပ်တွင်၊ နှဲ့ခရာ တီးမှုတ်သည့်
နရည်းဆရာသည် ဆရာသိ ဆိုလိုသည်။ ဆရာသိ ဆို
ကြောင်းလည်း၊ ဆ-မှာခြောက်ခု၊ ရာသီ-မှာ အစုဖြစ်
သည် ခြောက်စု,ခြောက်ရပ်,ခြောက်မည်, ခြောက်ပါး၊
စကားသုံးသင့်ရာယူ၍ ခြောက်စုအစုံဆိုလိုသည်။ ပတ်
သာ၊ပုံ၊ မောင်း၊ နှဲ၊ ကြေးနင်း၊ လင်းခွင်း၊ ခြောက်ရပ်ဖြစ်
သည်။ ခြောက်ပါးအစုကို နရည်းဆရာခေါ်ဝေါ်သည်။
သိသဒ္ဒါကျေလေသည်ဖြစ်၍၊ ဆရာသာ ရေးသားခေါ်
ဝေါ်လေသည်။ရေးစာဟောင်းများတွင်လည်း၊ ပျော်မွေ့
ဘွယ်ချည်း။ ငြိမ့်ငြိမ့်ကြည်းမျှ။ နရည်းဆရာ။ ငြိမ့်ငြိမ့်သာ
သား။ သံဝါစည်ကြီး လိုက်ဘက်တီးလျက်။ ဟူ၍ရင်း။
မြေပြင်ခတောင်ကမ်း။ မွန်းမွမ်းထိတ်ထိတ်။ ပိတ်မျှရေ
ကြည်း။နရည်းပုံမောင်း။ပွဲတင်စောင်းမျှ။ဟူ၍ရင်း။ လေ
ညင်းလာထ။ပဥ္စင်လည်း။မြမြခြည်းခြည်း။ရွှေဆည်းလည်း
သို့။နရည်းဆရာ။မနှန်းသာသား။ ဟူ၍ရင်း။ စပ်ဆိုလေ
သည်။ ညွှန့်၌ပြောသံဆိုသံနာစေ၍မှတ်သားစေသည်ကို
စနည်းဆိုသည်။ သူငယ်တို့ဆိုမြည်သည်ကို တံဘောင်ဆို

သည်။ ဈေးစာဟောင်း များဘွင်လည်း၊ ငလျှင်တော်လည်း။စနည်းတာံဘောင်။တိမ်တောင်နံ့ပြောက်။ ဟူ၍စပ်ဆိုသည်။ ပါးသည်ကို ရထည်းဆိုသည်။ ဈေးစာဟောင်းများဘွင်လည်း၊ ရွှေမယ်နည်းနှင့်။ ရထည်းမိတ်လှပ်။ ရင်ချင်းအပ်၍။ ဟူ၍ဇင်း။လှပ်လှပ်ရထည်း။ သိုရင်းချည်းနှင့်။ သည်းတုန်အရုတုန်။ ဟူ၍ဇင်း။ ။နရည်းတိတ်ကြို။စနည်းမြိတ်သံ။ရထည်းမိတ်ရံ။ ဟူစပ်ဆိုသည်များကိုဇင်း ထောံ၍ရည်းခေါ်ဝေါ်ခြင်း,စနည်းခေါ်ဝေါ်ခြင်း,ရထည်းခေါ်ဝေါ်ခြင်းများသည် ပညတ်အမည် ဖြစ်သည်ဟု သိရာသည်။

(၆၄) ရုံး, လွှတ်, ဝန်ကြီး လေးယောက် တို့၏ အကြောင်းများမှာ ပုဂံပြည်ဝယ် ပြူစောထီး လက်ထက်၊ မယ်တော် ရေနတ်နဂါးက နဂါးအမတ် စောင့်ရှောက်လာရသည်။ ခမည်းတော်နေမင်းက လေးမြားအပ်သည်။ မဇ္ဈိမဒေသ၌ စန္ဒဂုတ္တမင်း၏ အနွယ်အမျိုးဖြစ်သော မင်းမျိုးလေးယောက်တို့သည် ဆင်အစီးရှစ်ဆယ်၊ ဆင်သည်ရှစ်ကျိပ်နှင့် ပုဂံပြည်သို့ရောက်လာရာ၊ ထိုသူတို့ကိုစုရုံးနေစေ၍၊ မင်းမျိုးလေးယောက်တို့ကိုလည်း သစ္စာကတိအမှတ်ဖြင့် စားတော်ဘာသုပ်ပီပေး၏။ ထီးလည်းတစင်းစီပေး၏။ ရာဇဝဓုနာ။နာမဝဓုနာ။ဒေဝဝဓုနာ။ဇေယဝဓုနာ အမည်ဟူကုန်၏။ ထိုမင်းမျိုးလေးယောက်ကို ဆင်အစီးလေးဆယ်နှင့်မြို့လေးမျက်နှာ နဂါးပြည်ဘိုင်အောင်စီရင်စေအခွင့်လွှတ်၍စီရင်ခ၏။ ထိုသူတို့ ရောက်သည့်ကာလ၊

ရုရုံး၍နေရာ အဆောက်အဦကို ရုံး,ဟူ၍ခေါ်ဝေါ်ခြင်း။ ပြည်ထဲလေးမျက်နှာကို စီရင်စေ ခွင့်လွှတ်၍စီရင်တက်နေရသည့် အဆောက်အဦကို လွှတ်-ခေါ်ဝေါ် သမုတ်ခြင်းဖြစ်လေသည်။ တကြောင်းလည်း၊ နရပတိစည်သူမင်းတွင် သားတော် ဇေယသူရ။ သိင်္ခသူ။ ရာဇသူ။ပျံချီဇေယ။ဇေယသိင်္ခ။ ငါးယောက်ရှိသည်။ သားတော်အငယ်ဇေယသိင်္ခမင်း မယ်တော်သည် နရပတိစည်သူမင်း၏လက်ညှိုး ရူအနာကိုက်ခဲလှ၍ နှုတ်ဖြင့်ငုံသည့်အခိုက်အကိုက် သက်သာ၍ ပြည်ပေါက်သည်ကို နိုးမည် စိုးသောကြောင့် ဝမ်းထဲသို့မျိုသည့်အရေးကြောင့်၊ မိဘုရားဆုပန်လိုရာ ခွင့်ပေးသည်။ သားတော်ငါးယောက်တို့ကိုနေစေပြီးလျှင် အလယ်၌ ထီးဖြူဆောက်သည်။ လို့လပယောဂကြောင့် ဇေယသိင်္ခရှိရာထီးညွတ်သည်။ နောက်ကိုမြော်ထောက်၍ မင်း၏အဖြစ်ကို ခွင့်လွှတ်သည်။ နောင်တော်လေးယောက်တို့သည်လည်း ထီးနိမိတ်ကို ထောက်သဖြင့် မဘောက်မပြန် ခွင့်လွှတ်သည်။ နန်းဦးသွင်ထီးဆောက်ရန်လုပ်ဆောင်၍ ထီးဆောက်ပြီးလျှင် ခွင့်လွှတ်သည်ကိုအစွဲပြု၍ အခွင့်လွှတ်ရာအရပ်ဖြစ်သောကြောင့်လွှတ်-ဟူ ခေါ်ဝေါ်သမုတ်လေသည်။ ခမည်းတော်နရပတိစည်သူ မရှိသည့်နောက် ညီတော်နောင်တော် ငါးယောက်ရုရုံး၍ ပြည်ထဲရေးကို စီရင်သည့်အဆောက်အဦအရပ်ကို ရုံး-ဟူ၍ခေါ်ဝေါ်သမုတ်သည်။ တကြောင်းလည်း ညီတော်သည်ကျော်စွာမင်းဖြစ်လျက် နောင်တော်

တို့ကိုအာနာတော်မူ၍၊ ညီတော်နောင်တော်ငါးယောံ
တို့တနေ့မပြတ်စုချီးရသည်။ ညီတော်မှာ မင်း၏အဖြစ်ဖြင့်
သာ နေတော်မူတော့။နောင်တော်လေးယောံတို့ ပြည့်ထဲ
ရေး စီရင်မည့်ဆိုလျှင်၊ နောင်တော်လေးယောက်တို့သာ
စီရင်ပါတော့။ အခွင့်လွှတ်သည်ဖြစ်၍ အခွင့်လွှတ်ရာအခ
ရပ်အဆောက်အဦကို လွှတ်-ဟူ၍ခေါ်ဝေါ်သမုတ်သည်
လည်းဆိုသည်။ ထီးလည်းလိုသည်။ ခင်းလည်း လိုသည်
ကိုအကြောင်းပြု၍၊ထိုမင်းကိုထီးလိုမင်းလိုဆိုသည်။ ဇေ
ယသိင်္ခမယ်တော်သည် သားတော်အား မင်း၏အဖြစ်၊
ရွှေထီးရွှေနန်း စံမြန်းရမည့်ဆုကို ခွင့်တောင်းဘန် များ
သောကြောင့်၊ ထိုမင်းကို နန်းတောင်းများ ဟုခေါ်ဝေါ်
သည်။ လက်ညှိုးအနာကိုငုံသည့် အရေးကြောင့် ဆုပေး
သည်။ ထီးလည်းလိုသည်, မင်းလည်းလိုသည်ကိုရည်၍၊
ပညာရှိတို့စပ်ဆိုသည်မှာ၊ ရွှေလက်တော်ထွတ်။ငုံဆုမြတ်
ကြောင့်။ ရစ်ဆတ်သူဟာနံ။ နတ်ညွှန်ပြန်သည်။ နိမိတ်ရည်
ကြောင့်၊ဟူ၍ စပ်ဆိုလေသည်။ ။နောင်တော် လေး
ယောက်တို့ပြည့်ထဲရေးကို စီရင်သည်ကို အစွဲပြုသဖြင့်၊
နောက်နောက် မင်းတို့လက်ထက် ဝန်ကြီးခန့်လေသည်။
ပြူစောထီး လက်ထက်။ မဇ္ဈိမဒေသက။ စန္ဒဂုတ္တအမျိုး။
မင်းမျိုးလေးယောက်ကို ခန့်ထားသည် ဆိုသည့်စကား
နှင့်။ထီးလိုမင်းလိုလက်ထက် နောင်တော်တို့ကို အစွဲပြု၍
ဝန်ကြီးခန့်သည် ဆိုသည့်စကားနှစ်ချက်တွင် ပြူစောထီး
လက်ထက်ခန့်သည်ဆိုသည့်စကားမှာ သက္ကရာဇ်ရင့်လေ

သည်။ ဝိဒေဟရာဇ်ပြည်တွင် အမတ်ကြီးလေးယောက်ရှိ
ကြောင်း ဇာတ်တော်တွင်ပါသည်ကို ထောက်၍သိရ၏။

(၆၅) ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းလက်ထက် တိက္ကမန္တရိအမတ်။ ဗာရာဏသီပြည်တွင် နန္ဒကုမာရမင်း လက်ထက် လက်ျာသုဝဏ္ဏအမတ်။ မာရိအောင်ကျွန်းတွင် မာရ်အောင်မင်းလက်ထက် ဒိမ္ဗသန္တရိအမတ်။ အာဠဝီ ပြည်တွင် ကပိလကုမာရမင်းလက်ထက် အဂ္ဂစန္ဒီအမတ်။ ဒဂုန်ပြည်တွင် ဥက္ကလာပမင်း လက်ထက် အဂ္ဂမန္တရိအ မတ်။ ထိုအမတ်တို့သည် မင်းဧကရာဇ် မေးမြန်းတော်မူ သည့်ကာလ၊ ထုံးစံသက်သေနိမိတ်နှင့်တကွ အကြောင်း အကျိုးပြ၍ လျှောက်ချက်စကားများကို ထောက်လျှင် မင်းတိုင်ပင်ပညာရှိအမတ်အတွင်းဝန်ဖြစ်သည်ယူရမည်။ ဧကရာဇ်မင်းမြတ်အဆက်ဆက် မည်သည့်အမတ် မည် သည့်သူဟူ၍ အမည်ထုတ်ဘော် မေးတော်မူမှသာ မေး တော်မူသူ လျှောက်ထားရသည်။ မည်ရည်ထုတ်ဘော်၍ မေးတော်မမူလျှင် စကားများစွာမဆိုသင့်။ အတွင်းဝန် တို့သာ အမှုနှင့်လျော်စွာ လျှောက်ထားရသည်။ မင်းရိပ် သိ၍ ပြောဆိုသည်သာမှုလရင်းဖြစ်သည်။ အသကမင်း၌ နန္ဒသေနအမတ်။ အာဒါသမုခမင်း၌ ဂါမဏိစန္ဒအမတ်တို့ သည် ပြည်ကိုအုပ်ချုပ်စီရင်သည့် အမတ်ကြီးများပင်ဖြစ် သည်။ ဝန်ကြီး အတွင်းဝန်တို့ အင်္ဂါလည်း ရှစ်ပါးချင်း ရေတွက်ကြလေသည်။ ပညာရှိတို့စပ်ဆိုသည်မှာ ရာပိုင်စိ ဘန်။ ဝန်အတွင်းဝန်လည်း။ ခန့်ရန်သင့်လျော် ဟူ၍ရင်း၊များ

သည်အရုတ်ဘော့။ စောင့်နှင့်စေဟာ့။ သပြေစိုးမှန်။ ဝန်တွင်း ဝန်ကဲ့။ ခန့်ရန်ပိုင်းခြား။ မိန့်မှာထားမှ ဟူ၍ရင်း၊ သေနာပတိ၊ အစရှိသည်။ မသိတိုင်းဖွည့် ဟူ၍ရင်း၊ ဂုဏ်ရည်မချို့။ တွင်းဝန်တို့ကို။ နှစ်လို့ကြည်ဖြူ။ မိန့်တော်မူ၏ ဟူ၍ရင်း၊ မြင်သိဂုဏ်ဥာဏ်။ အဘွင်းဝန်ကား။ အလွန်လွယ်ကူဟူ၍ရင်းစပ်ဆိုလေသည်။

(၆၆) ဝင်းမှူးလေးယောက် အကြောင်းမှာ သိကြားစံရာ တာဝတိံသာဝယ်။ အရှေ့မျက်နှာ ဓတရဋ္ဌ။ တောင်မျက်နှာ ဝိရုဠ္ဍက။ အနောက်မျက်နှာ ဝိရူပက္ခ။ မြောက်မျက်နှာကုဝေရ။ အစောင့် အရှောက် နတ်လေးယောက်ထားလေသည်ကိုအကြောင်းပြုသဖြင့်၊လူ့ပြည်၌ လူမင်း တို့တွင်လည်း ဝင်းမှူးလေးယောက် ထားလေသည်ယူရမည်။ ဝိသကြိုနတ်မှာ အမှုမှုမျိုးကို ဘန်ဆင်းစီရင်ရသည်ဖြစ်၍၊ လူမင်းတို့မှာ ဝန်ကြီး,အတွင်းဝန်, ဝင်းယောက်ကဲ့သို့ ဖြစ်သည် ယူရန်ရှိသည်။ သည်ကိုရည်၍ ပညာရှိတို့ စပ်ဆိုသည်မှာ ရွှေနန်းတင်မူ။ စောင့်ကြပ်ရှုလျက်။ စတုမဟာရာဇ်။ ငါးဆစ်စောင့်ထား။ နတ်လေးပါးလည်း။ တံခါးရုံကာ၊ လေးမျက်နှာဘွင်။ ကောင်းစွာစောင့်ကြပ်။ ဝင်းမှူးထပ်၍။ စေအပ်မှုကုံ။ ဝိသုကြိုလည်း ခုံခုံမင်မင်။ စီဆင်သမျှ။ ဘန်ဆင်းပြလျက်။ တည့်တည်းခြင်း။ ငြိုးစေလျှင်းမှု ဟူ၍စပ်ဆိုလေသည်။

(၆၇) မြင်းမိုရ်တောင်ဝယ် အရောင်လေးပါးကို အစွဲပြု၍ ဝင်းလေးမျက်နှာ။ ဝင်းအမှတ် အလံလေးစင်း

ရှိသည်။ အရှေ့ဝင်းအလံဖြူ။ လက်ျာဝင်းအလံစိမ်း။ အနောက်ဝင်း အလံချိပ်။ လက်ဝဲဝင်းအလံဝါ။ မှတ်သားဆောင်ယောင်လေသည်။ သို့ဖြစ်၍ ပညာရှိတို့စပ်ဆိုသည့်မှာလည်း ရှေ့ဝင်းငွေဝါ။ လက်ျာအစိမ်း။ ချိပ်ရှိန်းနောက်စွဲ။ လက်ဝဲရွှေသျှ။ အလံလေးဝင်း ဟူ၍စပ်ဆိုလေသည်။

(၆၇) အထွတ်အမြတ်ဖြစ်စေခြင်းငှါ မှန်ကူသီး၏သဏ္ဍာန်နမူး၌ မှန်ကူသောကြောင့် မှန်ကူခေါ်ဝေါ်သည်။ ကျည်းကုလား ပုဏ္ဏားတို့မှာ မှန်ကူခြင်း၊ စလွယ်တင်ခြင်းသည်မင်္ဂလာကြီးပင်ဖြစ်သည်။ မှန်ကူရာသော အကြောင်းကို ဆိုသည့် ဗေဒင်ကျမ်းလက်ာများတွင်လည်း၊ နံ့သာဖြူနှစ်။ ဥသျှစ်မြင်လွှာ။ ဂေါရောဇဦးယူ။ အောက်မည်းဖြူမြစ်။ ဆေးစစ်မြတ်ကောဝ်။ ဘုံလေးဘောင်ကို။ ငှင်တော်ပရိတ်။ ရေနှင့်ကြိတ်ပြီး။ ပိတ်ချင်းသီးတူ။ အတော့င်ပြု၍။ ရိပ်တွင်သွေ့သောင်။ ဟူ၍ရင်း။ မှန်ကူရမူ။ တေဇကြက်သရေ။ ငွေနှင်းငွေနှင်းဝေလျှက်။ မြူဘောဖြိုးမြင့်။ လန်းလန်းပွင့်၍။ ဟူ၍ရင်း စပ်ဆိုလေသည်။ မှန်ကူကို အထွတ်အမြတ်နှင့်နှိုင်းခိုင်းစပ်ဆိုသည့်ဧရးစာဟောင်းများတွင်လည်း၊ လောကမှန်ကူ။ လှိုက်ဆူသတင်း ဟူ၍ရင်း။ နခမှန်ကူ။ နေဘဆုသို့ ဟူ၍ရင်း။ သည့်ပြင်လည်း မှန်ကူကို အချားပင်စပ်ဆိုသည့်အရာရှိသည်။ ခိုနန်းမှာ စိတ္တဂိဝါခိုမင်းနေသည့်နန်းနှင့်တူသည်ကိုအကြောင်းပြု၍ ခိုနန်းခေါ်ဝေါ်လေသည်၊ စက်ဝန်းမှာဝရဇိန်လက်နက်လည်း အသွားပတ်လည်စက်ကွင်းအဝန်းပင်ဖြစ်သည်။ စတ္တသဒ္ဒါလည်းအဝန်းကိုဟော

သည်။ အဝန်းလက်နက်ဖြစ်၍ စက်အမည်ခေါ်ဝေါ်သ မှတ်ခြင်းဖြစ်သည်။ ။ပိုနန်းမှာ နန်းပိုဆိုလိုသည်။ နန်းပို ဆိုကြောင်းလည်း တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင် စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ တောင်ငူ၊ ဟံသာဝတီ၊ မဏ္ဍမ၊ ပြည်ကြီးမြို့ကြီးများ၌ အဆောင်ဆောင်များစွာမရှိ။ ယ ခုရွှေဘုံရွှေနန်းကဲ့သို့ ကြီးကျယ်သည်မဟုတ်။ ရွှေနန်းကြော့ ရှင်မင်း နရပတိနန်းလည်း အကြီးအကျယ်မဟုတ်။ တ ကောင်း၊ သရေခေတ္တရာ၊ ပုဂံအစရှိသည့်ပြည်များ၌ နန်း ဆောက်လုပ်ခြင်းသည် ပိုနန်းကဲ့သို့သာဖြစ်သည်။ ထိုနန်း တို့၏ပိုကို အစွဲပြု၍ ပိုနန်းခေါ်ဝေါ်သည်ဟူ၍ သုတနှင့် ပြည့်စုံသော လူကြီးသူကြီးတို့ပြောဆိုလေသည်။ နန်း၏ပို ကိုအစွဲပြု၍ ပိုနန်းခေါ်ဝေါ်ခြင်းအကြောင်းကြောင့်၊ နန်း လောင်းနန်းလျာဖြစ်သော အိမ်ရှေ့မင်းအဆောင် ကွမ်း ခွက်တော်သည်။ အကြောင်းနိမိတ်ကိုစွဲ၍ပိုနန်းကွမ်းခွက် ဆောင်ယောင်ရလေသည်။ မှန်ကူခေါ်ဝေါ်ခြင်း၊ ခိုနန်း ခေါ်ဝေါ်ခြင်း၊ စက်ဝန်းခေါ်ဝေါ်ခြင်း၊ ပိုနန်းခေါ်ဝေါ် ခြင်းများသည် နိမိတ်မင်္ဂလာ လျော်ရာအခွင့်ကိုထောက်၍ ဝင်းမှူးလေးယောက်တို့ ဆောင်သည့်ထားတွင် အရှေ့ ဝင်းမှူးမှန်ကူ၊ လကျာ်ဝင်းမှူးခိုနန်း၊ အနောက်ဝင်းမှူး စက်ဝန်း၊ လက်ဝဲဝင်းမှူး ပိုနန်းထုလုပ်၍ ရှေးရှေးသော မင်းတို့လက်ထက် ပေးအပ်စွဲဆောင်စေသဖြင့် အစဉ်ထုံး ဥပဒေဖြစ်လေသည်။ ရွှေထီးရွှေနန်း၏ အခြင်းအရာကိုမှတ် သားလိုသူတို့သည် အရှေ့မှန်ကူ။ ဇမ္ဗူမျက်ဖြူ။ လကျာ်ခို

နန်း။နောက်စက်ဝန်းနှင့်။ ပုံနန်းလက်ဝဲ။ ရဲရဲညှို့ပတ်။ အမှတ်ရှေးလျောက်။စဥ့်မဘောက်သည်။လေးယောက်ဝင်းမှုး ဆောင်ထားတည်း၊ ဟူ၍ လင်္ကာအားဖြင့် မှတ်သားလွယ်သည့်ပင်ဖြစ်သည်။

(၆၉) ဝင်းကိုယ်ရံများမှာ ပုဂံပြည်ဝယ် သားတော်ကိုမှာထားခဲ့သည်။ အတောင်ရှည်သော်ဖြတ်, နှုတ်သီးရှည်သော်လှီး။အတက်ရှည်သော်တိ။ဟူ၍အမှတ်ပေးခြင်းထုံးဖြစ်စေသည့် နရပတိစည်သူမင်းလက်ထက် ဝင်းလှည့်အိမ်ဘန် ကိုယ်ရံထားသည်။

(၇၀) ယုံမှတ်နိုးရင်းသည့် မင်းဆွေစိုးမျိုးကို ရွေးချယ်၍မြို့လေးမျက်နှာကိုလေးယောက်။ လူတထောင်စီနှင့်မှုးကဲ စောင့်နေရသောကြောင့် တထောင်မှုး ခေါ်ဝေါ်သည်။ နောက်နောက်စကားရွေ့သဖြင့် ထောင်မှုးခေါ်ဝေါ်လေသည်။

(၇၁) ဗြဟ္မဒတ်မင်းမွေးကျေးသည့်ဝေဿန္တရာဇဩသည့် မင်းကျင့်တရားကိုဟောပြော၍ မြို့ကွပ်အရာထားလေသည်ဟု ပသေနဒီ ကောသလမင်းအား ဟောတော်မူသည်ကိုထောက်လျှင်၊ မြို့ကွပ်သည် အဆက်များစွာကပင်ရှိသည်ကိုသိရသည်။ရာဇဝင်၌လည်း တကောင်းပြည်ဝယ် တေင့်တော်သား တေင့်တယ်ကို မြို့ကွပ်တင်မည့်ဆို၍ခေါ်စေသည်ကိုထောက်လျှင်၊ မြို့ကွပ်သည်မြို့ဝန်ပင်ဖြစ်သည်ယူရမည်။

(၇၂) လှေစုပေါင်စုတို့ကို အထက်မှာမှ ဆိုမည်။

အောက်က ဆိုခဲ့သည့် အတိုင်း၊ ယက်ပြားရွှေချည်, သ
တောင်းလည်ကဲ့သို့ လှေစုပေါင်စုတို့ကိုဆိုပေအံ့။ သာရ
ဗိမာန်။ ကမကော်။ သာရကာ။ ဒိကင်း။ လှေတော်လေး
စင်း၏အကြောင်းမှာ သထုံမင်းတို့လက်ထက် သထုံပြည်
တောအရပ်၌ သစ်ကြီးတပင်သည်လုံးပတ်ညီညွတ်သည်။
ခက်မလေးဖြာရှိသည့်အကြောင်းကိုကြည့်ရှုစေသည်တွင်
တကိုင်း၌ သာလိကာနား၍ အသံသာယာစွာ ကြွေးကြော်
သည်။ တကိုင်း၌ ရှူးပျံနားလျက်ရှိသည်။ တကိုင်း၌ကင်း
ကြီးကန့်လန့်ရှိသည်။ တကိုင်း၌ သစ်ကြောအဆင့်ဆင့်ရှိ
သည်။ ထိုလေးကိုင်းလေးခက်တို့ကို လှေလေးစင်းလုပ်
သည်။ ။သစ်အကြော အဆင့်ဆင့်ရှိသည့် အကိုင်းကို
ဖြတ်ခုတ်လုပ်ဆောင်လျှင် အနှစ်အကြောသည်ဘုံဗိမာန်
ကဲ့သို့ ထူးဆန်းတင့်တယ်သည်ကို အစွဲပြု၍ သာရဗိမာန်
ခေါ်ဝေါ်သမုတ်လေသည်။ ။ရှူးပျံနားလျက်ရှိသည့် အ
ကိုင်းကိုရာမညတိုင်းသားတို့ လုပ်ဆောင်ရသောကြောင့်
ထိုလှေကို ကမကော်ခေါ်ဝေါ်သမုတ်လေသည်။ ရှူးပျံကို
ရာမညတိုင်းသားတို့မှာ ကမကော်ခေါ်ဝေါ်သည်။ ကျား
မျက်နှာနှင့်တူသည့် သတ္တဝါဆိုလိုသည်။ ရှည်လျား၍ ကမ
ကော်ခေါ်ဝေါ်လေသည်။ တနည်းလည်း ထိုအကိုင်းတွင်
ငါးကြီးရသည်ဖြစ်၍ကမကော်ခေါ်ဝေါ်သမုတ်သည်။ က
မှာ ငါးဆိုသည်။ မကော်-မှာ ကမ္ဘာဆိုသည်။ ကမ္ဘာငါး
ကြီးဆိုလိုသည်။ ကမကော် လှေနှစ်နည်းအကြောင်းရှိ
သည်တွင် သုရာငါးကြင်းရုပ်လှေတော်လည်း ရှိသည်ဖြစ်

၍ ကမ္ဘာ့ဂါးကြီးဆိုသည့်စကားနှင့် ညီလျော်သည်။ ။
သာလိကာနားသည့်အကိုင်းကိုလှေလုပ်သည့်မှာသိကြား
ဖြဟ္မာတို့ သာလိကာငှက်အယောင်ဘန်ဆင်းပြ၍ ကြွေး
ကြော်သည့်, ဟူးရားပြူ ဟူးရားညို တို့ဟောပြောသည့်
ကိုထောက်သဖြင့် ထိုလှေကို သာလိကာ သမုတ်သည်။
ရှည်လျား၍ စကားရွှေ့လေ သျှင်သာရကာခေါ်ဝေါ်လေ
သည်။ သိကြားဖြဟ္မာတို့ ငှက်အယောင်ပြသည့်နိမိတ်ကို
လိုက်၍ ဦးကား သိကြားခချသင်းကိုင်လျက် ရေစင်ဖျန်း
ဟန်။ ပဲ့ကား ဖြဟ္မာချပ် ဗိမာန်ကပ်လျက် ထုလုပ်
လေသည်။ ။ကင်းကြီးကန့်လန့်နေသည့်အကိုင်းကို ရာ
မည့်တိုင်းသားတို့ လုပ်ဆောင်ရလေသောကြောင့် ထိုလှေ
ကို အကင်သမုတ် ခေါ်ဝေါ်လေသည်။ ကင်းကို ရာမည
တိုင်းသားတို့မှာ အကင်ခေါ်ဝေါ်သည်။ ရှည်လျားလေ
လျှင် အီကင်းခေါ်ဝေါ်ပြန်လေသည်။

(၇၃) ပင်စည်သည် ကြီးမား ထူထဲလှသည် ဖြစ်၍၊
ဝန်တင်ရန် လှေလုပ်သည်။ ထိုလှေကို မင်းလှေသမုတ်
သည်။ ရှည်လျားသဖြင့်မင်းစီးလှေခေါ်ဝေါ်ပြန်လေသည်။
ရှည်လျား သောကြောင့်၊ စကားရွှေ့သျှင် နန်းစဉ်လှေ
ခေါ်ဝေါ်ပြန်လေသည်။ ဇမ္ဗူအံ့လှေပင် ဖြစ်သည်။ ထိုလှေ
ငါးစင်းအရင်းသစ်ပင်သည် တောင်ပိန္နဲမ သစ်ပင်ဟူ၍ဆို
သည်။ သာရဗိမာန်,ကမကော်, သာရကာ,အီကင်း, လှေ
တော်လေးစင်းတွင်သည်ကို ပညာရှိတို့ စပ်ဆိုသည်မှာ၊
သာရဗိမာန်။ ရောင်ဝှန်ဖြာပတ်။ ကြွေးပြောသာဒ်နှင့်။ တု

လွတ်စံကျော်။ ကမကောဘ်မှူ။ ဝေါ်တော်တင်ရော။ သာရကာ ကား။ သဒ္ဒါကြည်ဖြူ။ အလှူတော်ကျင်း။ အိကင်းလှေတွင်။ စည်စုံတင်မှ။ ဟူ၍စပ်ဆိုလေသည်။

(၇၄) လက်ရွေးကြီး။ ပွဲတိုင်းကျော်။ ပြည့်လုံးကျော်။ ဖင်းမယ်။ အင်းမ။ ဘုန်းတော်နိုင်ငံ။ သလွန်ဖြူ။ လက်သစ်။ ပြည်လုံးအုံ။ ရန်နိုင်။ ပဲကူးနိုင်ငံ။ ပြည်အင်းမ။ သမြူး။ မင်းတရားစက်ကြီး။ သည်လှေများသည် အကြောင်း သင့်ရာ ခေါ်ဝေါ်သမုတ်သည် ယူရန်ရှိသည်။

(၇၅) သုံးလူ့ပူဇော် လှေမှာ၊ ဝေသာလီပြည်ဝယ် ဘေးသုံးပါးရောက်လေလျှင်၊ သိကြားနတ်တို့ ဘန်ဆင်း သည့်လှေဖြင့် ဘုရားသခင်ရေကြောင်း ကြွတော်မူသည်။ လူနတ် ဗြဟ္မာတို့ ရှိခိုးပူဇော် ကန်တော့ခြင်းကို ပြုလေ သောကြောင့်၊ ထိုလှေကို ဥပစာအားဖြင့် သုံးလူ့ပူဇော် သမုတ် ခေါ်ဝေါ်သည် ဆိုသည်။ ထိုလှေသည် ဦးကား လူမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်း၊ ပေါင်းသရဘူ။ မကိုနှို ဆင်ယင်လျက်၊ နောက်ပဲ့မြီး သိုးသုံးစင်း စိုက်၍ လုပ် ဆောင်သည်ဆိုသည်။

(၇၆) ပြည်ကြီးမွန်လှေမှာ၊ မြန်မာမင်းကိုတရာသော မင်းမျိုးတို့ဦးညွှတ်ဟန်။ ဦးကကိုင်ချောက်၍ပဲ့ကုန်အောင် လက်ဝဲက အချပ်ငါးဆယ်၊ လက်ျာက အချပ်ငါးဆယ် ထုလုပ်သည့် လှေဖြစ်သည် ဆိုသည်။ ရေကြောင်းထွက်

တော်မူကြီးထွက်တော်မူလျှင်၊ ပေါင်တော်ရှေ့က သုံးလူ့ပူဇော်လှေ။ ပြည်ကြီးမွန်လှေ့, ခင်းကျင်းကြောင်းကို ရွှေနန်းကြော့ရှင်မင်း နရပတိ, ပုံတောင်သို့ ချီသည့်အခြင်းအရာကို ဘွဲ့ဆိုသည့် ပုံတောင်နိုင်မော်ကွန်းဘွင်၊ သုံးလူ့ပူဇော်။ လှေကျော်လွှံ့ထင်။ အောင်မြင်တန်းခိုး။ မြတ်မျိုးမင်းစဉ်။ လှေယဉ်ရတနာ။ ရှေ့မကွာတည့်။ ဟူ၍ရင်း။ ပြည်ကြီးမွန်လည်း။ ဗိမာန်ကြပတော့။ ပေါင်တော်ရှေ့ဝယ်။ ပျော်မွေ့ဘွယ်ချည်း။ ငြိမ့်ငြိမ့်ကြည်းမျှ။ ဟူ၍ရင်း။ စပ်ဆိုသည့်ကို ထောက်လျှင်၊ သုံးလူ့ပူဇော်လှေ, ပြည်ကြီးမွန်လှေသည့်လက်ဝဲလက်ျာခင်းကျင်းလိုက်ရသည့်ယူရမည်။ သုံးလူ့တောက်ပ လှေသည် သုံးလူ့ပူဇော်လှေပင် ဖြစ်သည်ဆိုသည်။

(၁၁) နဝရာလှေမှာ၊ နဝရူပဆလှေကိုပင် နဝရာခေါ်သည်ဆိုသည်။ နဝရူပပေါင်လှေအကြောင်းကို အထက်မှာမှ၊ ပဉ္စရူပ၊ သတ္တရူပ၊ နဝရူပ၊ ဒသရူပ၊ ဒွါဒသရူပ ပေါင်လှေစုတို့ကိုဆိုမည်။ အချို့လည်း နဝရာလှေသည် နဝရာဇာဆိုလိုသည်။ နဝရာဇာမင်းကိုးပါးဆိုလိုသည်။ မင်းကိုးပါးဆိုကြောင်းလည်း၊ ကမ္ဘာတည်ဦး ဗြဟ္မာကိုးဘုံကိုးယောက်ကိုအစွဲပြု၍၊ ကမ္ဘာ၏နိမိတ်ထင်စေခြင်းငှါ၊ ထိုပေါင်လှေသည် ဦးကား ဗြဟ္မာရုပ်ငါး၊ ပဲ့ကားဗြဟ္မာရုပ်လေး၊ ထုလုပ်၍ မဟာသမ္မတမင်းကစ၍ သုံးဆောင်သည်ဆိုသည်။

(၁၀) သက်နန်းနက်လှေမှာ၊ သက်နန်းနက်သစ်ပင်ကို

လုပ်သည်ဖြစ်၍ သက်နှီးနက်လျှော်ခေါ်ဝေါ်သည်။ စကား
ရွှေ့လေလျှင် သင်းကနက်ခေါ်ဝေါ်ပြန်သည်။ သာရဂန္ဓ
နံ့သာကို သရက္ခန်ဆိုသကဲ့သို့ ယူရမည်။ သင်းကနက်
သစ်ပင်မရှိ။ သက်နှီးနက်သစ်ပင်သာရှိသည်။

(၇၉) လင်းဇင်း လျှော်မှာ လာဇာလျှော် ဆိုလိုသည်။
လာဇာလျှော် ဆိုသည်မှာ မဂဓဘာသာ၌ ပေါက်ပေါက်
ဆိုသည်။ ပေါက်ပေါက်ပွင့်ကဲ့သို့ အတွန့်အလိမ် ဦးနှိမ်
ပဲ့ဖြင့်လုပ်သည့် လျှော်ဆိုလိုသည်။ ထိုလျှော်ကို လဝရှေ့တိုင်း
လင်းဇင်းမင်းတို့ အသုံးအဆောင်ပြုသောကြောင့် လင်း
ဇင်းလျှော် ခေါ်ဝေါ်သည်။

(၈၀) ပသုံလျှော်မှာ ပြသုံဖြစ်၏။ ပြဆို၏။ ဘုမ်းဆိုသည်
စကားများသည် ရာမညတိုင်းသုံးရပ်သားတို့မှာ ဘုန်းတန်း
ခိုးကြီးသည်ဆိုသည်။ ရာမညတိုင်း၌သုံးဆောင်သည့်ဘွဲ့ပုံ
များပင်လည်း မင်းဆွေမျိုးနှင့်စပ်သသူတို့ကို စောဖြ၊
သမိန်ဘုမ်း အစရှိသဖြင့်ပေးလေသည်။ အယုဒ္ဓရတိုင်း၊
လဝရှေ့တိုင်း၊ ဟရိဘုဉ္ဇတိုင်း များမှာလည်း ဘွဲ့အမည်
များသည် ဖြနရစ်၊ ဖြစဲစစ်၊ ဖြသာမိရာဇာ အစရှိသည်ဖြင့်
သုံးဆောင်သည်။ ကျောက်မျိုးဖြစ်သော မုတ္တမမင်းတို့လက်
ထက်၊ မြစ်ကြီးငါးသွယ်မှ စီးဝင်သည့် ရေဖြစ်သည်ကို
နိမိတ်အမှတ်ပြု၍၊ ပွန်စလိုင်မြစ်မှာ၊ သင်္ကြန်ရေ သောက်
ရေတို့ကို ခပ်ရသည်။ ရံဘန်ရံခါ မှူးမတ်ဗိုလ်ပါတို့နှင့်
ပွန်စလိုင်သို့ကူး၍ ပွဲသဘင်ခံသည်။ ထိုရေကို သုံးဆောင်
လျှင်၊ ဘေးအန္တရာယ်ကင်းသည်ဟူ၍ ဒိဋ္ဌာနုဂတိပြုလေ

သည်။ ဖြင်းနတ်ဘုရားတည်ရာ တောင်သည် ဘီလူးတို့နေရာဟောင်းတောင်ဖြစ်၍၊ ဘီလူးတို့သည် အဿမုခီကို ကြောက်ရွံ့သည်ကို အစွဲပြု၍၊ ပွဲသဘင်ခံမည့်, ပွန်စလိုင်ရေကိုသုံးဆောင်မည် ကူးသွားသည့်ကာလ၊ အဿမုခီချပ် လုပ်သည့်လှေကို မင်းတို့ စီးနင်းလေသည် ဆိုသည်။ ထိုလှေသည် ဦးကားအဿမုခီချပ်၊ ပဲ့ကား မင်းစီးလှေဖြစ်သောကြောင့် လှော်ကား ပဲ့ကဲ့သို့လုပ်ဆောင်သည် ယူချန်ရှိသည်။ ရွှေသိမ်းရွှေနန်းအဆက်ဆက် သကြိုန်တော်ကြီးခေါ်တော်မူသျှင်၊ ပွန်စလိုင်ရေကိုလည်း ခပ်ယူသည်ပင်ဖြစ်သည်။ ပွန်စလိုင်မြစ်သည် မြစ်ငါးသွယ် ဆုံရာဖြစ်သည်။ ရေးစာဟောင်းမှာလည်း။ ။အရှေ့ဘက်သို့။ ရွှေစက်ပြောင်ဝင်း။ [illegible]န် [illegible]န်လင်းမျှ။ မြစ်မင်းယဉ်ပြိုင်။ ပွန်စလိုင်ဟု။ ငါးဆိုင်ဆုံကြ။ ပင်လယ်ဝကို။ ဟူ၍စပ်ဆိုလေသည်။ ဘုန်းရှိသောမင်းတို့ ထိုရေကို သောက်သည်ဆိုသည်။ ထိုရေဖြင့်ကူးသန်းသွားလာသည်ကို အကြောင်းပြု၍ဖြသုံလှေခေါ်ဝေါ်သမုတ်သည့်။ ဖြဆိုသည်မှာ ဘုန်းတန်းခိုးကြီးသည်ဆိုသည်။ သုံ ဆိုသည်မှာသောက်သည်ဆိုသည်။ ရှည်လျားသဖြင့်စကားရွေ့လေလျှင်၊ ပသုံ ရေးသားခေါ်ဝေါ်လေသည်။

(၁၁) အဇလုံလှေမှာ၊ အဇလုမ္ဗနီဆိုလိုသည် အဇမှာဆိတ်၊ လုမ္ဗနီမှာ ခရမ်းသီး ဆိုသည်ကိုထောက်လျှင်၊ ဦးကား ဆိတ်ချပ်ခရမ်းသီးငုံဟန်လက်နှစ်ဘက်။ ပဲ့ကား အမြီး, ခြေနှစ်ဘက်လုပ်သည့် လှေဖြစ်သည် ယူရမည်၊

(၁၂) ပြည်ကိုးလှေမှာ ပြည်သူ တိုင်းသားတို့ ရှိခိုး တင်လျှောက်ရာ လှေဆိုလိုသည်။ ပြည်သူတိုင်းသား အများလူတကာတို့ ရှိခိုးဦးတင်ရာဆိုသည်ကိုထောက်လျှင်၊ ကမ္ဘာဦးသူတို့ ရှိခိုးတောင့်တပြုသဖြင့် နေလပေါ်ခြင်း နိမိတ်ကို ထောက်၍၊ ဦးကား လဗိမာန်၊ လနတ်ရုပ်၊ ပဲ့ကား နေဗိမာန်၊ နေနတ်ရုပ် လုပ်သည့် လှေဖြစ်သည်ယူရမည်။

(၁၃) သယောင်လှေမှာ သူယောင်လှေဆိုလိုသည်။ ၃ည့်လျား၍ သယောင် ရေးသား ခေါ်ဝေါ် လေသည်။ ဦးကား သူယောင်ရုပ်၊ ထား၊ လှံ၊ တုတ်၊ ဒိုင်း၊ လေး၊ လက်နက် ငါးပါးကိုင်ဟန်၊ ပဲ့ကား မင်းစီးလှေဆိုသမျှသည် လှော်ကားပဲ့ကဲ့သို့ လုပ်မြဲဖြစ်သည်။ လှော်ကားပဲ့ လုပ်သည်ယူရမည်။

(၁၄) ဂင်္ဂါဇေယလှေမှာ ကျီးလှေဆိုလိုသည်။ ကျီးရုပ်လှေဖြစ်သည်။ ဇေယမှာအောင်ခြင်း နိမိတ်ကိုလိုက်၍ မင်္ဂလာစကား မှည့်လေသည်။

(၁၅) သရဘူလှေမှာ ၃ည့်လျား၍ အရေးအသား အခေါ်အဝေါ်ရွေ့သောကြောင့် သရဘခေါ်ဝေါ်သည်။ ဦးကား သရဘူကဲ့သို့အနိမ့်။ ပဲ့ကား သရဘူကဲ့သို့အမြင့် လုပ်သည့်လှေဖြစ်သည်ယူရမည်။ အချို့လည်း သရပတ် လှေဖြစ်သည်ဆိုသည်။ ပွဲလျက်၊ ရေနံ၊ ငါးဆီ၊ အစရှိသည်တို့ကို ရောနှော၍ ချက်သည်ကို သရပတ် ဟူ၍ခေါ်ဝေါ်သည်။သည်ကိုအစွဲပြု၍ လှေထေးလူစုတို့ကိုသရပတ်

အရာသားဆိုသည်။ အဝကို စည်သူကျော်ထင်မင်း, မင်းပြုသည့်ကာလ၊ ရှင်ပြုရှင်လှသို့ ဘုရားရှိခိုး ထွက်သည်တွင်၊ ညနေသုံးချက်တီးကျော်၌ အဝဘက်သို့ ကူးမည်ဟု ပေါင်ပန်းလှေတက် ခင်းကျင်းသည်အတွင်း၊ အနောက်တောင်ထောင့်က မိုးသက်လေဆင်သည်ကို မြင်သောကြောင့်မကူးဖြစ်။ မှူးမတ်တို့နှင့် တိုင်ပင်နေကြစဉ်တွင်၊ လှေငယ်နှင့်သရပတ်သားတို့ပါသည်။ပေါင်တော်ပဲ့နားက သရပတ်သား တယောက်သည် အကြိမ်ကြိမ် တက်ခေါ်သည်ကို အင်းဝဘုရင်စည်သူကျော်ထင်ကြား၍၊ တက်ခေါ်သသူသည် မည်သည့် သူနည်း။ မည်သည်ကို အကြောင်းပြု၍'တက်ခေါ်သနည်း မေးတော်မူလျှင်၊ သရပတ်သားလည်း ပေါင်တော်ကူးမည် စီစဉ်ခင်းကျင်း၍ရှိမှ မိုးသက်လေကိုမြင်၍ မကူးဖြစ်ရှိတော်မူခဲ့လျှင်၊ ရှင်ပြုရှင်လှဆိပ်ဘွင် တည်၍ စက်တော်ခေါ်ရမည် ဖြစ်သောကြောင့် တက်ခေါ်ပါသည် လျှောက်လေလျှင်၊ မောင်မင်းစီဆင်၍ ကူးနိုင်မည်လော မေးတော်မူပြန်သည့်တွင်၊ ဘုရားကျွန်တော် စီဆင်၍ ကူးရလျှင်၊ တကောင်း ဈေးဆိပ်သို့ ပေါင်ပန်းလှေတော် ဆိုက်ရောက်မှ မိုးသက်လေ ရောက်မည်ဖြစ်ပါသည် ဟုလျှောက်သည်တွင်၊ အဘယ် အကြောင်းကြောင့် သိရသနည်း မေးပြန်သော်၊ သရပတ်သားလည်း တိမ်တေ, လေဇော်, လျှပ်စစ်ပဇ္ဇော, သံတယော, ဆိုသည်ကိုထောက်၍ လျှောက်ခြင်းဖြစ်ပါသည်။ တိမ်တက်သည်ကို သုံးယူဇနာက မြင်ပါသည်။

လေဆင်သည်ကိုတယူဇနာကမြင်ပါသည်။ လျှပ်စစ်ပြက်သည်ကို ငါးယူဇနာက မြင်ပါသည်။ မိုဃ်းဆင်သည်ကိုသုံးယူဇနာကမြင်ပါသည်။ ပညာရှိတို့စကားကိုထောက်၍လျှောက်ပါသည်ဆိုလျှင်၊ အားရတော်မူ၍၊ သရပတ်သားကိုပင် မောင်မင်းဝိဆင်၍ ကူးတော့ဆို၍၊ ရှင်ပြုရှင်လှဆိပ်ကသည့် ရွှေကြက်ယက်ကိုပန်း၍ ကူးလေလျှင်၊ တကောင်း ဈေးဆိပ်သို့လည်း ပေါင်ပန်းလှေတော် တက်ရောက်လေတော့သည်။ မိုဃ်းသက်လည်း ရောက်လာတော့သည်။ သည်ကို အားရတော်မူ၍ ဆုလာဘ်ပေးတော်မူသည်။ မည်သည့်အကြောင်းကိုစွဲ၍ တကောင်းဈေး ခေါ်ဝေါ်သနည်း မေးတော်မူပြန်သည်တွင်၊ တကောင်းမင်းရိုး သတိုးမင်းဖျား မြို့ရာကြည့်ရှုမည် လာသည့်ကာလ၊ သည်ဆိပ်ကပေါင်ဆိုက်၍တက်သွားကြည့်ရှုသည်။ ပဌမမင်းလမ်းဖြစ်သည်။ မြို့တည်၍ဈေးနှာရှိပြန်လှေသောကြောင့်၊ တကောင်းဈေး ခေါ်ဝေါ် သမုတ်သည်။တကောင်းမင်းလက်ထက် တက်ရာလမ်းဈေးဆိုလိုပါသည်။ အတီးအမှုတ် ကြိုးချင်းများတွင်လည်း၊ ။တကောင်း ပေါင်ငင်။ တကောင်း ပေါင်လာ။ တကောင်းပေါင်ဆိုက်ဟူ၍ သုံးဆောင် တီးမှုတ် ကြလေသည် ဟုလျှောက်လေလျှင်၊ ထိုသူကိုသရပတ်အစုကနုတ်ယူ၍မြဲစွဲထမ်းရွက်ရသည်။ ဗဟုသုတနှင့် ပြည့်စုံသည်။ စကားစပြည်ယဉ်ကျေး တတ်လိမ္မာသည်ဖြစ်၍၊ စကားတော်ရွာကိုပေးတော်မူသည်။ ယခုတိုင်စကားတော်စားဟူ၍

ထင်ရှား လေသည်။ တကောင်း အိုးခွက် အများတည်၍ ရောင်းသောကြောင့်၊ တကောင်းဈေးခေါ်ဝေါ်သည်ဆိုကြ သည်။ သရဘလျှော်သည် သရပတ်လျှော် ဖြစ်သည် ဆိုကြ သည်။ သချဘူလျှော်ကို သချပတ်လျှော်ဆိုသည်မှာ သရဘူ လျှော်သည် အခြားလျှော်ကဲ့သို့ မဟုတ်။ သရပတ် လုံခြုံလှ သည်ဖြစ်၍လည်း သရပတ်လျှော် ခေါ်ဝေါ် ပြန်သည်လည်း ဆိုသည် ဟု ယူရန်ရှိသည်။

(၁၆) လောကာမိမာန်လျှော်မှာ လူမင်းမိမာန် ဆိုလို သည်။လူမင်းမိမာန်ဆိုလိုသည်ကိုထောံလျှင် ဦးကလည်း မိမာန်။ ပဲ့ကလည်းမိမာန်လုပ်ဆောင်သည့်လျှော်ဖြစ်သည် ယူရန်ရှိသည်။ ဒွါလောင်းလျှော်မှာ။ ဦးနှစ်မြွာ။ ပဲ့နှစ်မြွာ လုပ်သည့်လျှော်ဖြစ်သည်ဆိုလိုသည်။ သုဝလျှော်မှာ ကြက် တူရွေးကျေးလျှော်ဖြစ်သည်။ သံသုမာရလျှော်မှာ။ မွေ့လျှော် ဘွယ်ရှိသော မိကျောင်းလျှော်ဆိုလိုသည်။ ပညာရှိတို့စပ် ဆိုသည်မှာလည်း ရွှေဒွါ ရွှေလောင်း။ မိကျောင်းမြင်းဆင်။ ရုပ်သွင်ပီသ။ ရဲလျှော်စသား။ တောက်ပဝင်းဝင်း။ ဟူ၍စပ် ဆိုလေသည်။

(၁၇) မနုသီဟလျှော်မှာ။ လူ့မျက်နှာလူ့လက်။ ခြင်္သေ့ ကိုယ်နှစ်မြွာ။ ခြင်္သေ့ခြေနှစ်ဘက်ဖြစ်သည်တွင်၊ လက်နှစ် ဘက်ထိသည်။ ရင်အုပ်နှင့်လက် ဆိုသည်။ ပေါင်နှင့်ကိုယ် နှင့်ထိသည်ဖြစ်၍ ထိသုံးပါးဆိုသည်။ မနုသီဟချပ်လျှော် ပင်ဖြစ်သည်။ ပညာရှိတို့စပ်ဆိုသည်မှာလည်း။ မနုသီဟ။ ရုပထင်ရှား။ ထိသုံးပါးနှင့်။ ကြွားကြွားထင်ပြူ။ ဟောက်

သကဲ့သို့။ ဟူ၍စပ်ဆိုလေသည်။ မနုဿဗိဟာသည် လူခြင်္သေ့ဆိုလိုသည်။ မနုဿယသီဟောမနုဿီဟော။ မနုဿယ။ လူ့ ကိုယ်ကဲ့သို့။ သီဟော။ ခြင်္သေ့တည်း။ ။မနုဿီဟော။ လူ့ကိုယ်ကဲ့သို့ခြင်္သေ့။ တဗ္ဗုရိသ်သမာသ်ဝိဂြိုဟ် ပညာရှိတို့ ကြံကြလေသည်။

(၁၁) နာဂဒေဝလှေမှာ။ ဦးကနုတ်ရုပ်ဘွင် ထိပ်၌ နဂါးရုပ်တပ်၍ လုပ်သည့်လှေဖြစ်သည်ယူရမည်။ ဒွါဒသရူပလှေမှာ။ တဆဲ့နှစ်ရုပ်ပေါင်း၍ လုပ်သည့် လှေဆိုလိုသည်။ ဒွါဒသရူပလှေကို ရုပ်စုံလုပ်သော ပေါင်စုတို့နှင့် အထက်မှာမှဆိုမည်။

(၁၉) သုံးဆဲ့နှစ်လံလှေမှာ။ သုံးဆဲ့နှစ်လံအလျားရှိ၍ သုံးဆဲ့နှစ်လံလှေ ခေါ်ဝေါ်သမုတ်သည်။ ယင်းသည့်လှေကိုပင် မဟာပါသာဒလှေဆိုသည်။ ဦးမှာ ရုပ်စုံလုပ်လိုသမျှ။ ပဲ့မှာ မင်းစီးလှေဖြစ်၍ လှော်ကား ပဲ့လုပ်ရသည်။ ပါသာဒသဒ္ဒါသည်ကြည်ညိုခြင်းကိုဟောသည်။ ပါသာဒံ ဇနေတီတိ ပါသာဒေါ။ ပါသာဒံ၊ကြည်ညိုခြင်းကို။ဇနေတိ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ကြည်ညိုခြင်းကိုဖြစ်စေတတ်သော သတ္တိကြောင့်။ ပါသာဒေါ။ ပါသာဒမည်၏။ ကိတ်ဝိဂြိုဟ်၊ ပသာဒဓါတ်၊ နပစ္စည်းဖြစ်သည်။ ပညာရှိတို့ကြံသည်ကိုထောက်၍ သုံးဆဲ့နှစ်လံ မဟာပါသာဒလှေသည် ကြီးသောပြသာဒ်ဆောင်တင်သော လှေဖြစ်သည်ယူရမည်။

(၉၀) လှော်ကား၏အကြောင်းမှာ။ အလောင်းစည်

သူမင်းသည် သက်နန်းနက်ပေါင်နှင့် ဇမ္ဗူလှည့်လည်သည့် ကာလ။ ကျွန်းကြီးတခု၌ ကင်းကြီးတခုသည်ဆင်ကိုသတ်၍ဆင်စွယ်ကို အသိုက်ပြုလျက်နေ၏။ ထိုအသိုက်သည် တတ်လှစွာသော လူတို့လုပ်ဆောင်သကဲ့သို့။ အကန့်အကွက် အဝန်းအရက်တို့သည်ရှိ၏။ ကင်းကြီးအစာရှာမည် တောသို့သွားသည့်အခိုက် ကင်းသိုက်ကိုတွေ့၍ ထူးဆန်းတင့်တယ် လျောက်ပတ်သည် ဖြစ်သောကြောင့် ပုံပန်းရေးသား၍ ယူခဲ့စေ၏။ ဆင်စွယ်လုပ်ရင်းအကြောင်းကို အစွဲပြု၍ ယခုထက်တိုင် ထိုအလုပ်အဆောင် အရေးအသားတို့ကို ဆင်စွယ်ဝန်းရက်ခေါ်ဝေါ်လေသည်။ အသိုက်ဖြစ်သော ဆင်စွယ်ကိုလည်း ဆောင်ယူခဲ့စေသည်။ ကင်းကြီးလည်း အစာရှာရာကရောက်၍ အသိုက်ပျက်သည်ကိုမြင်လျှင် သမုဒ္ဒရာကိုကူး၍လိုက်၏။ ကောလာဟလ အုတ်အုတ်ကျက်ကျက်။ သဲသဲရုတ်ရုတ်မျှရှိသောအသံကို အလောင်းစည်သူမင်းကြားလျှင်၊ မည်သည့်အသံဖြစ်မည်နည်းမေးသော်။ မှူးတော်မတ်တော်တို့က ကင်းကြီးလိုက်လာကြောင်းကို လျှောက်ကြ၏။ ဘုန်းအာနုဘော်ကြောင့် မမှီနိုင်လျှင်။ သမီးလှရည် ၇-ပင်ထွက်ခန့်ရှိသော ထန်းတရပ်မျှ ခေါင်းအမြီးထောင်လျက် ခြေလက်ကားကား ပြု၍ ကြည့်မျှော်လိုက်၏။ အလောင်းစည်သူမင်းလည်း သင်းမျှသတ္တဝါသည် လှော်ယက်၍ ကားကား ခေါင်းအမြီးထောင်လျက် ပြဝံ့သည်ဆိုလေလျှင်။ ဟူးရားဖြူ ဟူးရားညိုမှူးမတ်တို့က။ ကင်း၏သဏ္ဌာန် လှေလုပ်၍ စီးတော်

မှုစေလိုသောကြောင့် ပြုခြင်းအကြောင်း ဖြစ်ပါသည် လျှောက်ကြလျှင်၊ ထိုကင်း၏ သဏ္ဌာန် လှေလုပ်သည်။ လှော်ယက်၍ကားကား။ ခေါင်းအမြီးထောင်လျက် ပြုံ့သည်ဆိုရင်း နိမိတ်ကုံအစွဲပြု၍ ထိုလှေကို လှော်ကားသမုတ်ခေါ်ဝေါ်လေသည်။

(၉၁) လက်သင်မှာ ကင်းငယ်သဏ္ဌာန်လုပ်ဆောင်သည်။ လက်သင်သမုတ်ခေါ်ဝေါ်ကြောင်းမှာ။ ရွှေထီးရွှေနန်းအဆက်ဆက် လှော်ကားတော်တွင် လှော်ရသည့် တက်ရေးသုံးဆဲ့ခုနစ်ချင်း။ ။ဘုရားရှိခိုး-၁။ရွှေလောင်းချိ ၂။ရွှေလောင်းထွက် ၃။ရွှေပေါင်ယှဉ် ၄။တက်ကောံ ၅၊ တက်မြှောက်-၆။ တက်တန်း-၇။တက်စောင့်-၈။ တက်ထောင်-၉။တက်ရှက်-၁၀။တက်ဖွက်-၁၁။တက်ခပ်- ၁၂ တက်လှ-၁၃။အိမ်မိုးခြင်တင်-၁၄။စင်ရော်သုတ်-၁၅။စင်ရော်ဝဲ-၁၆။ဝမ်းဘဲတောင်ဖြန့် - ၁၇။ဝမ်းဘဲကန့် - ၁၈။ လက်မြန်-၁၉။ခေါ်တော်မူ- ၂၀။နတ်သမီးပန်းခိုး-၂၁ နတ်သမီးပန်းဆွတ် ၂၂။နတ်သမီးပန်းလှမ်း ၂၃။နတ်သမီးပန်းတောင်း ၂၄။သန်လျက်ထမ်း ၂၅။ဆေးတော်ထိုး ၂၆။ ရာဇမတ်ကြီး ၂၇။ရာဇမတ်ငယ် ၂၈။နေရောင်ကာ ၂၉။ နေရောင်ပြ ၃၀။တင်းထိမ်ရံ ၃၁။ တင်းသိမ်လှစ် ၃၂။သုံးချက်ပေါက်မြန် ၃၃။စံပယ်ငုံ ၃၄။ဆင်စွယ်ဝန်းရှက်၃၅။ ကိန္နရာ တောင်ရှက် ၃၆။ရွှေငှက်တောင်ခတ် ၃၇။ တက်ချင်းတို့ကို လှော်ကားတော်သို့တက်၍ မလှော်မီအကြား။ ယင်းသည့်လှော်ချင်းများကို လက်တတ်အောင်

သင်ရသည့်လှေဖြစ်၍၊ ထိုကာင်းငယ်၏သဏ္ဌာန် လုပ်သည့်လှေကို လက်သင်လှေခေါ်ဝေါ်သရုတ်လေသည်။ လှော်ကားတော်လှော်သူ လှေသင်းသားတို့မှာလည်း။ ဦးထုပ်ရွှေ။ လက်ကျပ်ငွေ။ အဝတ်ပုဆိုးမှာအနီ။ ရှုးပန်း။ ဒက်ဒယက်ဆင်ယင်၍ လှော်ရသည်။ နောက် နောက်မင်းတို့လက်ထက် လှေသင်းသားတို့ကို ပေရင်းရွှာမှာ ချထားနေထိုင်ရသည်။ ဇေ့းစာဟောင်း များ၌လည်း။ ဦးထုပ်ကားရွှေ။ ငွေကား လက်ကျပ်။ နီလှပ်ဝတ်စား။ ပေရင်းသားတို့။ ရွှေပြားရိုးရဲ။ ရှုးဆွဲတက်လှ၊ ချလည်းတညီ။ ချီလည်းတသွတ်။ သတ်လည်းညီအောင်။ ဟန်ရေးဆောင်သည့်။ ဟူ၍စပ်ဆိုလေသည်။

(၉၂) သမ္ဗန်လှေမှာ ပဒိုက္ကယားမင်းကို ကျည်းကုလားတို့က ဆက်သည့်လှေဆိုသည်။ အဘိုးပေး၍ ဝယ်လိုက်သည်လည်းဆိုသည်။ ထိုသမ္ဗန်လှေကို ပဒိုက္ကယားမင်းတွင် စည်အလုံးလေးဆယ်ရသော မိဘုရားကြီးအားပေး၍ မိဘုရားစီးနင်းသည်။ ပဒိုက္ကယားမင်းက နော်ရထာမင်းစောအားဆက်၍ မိဘုရားမောင်းမမိသံတို့ စီးနင်းရသည်။ နောက်နောက်မင်းတို့လက်ထက် သဗ္ဗန်လှေကို မိဘုရားမင်း ကိုယ်လုပ်တို့သာ အစီးအနင်းများလေသည်။ သမ္ဗန်ခေါ်ဝေါ်ခြင်းသည် မာဂဓဘာသာဖြစ်၏။ မြန်မာပြန်လျှင် စပ်သည်ဆိုလိုသည်။ မိဘုရားမင်း ကိုယ်လုပ်တို့နှင့် စပ်သည့်လှေဆိုသည်။ တကြောင်းမှာလည်း တလိမ်းမထေး။ သစ်စေးမဖါ။ ကုလားရွာက။ ပါသည့်

လှေဟူ၍ လူကြီးသူအိုတို့ အစဉ်ပြောဆိုသည့် စကားကို ထောက်သျှင်။ တလိမ်းမထေး။ သစ်စေးမထည့်။ အုန်းဆံ မရိုက်။ပျဉ်ကိုပျဉ်ချင်း။ဖူးရဲသပ်နှက်၍ စေ့စပ်အောင်လုပ် သည့်လှေဖြစ်၍။ ထိုလှေကို သမ္ဗန်ခေါ်ဝေါ်သည်လည်းဆို သည်။ စကားနှစ်ချက်ပင် တော်သင့်သည်ယူရန်ရှိသည်။

(၉၃) သက္ကဒါနံလှေ၏အကြောင်းမှာ မလ္လာရကျွန်း သို့ အလောင်းစည်သူ ဖေါင်ဆိုက်သည့်နေ့၊ညဉ့်မိုးသော ယံ၌ အိပ်မက်မြင်သည်မှာ။ ထူးဆန်းသောအဝတ်တန် ဆာဆင်ယင်လျက် လူတယောက်သည် နီလာအရောင် အဆင်းနှင့်တူသောတိမ်ပြင်တွင် ငွေအဆင်းနှင့်တူသော အက္ခရာကိုးလုံးရေးသည်ကို မြင်မက်သည်။ ကိုးလုံးအက္ခ ရာတို့ကား။ စတုအဏ္ဏဝ သာမကန္တာ ဖြစ်သည်ဆိုသည်။ အချို့လည်း စဇအဏ္ဏဝ သာမတုဏ္ဏာ ဟူ၍လည်းဆို သည်။ အချို့လည်း အက္ခရာကိုးလုံးပီ စာနှစ်ကြောင်း ဖြစ်သည်ဆိုသည်။ စတုအဏ္ဏဝ သာမကန္တာ အက္ခရာ၏ အရမှာ၊ အင်းလေးအင်းခြံရံလျက် ရွှေသောသစ် ဆိုလို သည်။ စဇအဏ္ဏဝ သာမတုဏ္ဏာ အက္ခရာအရမှာ။ တန်း ခွန်နှင့်တူသောအင်း။ ရွှေသောနှုတ်သီးရှိသောငှက် ဆိုလို သည်။ နှစ်ကြောင်းနှစ်သွယ် အစဉ်ပြောဆိုလေသည်။ အ လောင်းစည်သူမင်းလည်း အိပ်မက်အကြောင်းကိုဟူးရား ဖြူဟူးရားညီတို့အားပြန်ပြောသျှင်၊ ယခင်ဆိုခဲ့သည့်စကား အတိုင်း နိမိတ်ဘတ်သျှောက်လေသော်၊ မင်းချင်းတို့ကို လွှတ်၍ ကြည့်ရှုရှာဖွေသည်တွင်၊ လျားသောအင်းလေး

အင်းခြံရံလျက် ထက်အောက်လုံးပတ် ညီညွတ်သောသစ်ပင်ထက်တွင် ဗွေသောနှုတ်သီးရှိသော ငှက်သည်သစ်ကိုင်းကို နှုတ်သီးဖြင့်ခေါက်၍ ကြွေးကြော်မြည်တမ်း၏။ ထိုသစ်ပင်၏ အသားအခေါက်တို့သည်လည်း ဗွေသောအဆင်းရှိသည်များကို သိမြင်ကြောင်းနှင့်လျောက်လေလျှင် ဟူးရားပြုဟူးရားညှိတို့လည်း လှေလုပ်၍ စီးတော်မူစေလိုသောကြောင့် သိကြားနတ်ဘို့ဒိပ်မက်ပြခြင်း။ သိကြားနတ်ပင် ငှက်အယောင်ဆောင်၍ ကြွေးကြော်ခြင်း ဖြစ်သည်လျှောက်လေသော်၊ ထိုသစ်ပင်ကိုဆောင်ယူ၍။ ထိုသစ်ပင်၌ အကိုင်းအခြောက်ပေါ်စရွက်နုသဏ္ဌာန်ဦးလုပ်သည်။ ရွက်ခင့်သဏ္ဌာန် ပဲ့လုပ်သည်။ ယင်းသည့်လှေသည် သိကြားပေး၍ရသည့်သစ်ကို လှေလုပ်လေသောကြောင့်။ ထိုလှေကိုသက္ကဒါနိသရုတ်ခေါ်ဝေါ်သည်။ သက္ကဒါန သိကြားပေးသည်ဆိုလိုသည်။ ဒိပ်မက်မြင်သည့်ကိုးလုံးအက္ခရာ စာနှစ်ကြောင်းဆိုသည့်စကားသည် အမှန်ယူရမည်။ စာကြောင်း အက္ခရာ ကိုးလုံးစီအရ အတိုင်းမှန်လေသည်။

(၉၄) ကုရုပ်လှေမှာ ရာမညတိုင်းသားတို့ ဘာသာခေါ်ဝေါ်ခြင်းဖြစ်သည်။ ပန်းကန်လုံးကို ရာမညတိုင်းသားတို့မှာ ခရွပ်ခေါ်ဝေါ်သည်။ ပန်းကန်လုံးကဲ့သို့ ဦးကအနိမ့်။ ပန်းကန်လုံးကဲ့သို့ ပဲ့ကအမြင့်လုံ့ပ်သည့် လှေဖြစ်သည်။ ရှည်လျား၍ စကားရွေ့လေလျှင်။ ကုရုပ်ခေါ်ဝေါ် ရေးသားလေသည်။

(၉၅) ဇလာကပင်လှေမှာ ရာမညတိုင်းသားတို့ အခေါ်ဖြစ်သည်။သေတ္တာကိုဇလာခေါ်သည်။ သင်းဘောကို ခပင်ခေါ်သည်။သင်းဘောသေတ္တာ တဘက်ရပ်ကဲ့သို့ဦးကား သင်းဘောသေတ္တာ တဘက်ရပ်သဏ္ဍာန် အနိမ့်။ ပဲ့ကားသင်းဘောသေတ္တာတဘက်ရပ်သဏ္ဍာန် အမြင့်လုပ်သည့်လှေဆိုလိုသည်။ တင်း၊စိတ်၊ပြည့်၊စလယ်တို့ကို ပျဉ်ကိုစပ်၍လုပ်လျှင်ဇလားခေါ်သည်။သေတ္တာစပ်စပ်သည်ကိုဇလားခေါ်ဝေါ်ခြင်းဖြစ်သည်။

(၉၆) ရဲလှေ၊ရဲတန်းခွန်၊ရဲကာ၏ အကြောင်းမှာ။ ဦးကား ဂန္ဓမာဒန တောင်ညွန့်သဏ္ဍာန် လှေကိုဘန်ဆင်းသည်။ တန်းခွမ်မှာ သုဒဿနမြို့ထိပ်သဏ္ဍာန်။ ဆင်ကမှာ ဧရာဝဏ်ဆင်၊ သုမိတ္တာဆင်ကို သိကြားမင်းစီးသည့်ကာလ ခင်းသည့်နေရာသဏ္ဍာန် ဘန်ဆင်း၍။ ရေကြောင်း၌လှေ။ ကြည်းကြောင်း၌တန်းခွန်။ ဆင်ယာဉ်၌ ရဲကစီးနင်းရန် ခမည်းတော် နေမင်းက သားတော်ပြူစောထီးအား ပေးအပ်သည်။ ပြူစောထီးလည်း လေးမြားစွဲလျက် ထိုလှေကိုစီး၍ ရဲရင့်ခြင်း။ထိုတန်းခွန်ကိုဆောက်၍ရဲရင့်ခြင်း။ ဆင်ပေါ်တွင် ထိုကာထက်နေ၍ ရဲရင့်ခြင်းရှိသည်ကို အကြောင်းပြု၍၊ ရဲလှေ။ ရဲတန်းခွန်။ ရဲကာဟူ၍ ခေါ်ဝေါ်သမုတ်လေသည်။ ပြူစောထီးမင်းလက်ထက် နိမိတ်ထင်လိုလျှင်။ ခမည်းတော်နေမင်းသည် နေဗိမာန်တွင် ရဲတန်းခွန်ရုပ်ထင်စေသည်ဟူ၍။ ပြူကအခစ၊ ကမ်းယံတိုင် ပြောဆိုသုံးစွဲလေ့ရှိကြောင်းကို ရခိုင်လူကြီးလူဟောင်းတို့ အခ

စဉ်ပြောဆိုသည်။ ရွှေသိမ်းရွှေနန်းအဆက်ဆက်ထွက်တော်မူလျှင် ရှေ့တော်က ရဲကန်းခွန်ဆောက်သည်။ တပ်ခင်းလျှင်လည်း ဆင်တော်မှာရဲကတင်၍ သေနတ်လုလင်စီးလေသည်။ ရေကြောင်းကလည်း ရဲလှေသမ္ဗန်ကတ္တူလွှမ်းကြွင်အစရှိသောလှေတို့ကို ခင်းကျင်းလိုက်ရသည်။

(၈၇) ပုဂံပြည်ဝယ် မင်းယဉ်နရသိင်္ခသည် ဝေဠုဝတီကိုယူလို၍ညီတော်နရပတိစည်သူကို ဆောင်ချမ်းအရပ်မှာ စစ်ပေါ်သည်ခန့်၍ ချီသွားရသည့်အခိုက်။ ဝေဠုဝတီအားယူကြောင်းကို မြင်းခံပြည့် မြင်းနှင့်အသျှော်လာသည်။ ညည့်အချိန်ဖြစ်၍ ချောင်းသဲပြင်ကို ရေမှတ်သောကြောင့် ပင်ပန်းသည်နှင့် တည့်အိပ်နေသည်ဘွင်ညည့်အခါ မြင်းတော်ဟီးသံကို မင်းသားနရပတိစည်သူကြားသျှင်။ ငါ၏မြင်းတော်အသံ ဧကန်မလွဲဆို၍မှီအုံးကိုလက်နှင့်ခတ်လေသော် အုံးပေါက်လေသည်။ ထိုအရပ်ကိုလည်း မလွဲအုံးပေါက်ဟူ၍ ယခုတိုင်ဘွင်ရှိသည်။ မိုးကောင်းမိုးညှင်းက လွှမ်းကြွင်ငှက်မိုမ ဆက်လာသည်ကိုနိမိတ်ယူ၍ အလွန်ဝမ်းမြောက်လေသည်။ လွှမ်းကြွင်ငှက်မိုမကိုလည်း လှေနှင့် လုံခြုံကောင်းမွန်အောင် ယူခဲ့ရသည်။ ဆောင်ယူခဲ့သည့်ကာလ ရံဘန်ရံခါကြည့်ရှုတော်မူလျှင် လွှမ်းကြွင်လှေကိုခေါ်၍ကြည့်ရသည်။ လွှမ်းကြွင်ငှက်ရှိစဉ်ကပင် လွှမ်းကြွင်လှေ ခေါ်တွင်လေသည်။ လွှမ်းကြွင်ငှက်မိုမ၏နိမိတ်ကိုဘတ်ယူသည့်အတိုင်းလည်း ဝေဠုဝတီနှင့် တွေ့ကြုံရပြန်သည်။ လွှမ်းကြွင်ငှက်မိုမ မရှိ

သည့်နေ့ခံ ထိုနိမိတ်ကိုထောက်၍ မပျောမတိမ်မမြုပ်စေခြင်းငှါ။ဦးကားလွှမ်းကြွင်ငှက်ဒုံမသဏ္ဌာန်ခြေနှစ်ဘက်။ ပဲ့ကား လွှမ်းကြွင်ငှက်အမြီးရှက်လျက် လုပ်ဆောင်လေသည်ဟူ၍ အစဉ်ပြောဆိုကြသည်။ တကြောင်းလည်း အလောင်းစည်သူမင်းသည် ဇမ္ဗူလှည့်လည်သည့်ကာလ နံ့သာကျွန်းတွင်လွှမ်းကြွင်ငှက်ဖမ်ကိုရ၍တိရိစ္ဆာန်သတ္တဝါတို့တွင် ထိုငှက်ကဲ့သို့မရှိ။လည်ချင်းရှက်လျက်နေသည်ကို စုံမက်တော်မူ၍ ထိုငှက်သဏ္ဌာန်လှေလုပ်သည်။ ထိုလှေကို မနာပလှေသမုတ်သည်ဟူ၍သုတနှင့်ပြည့်စုံသောသူတို့ပြောဆိုကြကုန်သည်။

(၉၈) ကတ္တူလှေအကြောင်းမှာ၊ ခတုလှေဟူ၍ ဆိုသည်။ ရာမညတိုင်းသားတို့ဘာသာ လကို ခတုခေါ်သည်။ လခဝန်းဖြစ်သော လ၏သဏ္ဌာန် ဦးပဲ့လုပ်သည့်လှေဆိုသည်။ ကမ်းယံပြည့်ကို သုပညာနဂရဆိန္ဒမင်းလုပ်ကြ၍ရလျှင်။ ရွှေကိုသွန်းလုပ်သည့် ဘုရားသခင် ရုပ်တုတော်ကို သဒ္ဒါကြည်ညိုလှသည်ဖြစ်သောကြောင့် လရှည်နှစ်ကြာ သရေခေတ္တရာပြည်သို့ မပြန်မလည်ရှိသည်နှင့်။ ဘုရားသခင် ရုပ်တုတော်ကို လှေနှင့်တင်ပြီးသျှင်လှည့်၍မော်ဓဂ်ရစ်ကို ဆောင်ယူမည် သုပညာနဂရမင်းကြီးတော်မူရာ။ ကတ္တူလှေသည် အခြားဝန်ကို များစွာဆောင်နိုင်သော်လည်း ဘုရားသခင့်ရုပ်တုတော်ကိုတင်

ဆောင်နိုင်မည်မဟုတ်ဟု မှူးမတ်ဗိုလ်ပါတို့သည် တိုင်ပင်
ညီညွတ်သဖြင့် အကြံကိုချော့၍ ဘုရားချပ်တုတော်၏
အောက်၌ တွင်းကြီးတူးလေသျှင်။ ဘုရားသခင် ချပ်တု
တော်လည်းယိုင်လေ၍။ ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်။
နေပြည်တော်သို့ ပြန်လည်တော်မူသင့်ကြောင်းကို နိမိတ်
ပြသည်ဟူ၍။ မီးဖြင့်သင်းဂြိုဟ်သည့်အဟာန်ဖိုကျင့်ထိုးစေ
၍ရွှေကိုဆောင်ယူခဲ့ရသည်။ လူဆိုးသူသွမ်းတို့ ဘုရားချပ်
ဝတ်ရွှေကို ကဲ့ဖှက်ခိုးယူကြ၍ သရေခေတ္တရာပြည်၌ရောင်း
ဝယ် သုံးဆောင်ကြလေသောကြောင့် မနှည်မကြာ သု
ပညာ နဂရဆိန္နမင်း လက်ထက် ပျက်ပြားလေသည်။
ကဿုလှေကို သုပညာနဂရဆိန္နမင်းလက်ထက် ခေါ်ဝေါ်
သမုတ်သည် ဆိုသည်။ ပညာရှိတို့ ဝိဂြိုဟ်ကြသည်မှာ။
ဘာရံကရော တိဝဟာတိတိကဿု။ ယာနာဝါ။အကြင်
လှေသည်။ ဘာရံ။ဝန်ကို။ကရောတိ။ဝဟာတိ။ ရွက်ဆောင်
တတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ကဿု၊ ကဿုမည်
၏။ ကဿုသာခနု ကိတ်ဝိဂြိုဟ်။ ကရဓါတ်။ တုပစ္စည်း
ကြိလေသည်။ ကဿုလှေသာဝန်ကိုဆောင်သည်မဟုတ်။
အခြားလှေလည်း ဝန်ကိုဆောင်သည်ပင်ဖြစ်သည်ဆိုရန်
ရှိသည်။ ဝိဂြိုဟ်သဘောသည်ထင်ရာကိုလိုက်၍ဆိုရခြင်း
ဖြစ်သည်။ ကဿုအမည်နှင့်လျော်စွာ ဝိဂြိုဟ်ပြုသည့်ယူ
ရမည်။ ပိန်းကောလှေကိုလည်းပညာရှိတို့ကြံကြသည်မှာ
ပိန္ဒံ ကရောတိတိပိန်းကော။ ယာနာဝါ။ သည်၊ ပိန္ဒံ ။လုံး
ထွင်းကို။ ကရောတိ။ပြုတတ်၏။ ဣတိတသ္မာ။ သို့လုံးထွင်း

ကိုပြုတတ်သော သတ္တဲကြောင့်။ သာနာဝါ၊ သည်၊ ပိန်း ကော၊ ပိန်းကောမည်၏။ ပိန္နပုဒ်၊ ကပဗ္ဗည်း။ ကရခတ် ကြီလေသည်ကို ထောက်လျှင်၊ ပိန်းကောခေါ်ဝေါ်ရေး သားသင့်သည်။ သို့သော်လည်း အခေါ်အသုံးများရာ လိုက်၍ပျဉ်းကော ခေါ်ဝေါ်ရေးသားလေသည်။

(၉၉) ခြသေ့၊ တိုး၊ ကရဝိက်၊ စာမရီ၊ ကျော်ပေါင် များမှာ တစင်းပေါင်ရဖြစ်သည် လုပ်မြဲတိုင်း သိသာ သည်။ ပဥ္စရူပပေါင်မှာ။ ဆင်နှာမောင်း၊ အစွယ်နှစ် ချောင်း၊ နွားလပို့၊ ငါးကြင်းအမြီး၊ တိုးချိုနှစ်ဘက်၊ လက် တဘက်၊ နောက်ပဲ့မြီးတိုးအမြီး၊ ခြေတဘက်၊ မြင်းနားနှစ် ဘက်လက်တဘက်၊ ခြေဘဘက်၊ လှော်ကားပဲ့။ ချပ်ပေါင်း ငါး။ ပဥ္စရူပပေါင်။

(၁၀၀) သတ္တရူပပေါင်မှာ။ ကရဝိက်နှုတ်သီး။ လည် ဆံ။ ဆင်အစွယ်နှစ်ချောင်း။ နှာမောင်း။ နွားလပို့။ ငါး ကြင်းအမြီး။ ကြက်တူရွေးအတောင်။ တိုးချိုနှစ်ဘက်။ လက်တဘက်။ နောက်ပဲ့မြီး တိုးအမြီး။ ခြေတဘက်။ မြင်း နားနှစ်ဘက်။ လက်တဘက်။ ခြေတဘက်။ လှော်ကား ပဲ့။ ချပ်ပေါင်းခုနစ်။ သတ္တရူပပေါင်။

(၁၀၁) နဝရူပပေါင်မှာ။ ကရဝိတ်နှုတ်သီး။ လည် ဆံ။ နွားလပို့။ ငါးကြင်းအမြီး။ ဆင်စွယ်နှစ်ချောင်း။ မ ကန်းနှာမောင်း။ သမင်ချိုနှစ်ဘက်။ ကြက်တူရွေး အ တောင်နှစ်ဘက် တိုးလက်တဘက်။ နောက်ပဲ့မြီး တိုးအ မြီး။ ခြေတဘက်။ မြင်းနားနှစ်ဘက်။ လက်တဘက်။ ခြေ

တဘက်။ လှော်ကားပွဲ။ ရပ်ပေါင်းကိုး။ နဝရူပပေါင်။

(၁၀၂) ဒသရူပပေါင်မှာ။ ခြသေ့်နှုတ်သီး။ အမေခံလည်ဆံ။ နောက်ပွဲမြီးတိုးအမြီး။ ခြေတဘက်။ လက်တဘက်။ နွားလပို။ ငါးကြင်းအမြီး။ တိုးလက်ဘဘက်။ မြင်းနားနှစ်ဘက်။ ခြေဘဘက်။ ဆင်အစွယ်နှစ်ချောင်း။ မကန်းနှာမောင်း။ သမင်ချိုနှစ်ဘက်။ ကျွဲချိုနှစ်ဘက်။ ကရဝိက်အတောင်နှစ်ဘက်လှော်ကားပွဲ။ ရပ်ပေါင်းတဆယ်။ ဒသရူပပေါင်။

(၁၀၃) ဒွါဒသ ရူပပေါင်မှာ၊ ခြသေ့်နှုတ်သီး၊ အမောက်၊ နောက်ပွဲမြီး တိုးအမြီး၊ ခြေတဘက်၊ နွားလပို့၊ ငါးကြင်းအမြီး၊ တိုးလက်ဘဘက်၊ ခြေတဘက်၊ မြင်းနားနှစ်ဘက်၊ ဆင်စွယ် နှစ်ချောင်း၊ မကန်းနှာမောင်း၊ ကရဝိက်အတောင် နှစ်ဘက်၊ သမင်ချို နှစ်ဘက်၊ ကျွဲချို နှစ်ဘက်၊ ကိန္နရာလက်နှစ်ဘက်ကဟန်၊ စာမရီလည်ဆံ၊ လှော်ကားပွဲ၊ ရပ်ပေါင်းတဆဲ့နှစ်၊ ဒွါဒသရူပပေါင်။

(၁၀၄) လက်ရွေးကြီးလှော်ကား၊ အလျား ဆဲ့ရှစ်လံ၊ လှေဝရှစ်တောင်၊ ရွှေပိန်း။ ။လက်သစ်လှော်ကား၊ အလျားတဆဲ့ရှစ်လံ၊ လှေဝရှစ်တောင်၊ ရွှေပိန်း။ ။ပြည်လုံးအံ့လှော်ကား၊ အလျား တဆဲ့ခုနစ်လံ၊ လှေဝ ခုနစ်တောင်၊ ရွှေပိန်း။ ။ပြည်လုံးကျော်လှော်ကား၊ အလျား တဆဲ့ခုနစ်လံ၊ လှေဝခုနစ်တောင်၊ ရွှေပိန်း။ ပြည်လုံးရလှော်ကား၊ အလျားတဆဲ့ခုနစ်လံ၊ လှေဝခုနစ်တောင်၊ ရွှေပိန်း။ သုရာငါးကြင်းရပ်လှော်ကား၊ အလျားတဆဲ့နှစ်လံ၊ လှေဝ

ငါးတောင်၊ ရွှေပိန်း။ ။ကိန္နရာစက်လှော်ကား၊ အလျား
တဆဲ့ငါးလံ၊ လှေဝငါးတောင်၊ ရွှေပိန်း။ ။ကိန္နရီလှော်
ကား၊ အလျားတဆဲ့ငါးလံ၊ လှေဝငါးတောင်၊ ရွှေပိန်း။
ထွက်တိုင်းရလှော်ကား၊ အလျားတဆဲ့ငါးလံ၊ လှေဝငါး
တောင်၊ ရွှေပိန်း ။စက်နှဲလှော်ကား။ အလျားတဆဲ့
ခြောက်လံ။ လှေဝငါးတောင်။ ရွှေပိန်း။ရွှေတံငါလှော်ကား
အလျား တဆဲ့ခြောက်လံ။ လှေဝငါးတောင်။ ရွှေပိန်း။
ကျွဲချပ်လှော်ကား၊ အလျားတဆဲ့ခြောက်လံ။ လှေဝငါး
တောင်၊ ရွှေပိန်း။ ။ရန်နိုင်လှော်ကား။ အလျားတဆဲ့ငါး
လံ။ လှေဝငါးတောင်။ ရွှေပိန်း။ ။ပွဲတိုင်းကျော်လှော်
ကား။ အလျားတဆဲ့ငါးလံ။ လှေဝငါးတောင်။ရွှေပိန်း။
မင်းတရား စက်ကြီးလှော်ကား။ အလျားတဆဲ့ငါးလံ။
လှေဝ ငါးတောင်။ ရွှေပိန်း။ ။ဘုန်းတော် နိုင်ငံတော်
လှော်ကား။ အလျားတဆဲ့ငါးလံ။ လှေဝငါးတောင်။ ရွှေ
ပိန်း။ ။ပဲခူးနိုင်ငံလှော်ကား။အလျားတဆဲ့ငါးလံ။ လှေ
ဝငါးတောင်။ ရွှေပိန်း။ ။အခင်းမလှော်ကား။ အလျား
တဆဲ့ငါးလံ။ လှေဝငါးတောင်။ မြွှေဝမ်း။ ။စစ်လျှင်
လှော်ကား။ အလျားတဆဲ့ငါးလံ။လှေဝငါးတောင်။စက်
ငှက်ပျံ။ ။ပွဲသုံးတင်လှော်ကား။ အလျားတဆဲ့ငါးလံ။
လှေဝ ငါးတောင်။ ရွှေငက်ငက်ပျံ။ ။တွေ့တိုင်းအောင်
လှော်ကား။ အလျားတဆဲ့ငါးလံ။လှေဝငါးတောင်။ စက်
ငှက်ပျံ။ ။ပွဲဘိုင်းအောင်လှော်ကား။ အလျားတဆဲ့ငါး
လံ။ လှေဝငါးတောင်။ စက်ကိန္နရာ။ ။မြစ်ဘွင်း ရန်နိုင်

လှေ်ကား။အလျားတဆဲ့ငါးလံ။ လှေဝငါးတောင်။စက် ကိန္နရာ။ ။သူရဲတုလွတ်လှေ်ကား။ အလျားတဆဲ့ငါး လံ။ လှေဝငါးတောင်။ စက်တိုး။ ။တွေ့တိုင်းဝင်လှေ် ကား။အလျားတဆဲ့ငါးလံ။ လှေဝငါးတောင်။စက်နဂါး။ သလွန်ပြူလှေ်ကား။ အလျားတဆဲ့ငါးလံ။ လှေဝငါး တောင်။ စက်အာနို။ ။ဇင်းမယ်အင်းမလှေ်ကား။ အ လျားတဆဲ့ငါးလံ လှေဝငါးတောင်။စက်အာနို။ ။ပြည် အင်းမ လှေ်ကား။ အလျား တဆဲ့ငါးလံ။ လှေဝ ငါး တောင်။ စက်ဝန်း။ ။မြဲတရော်လှေ်ကား။ အလျားတ ဆဲ့ငါးလံ။ လှေဝငါးတောင်။အာနို။ ။သမြို့လှေ်ကား အလျားတဆဲ့ငါးလံ။လှေဝငါးတောင်။ အာနို။ ။(လှေ စုဖေါင်စုတို့မှာ။ လှေတော်လေးစင်းအခြင်းစကားကိုဆို ပြီးဖြစ်၍။ စကားအလျဥ်းသင့်လေသောကြောင့်။ ယထာ သင်္ချာနည်းအားဖြင့် ဆိုရခြင်းဖြစ်သည်။)

(၁၀၅) အာဒိဝစနအစဆိုရင်းက၊ ရာဇပလ္လင် ရှစ် မျိုးလုပ်ငုံးရှိသည်။ မာရဘင်ကန့်၍ရာဇပလ္လင်ထည့်သည် ဆိုခဲ့သမျှ စကားသည် စီလျဥ်စပ်လျဥ်းသမျှ များစွာဆို လျှင်၊ တဥ္စာနကကိုကဥ္စာနကူး၍ အလှမ်းအကမ်းဝေးလံ ခြင်း၊ စကားအဆက် ရှည်လျားမည် ဖြစ်သောကြောင့်၊ ဆက်မိချုံမျှ ဆိုခဲ့သည့်စကားကို ရတနာရွှေပြားတွင် ပတ္တ မြားကျောက်ရိပ်စိပ်သော ဇလွန်ခြံရုံလျက် ကမွတ်သတ် သကဲ့သို့မိဂပဒဝလဉ္ဇနနည်းအားဖြင့်ဆိုပြန်အံ့။ ရာဇပလ္လင် လုပ်ရိုး၌၊ သီဟ,ဘမရ,ဟံသာ,မောရ,သင်,ဟတ္ထိ,မိဂ,

ပဒုမာ, ၄၈စ်မျိုးတွင် တဆဲ့ခြောက်တောင် ရှိသောမဟာပလ္လက်၊ ၅၈စ်တောင်ရှိသောမဇ္ဈိမပလ္လက်၊ လေးတောင်ရှိသောစူဠပလ္လက်၊ လုပ်နည်း၅စ်မျိုး, လုပ်ဂုံး သုံးပါးရှိရာ၊ ခြင်္သေ့,ဆင်ချို,လောကနတ်, ဒေါင်းယပ်, ဆင်နား,တံခါးတိုင်,သိကြား, ကိန္နရာ, သမ္ဘာဒေဝ, ရှူးကြာ, ဦးဆောက်ပန်း၊တဆဲ့နှစ်နေရာတို့ဖြင့်လုပ်ဆောင်၍၊ ပြာသာဒ်တော်ရွှေလွှတ်တော်ဝယ် တည်ထားသည့် ရာဇပလ္လင်သည် မာရအောင်ကိုကာပ်၍တခြမ်းသာရှိသည်။ ဘုရားသခင်နေတော်မူသောအပရာဇိတပလ္လင်တော်သည် မာရ်နတ်စစ်ရောက်သည့်ကာလ၊ ရှေ့နောက် လက်ဝဲလက်ျာ မာရ်စစ်သည်တို့တက်မည်ရှိသော်လည်း၊ကုသိုလ်ကံတော်ကြောင့် မတက်နိုင်ရှိသည်ကို ထောက်လျှင်၊ ဗောဓိပလ္လင်၌ ကပ်သည့်ပလ္လင်တော် တခြမ်းမဟုတ်၊ ပလ္လင်အလုံးဖြစ်ကြောင်းကိုသိသာရသည်။

(၁၀၆) မင်းတို့စံပယ်သည့်ရာဇပလ္လင်သည် မာရအောင်မှာကပ်၍ တခြမ်းသာ လုပ်ဆောင်လေသည်ကို ထောက်လျှင်၊ ဝန်ခံသောအမှုကို ဂရုမပြုလေသောကြောင့်၊ ရှေးရှေးသောမင်းတို့လက်ထက် ပလ္လင်ထိပ်၌ နေခြင်းကို မအောက်မေ့မှု၍၊ အတွင်းကသလွန်တည်လျက် ပလ္လင်တခြမ်းသာလုပ်လေသည်။ မာရအောင်မှာပလ္လင်ကပ်၍တခြမ်းသာမြင်ရသည်မှာ လဆန်း၄စ်ရက်လသည် ထက်ဝက်သောအရေးကို မြင်ရသည်ကိုလည်း ယူသာမည် မဟုတ်။ အလုပ်သင့်သဖြင့် မာရအောင်ကန့်သောကြောင့်လုပ်သည်။

ဥပမာဆောင်၍ ဆိုပြန်လေသည်။ အောက်ကဆိုခဲ့သည့် စကားတွင်ဟောင်းသာဟောင်း၍ မကောင်းသည်။ သစ် သာသစ်၍မဖြစ်။ ဆိုခဲ့သည့်စကားအတိုင်း၊ လဗ်မာန်တွင် ယုန်ချပ် ရှိသည်။ ကပ္ပဒွိတ်လေးပါးတွင် တပါးဖြစ်သည် ကို နေမိမာန်တွင် ဒေါင်းချပ်ရှိဟန် ရေးသားသောအရာ သည် ကျမ်းဂန် မလာမပါမရှိ။ အစဉ် သုံးစွဲလေသော ကြောင့်၊ နောက်နောက်လူတို့ အစဉ်ရေးသားခြင်း ဖြစ် လေသည်။ အကြောင်းကို ရှာလျှင်၊ ဥဒေါင်းမင်းသည် နံနက်ကို ဥဒေတယ်၊ ညကို အပေတယံ၊ သစ္စာပြုသဖြင့် ဘေးလွတ်ခြင်းကိုအကြောင်းပြု၍ နေမိမာန်တွင် ဒေါင်း ချပ် ရေးသားလေသည်သာ ယူရန်ရှိသည်။ နေလကြွတ် သည်ကို ပုတ်ဘမ်းသည်ဆိုသည့်စကားသည် ဟောင်း သာဟောင်း၍ မကောင်းသော စကားသို့ ရောက်လေ သည်။ ။မင်းအဆက်ဆက်ထွက်တော်မူသည့် စာတမ်း များ ႏ္ငင် စစ်အင်္ဂါလေးပါး ခင်းကျင်းသည့်ဟုဆိုသည်။ စာတမ်းများတွင် ဆိုသော်လည်းရထားမပါ။ ဆင်,မြင်း, ခြေသည်, သုံးပါးသာ ခင်းကြောင်းကို မျက်မြင်မင်းအ ဆက်ဆက်ခိုသသူ အများပင်ရှိသည်။ အမရပူရရွှေပြည် ရွှေနန်းကို တည်ထောင်စိုးအုပ်စံပယ်တော်မူ၍ အမင်းမင်း တို့၏ အသျှင်ဖြစ်တော်မူသောဘုရားရွှေလက်ထက်တော် တွင်မှ စတုရင်စစ်အင်္ဂါလေးပါး ကျမ်းဂန်ရှိသည့်အတိုင်း ရထားအင်္ဂါပါပြည့်စုံလေသည်ကိုထောက်၍၊ ရာဇပလ္လင် တခြမ်းသာရှိသည်မှာကာလရှည်လျားစွာမကြိမစည့်၊ အ

မှတ်မဲ့ ဆရာစဉ် လုပ်လေသောကြောင့် လုပ်သင့်ရာလုပ်ဆောင်ခြင်းသာဖြစ်သည်။ ရာဇပလ္လင် အလုံးတွင် မာရဘင်တိုက်၍ ဥကင်မှတ်ဦးသို့တဝက်၊ အဘွင်းသို့တဝက် လုပ်ဟန်ရှိသည်။ ရှေ့တဝက်မှာလည်း မင်းညီမင်းသား, စော်ဘွား ယံးဆောင်း, မှူးပေါင်းမတ်ရာ, ကန်တော့ပူဇော် ဖူးမြော်မြင်ရာဖြစ်သည်။ နောက်တဝက်မှာလည်း အသျှင်မိဘုရား သုံးခြားသုံးသွယ်မှစ၍ကတော်မယားတို့ ကန်တော့ပူဇော် ဖူးမြော်မြင်ရာ ဖြစ်သည်။ ပလ္လင်အလုံးလည်း ဖြစ်လေတော့သည်။ မာရဘင်ကန့်၍ လုပ်ဆောင်လေသည်။ သို့ရာဘွင်အောက်ကဆိုခဲ့သည့် စကားနှင့်ရှေးအစဉ်လည်းမပျက်။ အစိုးရသောအသျှင် ဗုဒ္ဓနှလုံးတော်နှစ်သက်တော်မူရာထုံး ဖြစ်စေသင့်သည် ဆိုရင်းစကားအတိုင်းသာ မူလဖြစ်သည်။ ။ဧကရာဇ်မင်းမြတ်စံပယ်တော်မူရာ, ရာဇပလ္လင်ထိပ်ပြင်ဖြစ်၍၊ ရာဇပလ္လင်ဒိဗ္ဗမင်္ဂလာကြီးပင် ဖြစ်သည်။ မာရဘင်ခေါ်ဝေါ်ခြင်း အကြောင်းလည်း မာရဘင်္ဂဆိုလိုသည်။ မာရဘင်္ဂဆိုကြောင်းလည်း မာရ်ကိုချိုးဖဲ့ဖျက်ဆီးသည်ဆိုသည်။ မာရ်ကို ချိုးဖဲ့ဖျက်ဆီးသည်ဆိုကြောင်းလည်း မာရဘင်အဆီးအကန့်မသန့်ချောင် မြင်သာသိလွယ်သာသည်။ မာရဘင် အဆီးအကန့်သန့်လျှင် ရန်မာရ်စသည်ခလွယ်မကူ ခဲခက်ခြင်းသို့ရောက်လေသောကြောင့် ကြံအပ်သော နုစိန္တာ၊ နုကြံယာ၊ ရန်မာရ်တို့ကိုချိုးဖဲ့ဖျက်ဆီးသည်မည်လေသည်။ မာနမဟုတ်။ မာရဖြစ်၍ မာရ်နတ်ကိုချိုးဖဲ့သည် စကားရောက်သည်မှာ

ထိုအဆီးအကန့်သည် ဘုရားသခင်ချပ်တုတော်, ဆင်းတုတော်မှိုရာ၊ မာရ်နတ်ကိုအောင်မြင်ခြင်း၊ချီးပွဲခြင်း၊အရေးအသားတို့ကို ထိုအဆီးအကန့်တို့၌ ရေးသားလေသောကြောင့် မာရဘင်ခေါ်ဝေါ်သမုတ်လေသည်။ ဤကိုအစွဲပြု၍လည်း ဆီးကန့်သမျှကို မာရဘင် ခေါ်ဝေါ်သမုတ်သည်ယူရန်ရှိသည်။

★☆★

ယူဇနာတသောင်းရှိသော တာဝတိံသာနတ်ပြည်ကဲ့သို့၊ မန္တလေးရွှေတောင်အမည်ရှိသော ဘုမိနတ်သနံ့မြေထက်၊ သုဒဿနမြို့ကဲ့သို့ အမရပူရအမည်ရှိသော မြို့တော်သည်ရင်း၊ စိတ္တကုန်အစရှိသောတံခါးကဲ့သို့။ လေးကျွန်း။ ဦးနှမ်။ သိမ်းဆည်း။ ကျွန်းလုံးဝင်။ ကုန်းမော်။ နန္ဒမူ။ အာဋ္ဌဝီ။ စည့်ဥင်။ ရန်နှင်။ ရန့်မျိုးအောင်။ လေးသိန်း။ မှတ်ဦး မော်ကွန်းကမ္ပည်းတပ်သော လေးရပ်သုံးမည့်လှည့်လည်သော ၁၂ တံခါးတို့သည်ရင်း၊ တံခါးပြ။ မြို့ထောင့်ပြ။ မြို့တန်ဆောင်း အစရှိသည့်တို့ဖြင့် သာယာဆန်းကြယ်။ ကြီးငယ်နိမ့်မြင့်။ တင့်တယ်သျောက်ပတ်စွာတန်ဆာဆင်အပ်သော ပြလက်ရန်းတည်းဟူသော နရန်းတို့သည်ရင်း။ နရန်းအထက် ခိုင်ခန့်စွာ ခင်းထားလျက်။ လက်ရန်းတပ်သော ပစ္စက်တို့သည်ရင်း။ နရန်းရှေ့လွှတ်ထားသော ရင်သျှောက်တို့သည်ရင်း။တံခါးတိုင်း၌ဖြောင့်မတ်စွာသျှောက်သန်းသော ရှောင်ဆွဲတို့သည်ရင်း။တံခါး

တိုင်၌ဘီလာသန်း၍ လျောက်ပတ်စွာသောနဖါးတို့သည် ရင်း။ ထိုရှောင်ဆွဲနဖါးတို့၌ ဖုံးဘိအပ်သော နဝရတ်တို့ သည်ရင်း၊ တံခါးပြင်၌ သုံးဆင့်လျှိုသော ရင်တားတို့ သည်ရင်း။ တံခါးအတွင်း၌ သုံးတန့်လျှိုသောရက်ဘောင် တို့သည်ရင်း။ တံခါးရွက်နှစ်ဘက်၌ သံကွင်း တပ်သော ကျည်းလျှိုသည်ရင်း။ မင်းတုပ်တို့သည်ရင်း။ တံခါးအ တွင်း၌ စိုက်ရန်လိုခါရအောင် စုပုံထားသော တုရိုဏ်း တိုင်တို့သည်ရင်း။အဝင်လက်ျာ၊ အထွက်လက်ဝဲဘက်က သွားလာခြင်း၌မလွယ်မကူ။ လှည့်လည်သွားလာရသော မလွယ်ပေါက်တို့သည်ရင်း။ တံခါးပြင်ကျုံးနဖူး၌ အခုတ် ဖြင့် စီအပ်သော ရွက်ကာတို့သည်ရင်း။ ချိုင့်ဝှမ်းနက် ကျယ်စွာ၊ နို့ပြင့်နှစ်ဆင့်ခတ်အပ်သော ပတ်လည်ကျုံး တို့သည်ရင်း။ မြို့ဝပ်အပြင်၌ သူရဲသူခက်တို့ သွားလာရာ ဖြစ်သော သူရဲပြေး တို့သည်ရင်း။ သူရဲသူခက်တို့ မှီခိုရာ ဖြစ်သော သူရဲခိုတို့သည်ရင်း။ သူရဲခို ၁၀ လုံးအကြား အလုံး ၂၀ အကြားတို့၌ မီးထည့်ရန် ပေါင်းကူး၍လုပ် သော ပေါင်းဖျဉ်းတို့သည်ရင်း။ သူရဲခိုတို့၌ တူရှုဘောက် သော ပြောင်းပေါက်တို့သည်ရင်း။ သူရဲခိုတို့၌ ဘီလာ ဘောင်သောကာဆွဲပေါက်တို့သည်ရင်း။သူရဲခိုအကြားတို့ ၌ကာရံထားအပ်သော သူရဲကာတို့သည်ရင်း။ ရွှေမြို့တော် အလယ်၌ လေးမျက်နှာကာရံအပ်သော ကျုံးလုံးအောင် မြေ အမည်ရှိသော နန်းမြို့တော်သည်ရင်း။ ဝေဇယန္တာ ပြာသာဒ်နန်းကဲ့သို့ အောင်နန်းစံရာ အမည်ရှိသော အ

ဆောင်ဆောင်သော ရွှေသားမှန် ခြယ်နန်းတော်သည့်ရင်း နတ်ပြည်နှစ်ထပ်ကို အုပ်ချုပ်လျက် သုံးကျိပ်နှစ်ပါးသော သိကြားတို့ကိုအစိုးရသော ဒေဝိန္ဒရာဇာ အမည်ရှိသော သိကြားမင်းကဲ့သို့ အပြည်ပြည်ထောင်မင်းတို့၏ အထွတ်ဖြစ်တော်မူ၍။ အမင်းမင်းတို့ မဆက်ဆံနိုင်သော မုဒ္ဓါဘိသေကကိုခံတော်မူသဖြင့်။ သီရိပဝရတိလောက ပဏ္ဍိတ မဟာဓမ္မရာဇာ။ တံဆိပ်နာမံတော်ရှိတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးသည် ဝေဇယန္တာနန်းထက်။ သုဇာတာ၊ သုနန္ဒာ၊ သုဓမ္မာ၊ သုစိတ္တာ။ အနန္တာရဒေဝီ၊ အစရှိသောနတ်မိဘုရားတို့ဖြင့် ခြံရံသကဲ့သို့။ ဘောင်နန်းညာတင် အသျှင်မိဘုရားခေါင်ကြီး။ နန်းတော်အဆောင်တော်မှ၍သမုတ်အပ်သော အသျှင် မိဘုရားကြီး။ ဒေဝီဘွဲ့နာမံရှိသော အသျှင်မိဘုရားလတ်။ မဟေသီဘွဲ့နာမံအမည်ရှိသော အသျှင်။မိဘုရားငယ်။ ဝတီဘွဲ့နာမံရှိသော ကိုယ်လုပ်တော်ကြီး။ သီရိဘွဲ့နာမံရှိသော ကိုယ်လုပ်တော်လတ်။ မင်းတပ်၍ ခေါ်ဝေါ်အပ်သော နှစ်လုံးသောအက္ခရာ။သုံးလုံးသောအက္ခရာ။ ဘွဲ့နာမံရှိသော ကိုယ်လုပ်တော်ငယ်။ သုံးသွယ် သုံးခြားတို့ဖြင့် ခြံရံစံပယ်တော်မူလျက်။ မင်းတို့ကျင့်ရသော လောကီလောကုတ္တရာ တရားတို့ကို ကျင့်ဆောင်တော်မူ၍။ သက်တော်ရာကျော် ရှည်တော်မူသဖြင့်။ သာသနာတော်စီးပွား။ ကိုယ်တော်မြတ်စီးပွား။ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်

စီးပွား။ တိုင်းသားပြည်သူ လူသတ္တဝါတို့၏စီးပွားကို နေ့ညမပြတ် ရွက်ဆောင်တော်မူ၍။ သတ္တရတနာတို့သည် လန့်စမကြွ ဆောစွာရောက်မည်။ ကောင်းကျိုးမင်္ဂလာ စုဝေးရာဖြစ်သော ဘုရင့်ရွှေလက်ထက်တော်၌ ပြည့်စုံထင်ရှားသည်များကို ဆိုရာဆိုကြောင်း။ မှတ်ရာ မှတ်ကြောင်းဖြစ်သော ရွှေဘုံနိဒါန်းစာစောင်သည်။ ကမ္ဘာပတ်လုံးတည်သော ကပ္ပရုက္ခပင်ကြီးလေးပါးကဲ့သို့။ သုဝဏ္ဏဂိမာန နိဒါနတံဆိပ်ခတ်သဖြင့်။ သိရိလက္ခ မာဃာတော ယော။ သာသနာတော် ၂၃၂၇-ခုနှစ်။ ကောဇာ သက္ကရာဇ် ၁၁၄၅-ခုနှစ်ရောက်သောကာလ၌။ ဝနပ္ပဂုမ္ဘေယ ထာဗုသိတ္တေ ဂိမှာနမသေပဍ္ဍမသိင်္ဂမှေ။ ပါဠိတော်ရှိသည်နှင့်အညီ။တောအုပ်သစ်ပင်တို့သည် အရင်းမှအဖျားသို့ အရသာတက်သော ဂိမှာန်အစ။ ပဌမဖြစ်သော တပေါင်းလဆန်း ၂-ရက် စနေနေ့။ နေတက်နံနက်တချက်တီးအခါ၌ ရွှေဘုန်းတော်ကိုရိုသျှ၍ မပင်မပန်း ရေးသားပြီးပြည့်စုံ၏။

★

လက်ာသုံးမည်။ သိနားလည်လျက်။ မွေးကြည်မဍ္ဍူ။ နှုတ်လှိုင်ကြူဖြင့်။ဇမ္ဗူနဒ။ ဟိရညနှင့်။ ဟေမအာနုံ။ စာမီကရ။ အညမတ္တ။ နာလာရိက။ နာလိမုတ္တာ။ ရတနာရွှေသား။ အပါးပါးကို။ စုထားနှီးရော။ စပ်နှောကြည်လင်။ ခြားမထင်သို့။ ဗေဒင်ကျမ်းဂန်။ ထုံးမှန်တန္တု။ ဝဏ္ဏပုံပြင်။ ရာဇဝင်ပေါင်း။ စကားဟောင်းတည့်။ အကြောင်း

သင့်ရာ။ ရွေးချယ်ငှာ၍။ မဏ္ဍာသီရိုး။ ပုလဲကုံးနှင့်။ဘုံလုံး
ရောင်ဝှန်။ လဗိမာန်ဝယ်။ သဏ္ဌာန်ကွေးကွေး။ စက်အခ
ရေးသည်။ ရှည်ဝေးများစွာ။ ကမ္ဘာခိုင်ကျည်။ ကပ်လုံး
တည်သို့။ အမည်ဘောင်ထုတ်။ သမုတ်နာမံ။ထုံးစံဖြစ်စေ။
ရေးထားပေအံ့။ သံခြေနှုတ်ယဉ်။ ပဋိညာဉ်ဖြင့်။ ဗိလျဉ်
ချို့နွဲ့။ ဆိုခဲ့သည့်တိုင်း။ အလှိုင်းပြောကျယ်။ မြစ်ပင်လယ်
သည်။ အနွံ့ဘွယ်ရှစ်ပါး။ ရှိသောလားတည့်။ မှတ်သားလို
ခါ။ သုံးရာစေ့ပုံ။ မင်းရေးကုံသား။ ရွှေဘုံနိဒါန်း။ မော်
ကွန်းစိုက်ထောင်။ သည်စာစောင်မှု။ အခေါင်စိုးအုပ်။
ကျွန်းလုံးချုပ်သည်။ ကျွန်နှိပ်ဝပ်ပန်း။ ဗောဓိရန်သျှင်။ဖလ်
မှန်ခြယ်သန်း။ ဆောင်ဆောင်နန်းထက်။ဆယ်ပန်းပွင့်ပွင့်။
လေးဆင့်သင်္ဂဟာ။ သတ္တအပရိဟာ။ဆောင်ရွက်ကာနှင့်။
ခန္ဓာသက်ဘော်။ ရာမြတ်ကျော်အောင်။ ထွန်းပေါ်နေ
လ။ နှစ်စုံပသို့။ တေဇတက်ကိုး။ တန်းခိုးတက်ဖြာ။အာ
ဏာတက်ပြန်း။ ရွှေဘုန်းတက်လန်း။ အဆန်းဆန်းတည့်။
တောင်ကျွန်းအစ။ သုံးဒီပနှင့်။ ဒေဝနတ်ရပ်။ နှစ်ထပ်ဗိုင်
စိုး။ မိုးမည်သီလ၊ မြတ်ပုညကြောင့်၊သတ္တရတနာ၊ရက်
မကြာသျှင်၊ ရောက်လှာတော့မည်။ ညွန့်ရှည် ကောင်း
ဟိတ်၊ နိမိတ်သြဘာ၊ မင်္ဂလာဖြင့်၊ သမ္ဘာနတ်တော်၊
ပင့်နှိုးဆော်၍၊ ထင်ပေါ်ရွှန်းရွှန်း၊ ဘုန်းကြောင့် ထွန်း
သည်၊ ရွှေနန်းရွှေဘုံလက်သုံးတည်း။

ရွှေဘုံနိဒါန်းဤတွင်ပြီး၏။

☆ ဇွဲစာပေရိပ်မြုံ ☆

အမှတ်၊ ၁၉၅၊ ၃၃ လမ်း၊ အိပ်ဆယ်စီရာအနီး၊ ရန်ကုန်မြို့

★ ★ ★

ဆရာကြီး ဦးကျော်တင့်ဘီအေနှင့် အမ် - ဘသောင်း

တို့ရေးသားဖြေဆိုထားသော

ကျောင်းသုံးဖတ်စာ - နယူးစတာဒီ အဖြေများ

☆ နယူးစတာဒီပရိုင်မာနှင့် ရီဒါဝမ်းအဖြေ ၁ - ၅၀ ပြားစီ ။

☆ နယူးစတာဒီရီဒါတူးနှင့် သရီးအဖြေ ၂ - ၅၀ ပြားစီ ။

☆ ကွန်ပိုဇီးရှင်းဝစ်သောက်ထရာဘယ်တူးအဖြေ ၅ - ကျပ် ။

☆ ကောလိပ်သုံး ရွှေဘုံနိဒါန်းတအုပ် ၃ - ကျပ် ။

သတင်းစာဆရာ ဦးသိမ်းမောင်ရေးသော

☆ အင်ဒိုချိုင်းနားအရေး (ကျော်ပုဂံ) ကိုယ်တွေ့ ယိုးဒယား။ ရာဇသင်္ကြန်။ ပန်တော်ဦး။ (သူ့ရဲကောင်း အလောင်းဘုရား။ ဗန္ဓုလ။ မင်းရဲကျော်စွာ။ ဘုရင့်နောင် ပုဂံခေတ်ယဉ်ကျေးမှု ။ စာအုပ်ကောင်းများ။

လျှပ်စစ်မေဒင်ဦးအုန်းသင်ရေးသော

နက္ခတ်မေဒင်မူရင်းကျမ်း - ၁၀ ကျပ် ။

ပြည်ကြီးမဏ္ဍိုင်၊ မဟာဝိဇ္ဇာ။ နယ်ဉ်။ ဦးညွှန့်တင်။ လှသမိန်။ ဦးလှမောင် ဒေါ်တင်တင်မြင့်။ ဦးဘသောင်းတို့၏စာအုပ် စာတမ်းများနှင့်၊ ကျောင်းသုံးအစုံရောင်းချပါသည် ။